www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ဦးညို

# အချစ်နှင့် စစ်ဖြစ်ကြသူများ



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၂၅၄၁၀၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၅၃၃၁၂၀၇ |
| ထုတ်ဝေသူ | - ဦးကျော်ဆန်း (မြ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ် (၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | - ဦးဇော်မင်းဓနေး (မြ-၀၇၁၂၅) |
| အတွင်းပုံနှိပ်သူ | ဇော်ပုံနှိပ်တိုက်<br>(၁၈၆)၊ အင်ကြင်းမြိုင်လမ်း၊<br>(၂၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊<br>မတ်လ။ |
| အုပ်ရေ | - ၅၀၀ အုပ် |
| တန်ဖိုး | - ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - ဖိုးထပြည့်စာပေ<br>အမှတ် (၂၂၃)၊ စီ-၄၊ ၃၁လမ်း<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>☎ - 095163764 |

www.burmeseclassic.com

# ချစ်မျှားရှင်

## အချစ်နို့ဝဝ်ပြဖ်ကြသူများ

www.burmeseclassic.com

မိုးလပြည့်စာပေ
အမှတ် (၂၇)၊ အခန်း (C-4)
(၃၁)လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း — ၀၉၅၅၁၆၃၇၆၄

www.burmeseclassic.com

## အခန်း (၁)

"ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်းမပြောချင်ပါဘူး။ ပြော လို့ပြောတာမဟုတ်ဘူး။ ယောကျ်ားတွေက ကောင်းကိုမကောင်းဘူး"

"ဟဲ့. . . ခင်သဇင်. . . မပြောချင်ဘူးဆိုပြီး ရှင့်ဟာက ပြောပြီး နေပြီလေ"

"ပြောပြီးလဲမတတ်နိုင်ဘူး မော်လီရေ ပုထုဇဉ်ယောကျ်ားမှန်ရင် တစ်ယောက်မှကောင်းတာမရှိဘူး. . . ဟွန့်"

မြို့ထဲဘက်ကိုသွားနေတဲ့ ဘတ်(စ်)ကားလူကျပ်ကျပ်ကြီးကြားထဲက ထွက်ပေါ်လာတဲ့ မိန်းကလေး(၂)ယောက်ရဲ့ စကားပြောသံတွေကြောင့် ကျွန် တော် ရှေ့ဆက်မတိုးရဲတော့

ကိုရွှေစပါယ်ရာကလည်း အထဲကို အတင်းတိုးခိုင်းနေတယ်၊ ခရီး သည်အဒေါ်ကြီးတစ်ယောက်က ပြန်အော်ပြောလိုက်လို့ ကားပေါ်ကလူတွေ

www.burmeseclassic.com



ပါးခနဲ့ပွဲကျကုန်ကြရလေးတယ်၊ ဒီလောက်လူတွေကျပ်နေတာကို အတင်း တိုးခိုင်းနေတော့ အဒေါ်ကြီးက . . .

"အမလေး . . ဖါးပိသိပ်ငါချဉ်သိပ် . . သိပ်တိုးပြီး ရောင်းခဲ့သမျှ အခုမှ ဝင့်လည်ပါပြီတော်" တဲ့၊ ဒါတောင် ကိုရွှေစပယ်ရာက . . .

"အပေါက်မကြိုက်ကြပါနဲ့၊ ပြောပြန်ရင်လဲ စပါယ်ယာတွေ လွှန် ရာကျဦးမယ်၊ အထဲမှာအချောင်ကြီးပါ၊ ဆင်နှစ်ကောင်ဖင်ထောင်ကလို့ ရတယ်၊ ဘေးဖောင်းလေးတိုးပေးကြပါ၊ စီးပွားရှာသူချင်း ကိုယ်ချင်းစာပါ၊ ရုံးတက် ချိန် အားလုံး ကိုယ်လိုရာ အမြန်ရောက်ချင်ကြတယ်၊ ဒါကြောင့်မို့ အား ကျယ်တာ နားလည်ပေးကြ . . ဟုတ်လား လူ(၂၁)ယောက်တက်သွားတာ (၉)ယောက်အခဲရသေးတယ်၊ မေ့ချင်ယောင်ဆောင်မနေကြနဲ့၊ ကားခလေး တွေ လက်လွှယ်ရင် ဆက်သွယ်လိုက်ပါ"

"တွေ့လား . . ဒီလောက်လူတွေကျပ်သိပ်နေတာကို စပယ်ယာက အတင်းတိုးတင်နေသေးတယ်၊ ဒရိုင်ဘာကလဲ ဘရိတ်ဆောင့်ဆောင့်အုပ်ပြီး လူတွေကို မဆန့်ဆန့်အောင် ညှပ်သွင်းနေတယ်၊ ဒီကြားထဲ အခွင့်အရေး ယူတဲ့ လူတွေကလဲ ရှိသေးတယ်၊ အဲ့ဒါတွေအားလုံး ယောကျ်ားတွေချည်းပဲ၊ ဘယ်မှာကောင်းတဲ့လူပါသလဲ မော်လီ"

"တိုးတိုးပြောပါဟယ်၊ ဘေးမှာလဲ ယောကျ်ားတွေနဲ့၊ ဟိုမှာ မုတ် ဆိတ်ကြီးနဲ့ကုလားကြီးက ဘုကြည့်ကြည့်နေပြီ"

"ဆွဲပိတ်တီးပစ်လိုက်ပေါ့ဟာ"

ခင်သဇင်နဲ့မော်လီတို့ရဲ့အပြောကြောင့် အနားမှာရပ်နေတဲ့ မုတ် ဆိတ်ကုလားကြီးက . . .

"ဟရေး . . ချွန်ဒေါ်မတ်ပါဘု၊ ချွန်ဒေါ့ဘာသာချွန်ဒေါ် နေတာ ဘာကန်းသလဲ ကန်းမလေး"

www.burmeseclassic.com



ခင်သဇင်က မိုက်ခဲမအကြည့်နဲ့ လှမ်းကြည့်လိုက်လို့ ကုလားကြီးခမျာ သူ့ဘာသာ အိုးမလုံအုံပွင့်ပြီး ဖြေရှင်းချက်ထုတ်လိုက်တာလေ။ ကုလားကြီးရဲ့ဘေးမှာ ချွေးစေးတွေပျံနေတဲ့ ကျွန်တော်ကတော့ ငနဲမနှစ်ယောက် စကားပေါက်ပေါက်ဖောက်နေတာကို နားငြီးနေပြီ၊ အဲ့ဒီအချိန်မှာပဲ လုလင်တို့အနားက ထိုင်ခုံမှာ ထိုင်နေတဲ့လူက သူဆင်းရမယ့်မှတ်တိုင်ရောက်လို့ မတ်တပ်ထရပ်လိုက်ရုံရှိသေးတယ်။

ဘယ့်နှယ်တွေဖြစ်ကုန်ရတာပါလိမ့်၊ ထ,သွားတဲ့လူရဲ့ထိုင်ခုံကို သားအမိနှစ်ယောက် လုယက်ပြီးတက်ထိုင်တယ်၊ ဘေးလူဦးသွားမှာစိုးလို့ အသက်သုံးဆယ်လောက်ရှိတဲ့ မိခင်က သူ့သားကို ထိုင်ခုံပေါ် ဖင်အရင်ချထိုင်ပြီး ဦးနိုင်းနေတာကိုး။ အတင်းတိုးပြီး အတင်းထိုင်လို့ ဘေးမှာရပ်နေတဲ့လူတွေ အလဲလဲအပြိုပြိုဖြစ်ကုန်တယ်၊ ဒီကြားထဲ 'ကျွဲ' ခနဲ ကားဘရိတ်အုပ်လိုက်လို့ လူတွေ တစ်ယောက်အပေါ်တစ်ယောက် ထပ်၊ တစ်ချို့က ကြားညှပ်ပြီး ဘုရားတအော်ကုန်ကြတော့တယ်၊ အဒေါ်ကြီးတစ်ယောက်နဲ့ ဦးကြီးတစ်ယောက်ဆိုရင် ပြဿနာထတက်ကုန်တယ်။

"အမလေးတော်. . . ကျုပ်တင်ပါးကို ဆောင့်ထိုးတယ်၊ မျက်မှန်နဲ့လူကြီး. . . ကျုပ် သည်းမခံနိုင်တော့ဘူး"

"ဘာလဲဗျ. . . ခင်ဗျားစကားက မဟုတ်မဟပ်တွေမပြောနဲ့၊ ကျုပ်သိက္ခာကျတယ်"

"ဩော်. . . လက်ပူးလက်ကျုပ်ပြရမလား။ ဟော့ဒီမှာ ဒီမှာလေ. . . ဘာငြင်းချင်သေးလဲ"

"အဲ. . . အဲ့ဒါက ခရမ်းသီးအတောင့်ရှည်ကြီးပါဗျာ၊ မနက် ဈေးကဝယ်လာတာ၊ အိမ်မှာချက်စားမလို့ပါ၊ ကားဒီလောက်ကျပ်နေတာ ပုဆိုးခါးပိုက် (?) ဆိတ်တောင် အသက်ရှူပေါက်ပိတ်မလောက်ကျပ်တဲ့ကားမို့ ထိုးမိရင်ထဲ

www.burmeseclassic.com



နားလည်ပေးပေါ့ဗျာ၊ အဓိကတရားခံက စပါယ်ယာတွေပဲ၊ လူတွေကို ကျွဲတွေနွားတွေလို့ သဘောထားနေသလားမသိဘူး။ နင်းကန်ခွတင်နေတာ. . . ဗျူး”

“အမလေး. . . စပါယ်ယာအပေါက်ဆိုးနဲ့ ရန်ဖြစ်မယ့်အစား ကိုယ့်ဘာသာကို တိုင်နဲ့ခေါင်းနဲ့သာ ဆောင့်သေပစ်လိုက်ချင်တယ်၊ ရှက်လွန်းလို့ပါ။ တော်ပါတော့”

မြို့ပြဘတ်စ်ကားကျပ်ချိန်မှာ မကြာခဏကြုံတွေ့နေကြရတဲ့ လူမှုဒုက္ခအဖုံဖုံကို ကျွန်တော် တွေ့ကြုံနေရတယ်၊ အလုပ်လက်မဲ့ဘဝနဲ့ အလုပ်လိုက်ရှာနေရတဲ့ ကျွန်တော်က ကုမ္ပဏီကြီးတစ်ခုမှာ အင်တာဗျူးဖြေဖို့ အချိန်(၂)နာရီစောပြီး ထွက်ခဲ့ရတယ်၊ ဘတ်စ်ကားဆိုတာ မြန်ချင်တဲ့အခါ မြန်ပြီး ကြာချင်တဲ့အခါ ကြာတတ်တာကိုး။

ကားချင်းဖိုက်ပြီဆိုရင် ဂျက်အင်ဂျင်တပ်စီးရသလို မြန်သလား မမေးနဲ့၊ ကွေ့မယ်ကိုင်ထားဆိုတာလေးတောင် မအော်ဘူး၊ နင်းကန်ခွတ်ကွေ့လိုက်လို့ ကားထဲကလူတွေဆိုတာ ဆန်ကောထဲ ဖီးဖြူသီးထည့်လှိမ့်ခံနေရသလိုပဲ။

ကားဆက်ဝေးပြီဆိုရင် တစ်မှတ်တိုင်မှာထိုင်ပြီး လူစောင့်တင်ပြီဆိုရင်တော့ ပင့်ကူအိမ်ဖွဲ့တဲ့အထိကို ကြာတတ်တာ။ မီးပွိုင့်ဆိုလဲ ခဏခဏ အမိခံတယ်၊ ဒီလိုကားမျိုးစီးမိတဲ့လူတွေ သည်းခံနိုင်တဲ့ခန္တီပါရမီနဲ့ ပြည့်စုံသွားကြတာများတယ်။

သဇင်နဲ့မော်လီဆိုတဲ့ မချော(၂)ယောက်ဘေးမှာ ရပ်စရာနေရာလေး ကျွန်တော်ရတော့ မချော(၂)ယောက်က မျက်စောင်းခဲကြည့်တယ်၊ ဘယ့်နှယ်. . . ဘာမှလဲမလုပ်ရပါပဲနဲ့။

သူမတို့နှစ်ယောက်နဲ့ ကျွန်တော့်ကြားထဲလောက်မှာရှိတဲ့ ဘေးထိုင်ခုံက အဒေါ်ကြီးတစ်ယောက်ထသွားတော့ ထိုင်ခုံကို ကျွန်တော်နဲ့

www.burmeseclassic.com



သူမတို့(၂)ယောက် အလုအယက်ထိုင်ဖြစ်ကြတယ်။ သွားရမယ့်ခရီးက ဝေးတယ်လေ။ မိန်းကလေးတွေဆိုပြီး ဦးစားပေးချင်ပါတယ်။ သူမတို့ (၂)ယောက်သားကတော့. . .

"မော်လီထိုင်"

"သဖင်ထိုင်လိုက်ပါ"

"ထိုင်စမ်းပါ မော်လီရယ်"

"အို. . . မဟုတ်တာ သဖင်ပဲထိုင်ပါ"

"ကဲ. . . ကျွန်တော်ပဲထိုင်မယ်"

စေတနာတွေ စွတ်ကောင်းနေကြတော့ ခြေထောက်တွေကျနေရာမဦးခင် ကျွန်တော် ဝင်ထိုင်ဖြစ်လိုက်တယ်။ ဒါကိုပဲ သဖင်ဆိုတဲ့ငနဲမက . . .

"အဲဒါသာကြည့်၊ ယောကျ်ားတွေ အကျင့်ကိုမကောင်းဘူးဆိုတာ လက်တွေ့မြင်ရပြီမဟုတ်လား"

ဒုက္ခ. . . ထိုင်ခုံလေးထိုင်မိပါတယ် ကမ္ဘာကြီးကို ကိုင်ပေါက်မှုလောက် အပြစ်စွဲချက်တင်တာမျိုး ခံလိုက်ရတယ်။ မိန်းမနဲ့ယောကျ်ားဆိုတော့ သည်း ခံစိတ်မွေးပြီး နှုတ်ဆိတ်နေလိုက်တယ်။ ဒီလိုနဲ့စီးလာလိုက်တာ မိန်းမတစ် ယောက် ကလေးချီပိုးပြီး အနားလာရပ်တယ်။ လူလူချင်းညှာတာထောက် ထားမှုနဲ့ ကလေးအမေကိုနေရာပေးရမှာပေါ့။ ခက်တာက ကျွန်တော့်ကိုယ် ၌က မနေ့ကတည်းက အလုပ်လိုက်လျှောက်တဲ့အနေနဲ့ လမ်းလျှောက်ခဲ့ရ လွန်းလို့ ဒီနေ့အထိ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေပြီ။ ထမရပ် ချင်တော့ဘူး။ ကလေးက လေးနှစ်သားအရွယ်ကလေး။ အဲဒါနဲ့ . . .

"အစ်မ. . . ကလေး ကျွန်တော့်ကိုပေး၊ အောက်ချထားရင် ကလေးကို လူတိုးမိပြီး ဖိညှပ်ခံရလိမ့်မယ်၊ အမေချီထားတော့လဲ လက် မောင်းပြုတ်ထွက်မတတ်လေးတယ်၊ ကျွန်တော့်ပေါင်ပေါ် အသာတင်ထား လိုက်ရင် အဆင်ပြေသွားတာပေါ့"

www.burmeseclassic.com



"အေးကွယ်. . . ကျေးဇူးပါပဲ"

လေးနှစ်သားကလေး ကျွန်တော့်ပေါင်ပေါ်ရောက်လာတယ်၊ ရုပ်ရည်ကြည့်ရုံနဲ့ အထီးအမခွဲရခက်တယ်၊ သားလေးလား၊ သမီးလေးလား ဆိုတာ မစပ်စုချင်တော့။ တော်ကြာ ဘေးနာဂ သဖင်နဲ့မော်လီဆိုတဲ့ မိန်းမ (၂)ယောက်က အတင်းထပ်တုတ်နေဦးမယ်။

"စပ်စုတဲ့ယောက်ျားတွေ ကောင်းကိုမကောင်းဘူး" ဆိုတာမျိုး ပြောချင်ပြောမှာ"

"ဟာ"

"ဘာ. . . ဘာဖြစ်လို့လဲ မောင်လေး"

"ကလေး. . . ကလေး သေးပေါက်ချလိုက်ပြီ၊ ကျွန်တော့်လုံချည်တွေ အကုန်စိုရွှဲကုန်ပြီဗျ. . . အီး"

"အဲတော်. . . သားလေးက လုပ်ချလိုက်ပြန်ပြီ၊ အားနာစရာကြီးကွယ်၊ အစ်မ ဘယ်လိုလုပ်ပေးရမယ်မှန်းတောင် မသိတော့ပါဘူး"

"ဒုက္ခပါပဲဗျာ၊ အင်တာဗျူးသွားဖြေမှာ၊ အိမ်ပြန်ပုဆိုးလဲရင်လဲ အချိန်နောက်ကျတော့မှာ၊ သွားဖြေပြန်ရင်လဲ သေးရွှဲနေလို့ တစ်ကိုယ်လုံးနံစော်နေမှာ၊ အစ်မကလေးက လေးနှစ်ဆိုတော့ အစားစုံအောင်စားတတ်လို့ အနံ့စုံနေပြီပေါ့ဗျာ"

"အင်း. . . အဲ. . ."

မြို့ထဲမှာ ကားရောက်နေပြီ၊ ကျွန်တော်ဆင်းရမယ့်မှတ်တိုင်ကို လည်းရောက်ခါနီးနေပြီမို့ ကလေးအမေကို နေရာဖယ်ပေးလိုက်ပြီး ထရပ် လိုက်တယ်။

"ခုနကထဲက အခုလိုဖယ်ပေးလိုက်ရင် သေးမရွှဲတော့ဘူးပေါ့၊ စေတနာအကျိုးပေးတယ်ဆိုတာ အဲဒါပဲ"

www.burmeseclassic.com



သခင်ဆိုတဲ့ကောင်မလေးက ပြောလိုက်တယ်။ မော်လီဆိုတဲ့ကောင်မလေးက ကြိတ်ရယ်တယ်။ ကျွန်တော် ဒေါသထွက်ချင်လာပြီ။

ထိုခုံရသွားတဲ့ ကလေးအမေ အစ်မကြီးက . . .

"မောင်လေး. . . (၃၆)လမ်းထဲမှာ အစ်မတိုက်ခန်းရှိတယ်၊ ပုဆိုးလိုက်လဲပါလား"

"နေပါစေဗျာ၊ အပေါ်စားရေမွှေးဝယ်ဆွတ်သွားပါ့မယ်"

လေးနှစ်သားကလေးက သူ့ဘာမှမလုပ်မိတဲ့အတိုင်းပဲ။ မျက်လုံးလေးကလယ်ကလယ်နဲ့ ပြန်မော့ကြည့်နေတယ်။ သေးရွှဲလုံချည်စိုကစ်ကစ်ကြီးနဲ့ ကျွန်တော် မနေတတ်တော့ဘူး။ ဆင်းရမယ့်မှတ်တိုင်မှာ ကားဆိုက်တာနဲ့ ပဲလှော်ကြားဆားညှပ်သလို ဆင်းတဲ့လူစီးကြောင်းထဲ ညှပ်သပ်ပြီးလိုက်သွားလိုက်တာ ကြမ်းပြင်နဲ့ခြေထောက်တောင် လွတ်လွတ်သွားလေရဲ့။

မှတ်တိုင်မှာ လူအတက်အဲဆင်းလွတ်ရာရပ်ပြီး ပုဆိုးပြင်ဝတ်ရတယ်။ အသက်ဝဝရှူလိုက်ရတယ်၊ တစ်ကိုယ်လုံး အကြေသားဖြစ်နေတာကို ဆွဲဆန့်ရတယ်။ ရှိုးထုတ်လာတာလေးတွေ ပွန်းပဲ့ကုန်ပါပြီ။

ကုမ္ပဏီဆိုတာ ရုပ်ရည်သန့်တဲ့ယောကျ်ားလေး၊ မိန်းကလေးတွေကိုသာ ရွေးခေါ်တတ်တာမဟုတ်လား။ အလုပ်လျှောက်တဲ့သူတွေအဖို့ ရှပ်သန့်ပြီး စတိုင်(လ်)ခန့်အောင်ပြင်ဆင်ထားရတယ်။ ဒါမှ အလုပ်ရလွယ်တယ်လေ။

မိန်းကလေးတွေကတော့ ကုမ္ပဏီကခေါ်တဲ့အတိုင်း အရည်အချင်းနဲ့ပြည့်စုံရင် အလုပ်တန်းရပြီ။

တာဝါကြီးအပေါ်(၈)ထပ်မှာဖွင့်ထားတဲ့ ကုမ္ပဏီရုံးခန်းရောက်အောင် ဓာတ်လှေကားနဲ့တက်ရတယ်။ ဓာတ်လှေကားစီးဖြစ်တော့ ကျွန်တော့်အနားကလူတွေ နှာခေါင်းရှုံ့ပွရှုံ့ပွလုပ်ကုန်ကြတယ်။ ကျွန်တော် လမ်းမှာ စတိုး

www.burmeseclassic.com



ဆိုင်ဝင်ပြီး ရေမွှေးတွေ ပုလင်းမှောက်ဆွတ်လာခဲ့သေးတယ်။

ခက်နေတာက သေးပေါက်ချခဲ့တဲ့ကလေးက ဒူးရင်းသီးရော ဒညင်းသီးပါ စားထားတဲ့ပုံပါပဲ။ သေးနံ့က ဒူးရင်းနံ့ရော ဒညင်းသီးနံ့ပါ ပြင်းပြင်းထွက်နေတယ်၊ ရေမွှေးရနံ့နဲ့ဖုံးလို့ မပျောက်နိုင်ဘူးဖြစ်နေတယ်။ ဓာတ်လှေကားထဲမှာ အလွန်ဘိုဆန်ချင်တဲ့လူတွေ စီးနင်းလိုက်ပါလာတာ ဆိုတော့ ဒီအနံ့ဆိုးကို သူတို့ မခံနိုင်ကြဘူး။

နက်တိုင်(ကြောင်လျှာသီး)၊ ဘလေဇာကုတ်၊ ဘောင်းဘီ၊ ရှူးနဲ့ အင်္ဂလိပ်ထန်းခေါက်ဖာ (အတက်ချီကျေ့စ်) ကိုင်ဆွဲထားပြီး ခေါင်းလိမ်းဆီ ရွှဲရွှဲလိမ်းလာတဲ့ ဂျန်းတဲယ်၊မန်းစတိုင်(လ်)နဲ့ ငနဲတွေက ပုဆိုးဝတ်လာတဲ့ ကျွန်တော့်ကို အထင်သေးသလိုနဲ့ နှာခေါင်းရှုံ့ကြည့်ကြတယ်။

စကပ်ကြီးနဲ့ အင်္ကျီကြိုးသိုင်းတစ်ချောင်းထဲနဲ့ ဘိုမရုပ်ကြီးပေါက် အောင် တစ်ကိုယ်လုံး မိတ်ကပ်တစ်ပိဿာလောက်လိမ်းလာတဲ့ ခေတ်မီ အဘွားကြီးတွေကလည်း ကျွန်တော့်ကို ဘုကြည့်ကြည့်လာကြတယ်။

ကုမ္ပဏီဝန်ထမ်းဝတ်စုံကုတ်အင်္ကျီနဲ့ လေဒီလေးတွေကလည်း တဟင်းဟင်းနဲ့ ကျွန်တော့်ကို မကြည်မလင်ကြည့်ကုန်ကြပြီလေ။

ငြင်းလို့မှမရတာ။ ပုဆိုးမှာ သေးကွက်ကြီးက ပျောက်မှမပျောက် သေးတာ။ လေးနှစ်သားကျေးဇူးရှင်လေး လုပ်လွှတ်လိုက်တဲ့ဒုက္ခက ကျွန် တော့်ကို လှလှပပကြီး ပညာပြနေပြီလေ။

ရှစ်ထပ်ရောက်မှ ဓာတ်လှေကားထဲကအမြန်ထွက်ပြီး နဖူးမှာ ဖော ချွေးသီးနေတာကို လက်နဲ့သပ်ချလိုက်တယ်။ ပြီးတော့ သန့်စင်ခန်းအမြန် ဝင်ပြီး တစ်ရှူးနဲ့ ချွေးတွေသုတ်၊ ကေပြန်သ၊ ရှပ်ခံသန့်အောင်ဆန့်ရန်ပြီး သေးကွက်စိုတဲ့လုံချင်ကို မမြင်သာအောင် အထဲခံပြီး ပြင်ဝတ်လိုက်တယ်။ ဒီလောက်ဆိုအိုကေပါပြီ။

အင်တာဗျူးဖြေတဲ့နေရာရောက်တော့ ကျွန်တော့်လိုအလုပ်လက်မဲ့

www.burmeseclassic.com



တွေ တန်းစီပြီးစောင့်နေကြတယ်။ ကျွန်တော့်အလှည့်ရောက်တဲ့အထိ လိန့်ပိန့်ပြီးစောင့်နေရတာပေါ့။ ကျွန်တော့်ရှေ့ကတစ်ယောက်က မျက်နှာကြက်ကို လက်အုပ်ချီမိုးပြီး ရှိခိုးနေတယ်။ ပါးစပ်က တတွတ်တွတ်နဲ့ ဘာတွေရွတ်နေမှန်းလဲမသိဘူး။

အဲ့ဒီတစ်ယောက်ရဲ့ရှေ့တစ်ယောက်ကြတော့ အလုပ်ရအောင်လို့ ဆေးခင်ဆရာနဲ့ ဓာတ်ရိုက်ဓာတ်ဆင်တွေ လုပ်လာခဲ့တယ်နဲ့တူတယ်။

ပျဉ်းမရွက်ကိုချခင်းပြီး ဖနောင့်နဲ့သုံးချက်ပေါက် "တောက်" ခေါက်ပြီး အထဲဝင်ဖြေနေတယ်။ ပြန်ထွက်လာတော့ မှိုရတဲ့မျက်နှာနဲ့ အမှောသောပါးထွက်လာလိုက်တာ ကျောက်ပြားချောချောတွေခင်းထားတဲ့အပေါ် မှာ လျှောခနဲ ချော်လဲခြေကားလို့ ပုဆိုးအသစ်ကြီး "ဗြဲ" ခနဲ ပြဲထွက်သွားပါလေရော။

"ဟာ. . . သွားပါပြီ. . . ကုန်ပါပြီ. . . တောက်"

အစောင့်တစ်ယောက်က ပုဆိုးပြဲတဲ့လူကို လာခေါ်ထုတ်သွားတယ်။ ဒေါသထွက်ချင်ရင် အပြင်ရောက်မှထွက်. . . တဲ့"

ဒါ ကုမ္ပဏီ။ ယားလို့တောင်မကုတ်အားတဲ့အထိ အလုပ်များတယ်။ ဖျူးဖြေမယ့်နောက်လူတွေ စိတ်အနှောက်အယှက်မဖြစ်စေနဲ့. . . တဲ့။

လုံခြုံရေးအစောင့်လက်ထဲမှာ ပုဆိုးပြင်နဲ့ခမျာ ကိုးလို့ကန့်လန့်ပါသွားရှာတယ်။ နောက်ဆုံးမတော့ ကျွန်တော့်အလှည့် ရောက်လာပါလေရော။

ဝင်တွေ့ရတယ်။ လူရည်သန့်လူခန့်ကြီးငါးယောက်လောက် ဝိုင်းထိုင်နေတာ။ လက်စသတ်တော့ . . .

ဒါလွန်လှပရှင်းကြော့နေတဲ့ မမကြီးတစ်ယောက်က ဆုံလည်ကုလားထိုင်မှာ စမတ်ကျကျထိုင်ပြီး မေးနေတာကိုး။ တစ်ယောက်ထဲဆိုမှ အကယ်ဂ၂တစ်ယောက်ထဲပါပဲ။

www.burmeseclassic.com



"မင်းနာမည်က လုလင်ဟုတ်လား"

"ဟုတ်ပါတယ်၊ လျှောက်လွှာထဲမှာ ကိုယ်ရေးအကျဉ်း အပြည့်အစုံဖြည့်ထားပါတယ်"

"သိတယ်. . . ငါမေးမှ ဖြေ"

"ဟုတ်"

"အရင်က ဘာအလုပ်လုပ်ခဲ့ဖူးသလဲ. . . ဟင်. . . အင်. . . ရှူး . . . ရှူးနဲ့ နှုံလိုက်တာ။ ခဏနေဦး မင်း ဒူးရင်းသီးစားခဲ့သလား။ ဒါမှမဟုတ် ဒညင်းသီးစားခဲ့သလား။ မွှူးလိုက်တာ။ အဲဒါ ငါသိပ်မုန်းတဲ့အနံ့ကွ။ မြန်မြန်ထွက်တော့။ အဲ့ဒါမျိုးအစားအစာကြိုက်တဲ့လူမျိုးကို ငါအလိုမရှိဘူး။

"ဗျာ"

"ဗျာမနေနဲ့! မြန်မြန်ထွက်၊ ဒီမှာ ခေါင်းအရမ်းကိုက်လာပြီ"

"ကျွန်. . . ကျွန်တော်. . ."

"ရှုပ်အပ်. . . ဂတ်ဒေါက်. . . ဂိုးအဝေး"

မမလှလှကြီးက ဘိုလိုမှုတ်ငေါက်ပြီး နှင်ထုတ်တယ်။ ဘယ့်နှယ်အလုပ်ကိစ္စအကြောင်းနဲ့လဲ ဘာမှမသက်ဆိုင်။ ဒီအနံ့ဆိုးတွေ နံ့ရတာနဲ့ ပတ်သက်ပြီး ရှင်းပြခွင့်လေးတောင်မရ။ အသလွှတ်နှင်ထုတ်ခံရလို့ ကျွန်တော် ရှက်လဲရှက် ဒေါသလဲထွက်သွားမိတယ်။

"ခင်ဗျားကြီးကျယ်လှချည်လား။ လူကို လူလိုမြင်တတ်စမ်းပါဗျ၊ ခင်ဗျားကိုယ်ခင်ဗျား ဘာကြီးများထင်နေသလဲ၊ လူဟာလူပဲ. . . ကဲ ပြောစမ်း။ ဘာကွာလို့လဲ. . . နှလုံးသွေးသားနဲ့လူပါပဲ. . . ဟော ပြောရင်းဆိုရင်းနဲ့ ပလေးဘွိုင်းသန်းနိုင်ရဲ့ သီချင်းစာသားတွေတောင် ယောင်ပြီးရေရွတ်ပြောမိကုန်ပြီ၊ ဒီမှာ. . ."

ကျွန်တော် ဆက်ပြောချိန်တောင်မရလိုက်ဘူး။ ဘယ်အချိန်က လုံခြုံရေးအစောင့်တွေခေါ်တဲ့ အချက်ပေးကိရိယာကို သူမ နှိပ်လိုက်သလဲ

www.burmeseclassic.com



မသိဘူး။ ယူနီဖောင်းဝတ်အစောင့်နှစ်ယောက် ကျွန်တော်နောက်ကို ရောက်လာတယ်။

"သူ့ကို အပြင်ခေါ်သွားလိုက်၊ ထပ်ဝင်မလာစေနဲ့၊ လိုအပ်ရင် သူ့ပါးစပ်ကိုပိတ်ဆို့သွား"

"ခင်. . . ခင်ဗျား. . ."

ကျွန်တော် ဒါပဲတတ်နိုင်လိုက်တယ်။ လုံခြုံရေးအစောင့်(၂)ယောက်က ကျွန်တော့်ကို တစ်ဖက်တစ်ချက်စီညှပ်ခွဲပြီး တစ်ယောက်က ပါးစပ်ကို လက်နဲ့လှမ်းပိတ်ခေါ်သွားတယ်။

"ဟေ့လူ. . . အာဂု. . . ဝူးအု. . . ဒီလိုမလုပ်. . . အာဂု"

ရှက်လိုက်တာ။ အင်တာဗျူးပေါင်းမြောက်မြားစွာ ဖြေခဲ့ဖူးပါတယ်။ ဒီလို ဂုဏ်ထူးထွက်တာမျိုးတော့ တစ်ခါမှမကြုံဖူးပါဘူး"

ရုပ်ရှင်ထဲကလို လူစွမ်းကောင်းမဟုတ်တော့လဲ ဘေးကချုပ်ကိုင်ထားတဲ့ နေ့(၂)ကောင်လက်က လွတ်အောင် မရုန်းနိုင်ဘူးပေါ့။

ဓာတ်လှေကားနဲ့ အောက်ထပ်ရောက်လာတယ်။ ဧည့်လက်ခံဌာနက မိန်းမလှလေးတွေ ပြုံးကြောင်ကြောင်ပြီးဝိုင်းကြည့်နေတယ်။ ဆုံလည်မှန်တံခါးအဝကနေ ကျွန်တော့်ကို တွန်းထုတ်လိုက်ကြတယ်။ ဟပ်ထိုးယိုင်ထိုးနဲ့ အပြင်ကိုရောက်လာတော့ အထဲမှာကျန်ခဲ့တဲ့ အစောင့်နှစ်ကောင်ကို အာသာမျိုးစုံနဲ့ ကျိန်ဆဲပစ်လိုက်တယ်။

မကျေနပ်ဘူး။ ဒီနေ့ကံမကောင်းဘူး။ မနက်အိမ်ကထွက်လာတုန်းက တရုတ်ကားထဲကလို ဒီနေ့ကံကောင်းပါစေဆိုပြီး မိုးနတ်မင်းကြီးကို ဆုတောင်းလိုက်တာ။ မျက်နှာမော့ပြီးဆုတောင်းနေတုန်း ကောင်းကင်မှာ ပျံတဲ့ငှက်က ချေးပါချသွားတာ မျက်နှာပေါ်တန်းခနဲပဲ။

အိမ်ထဲပြန်ဝင်၊ မျက်နှာသစ်၊ နေပီယာလိမ်း၊ ပေါင်ဒါရိုက်ပြီး ပြန်ထွက်လာခဲ့ရတယ်။ ကုမ္ပဏီအလုပ်ရဖို့ ရုပ်ခံ့သန့်ရမယ်ဆိုလို့ ညစ်

www.burmeseclassic.com



ထပ်သပ်ဖြစ်ချင်တဲ့မျက်နှာကို အလှပြင်ဆိုင်မှာ ချေးသွားချွတ်ရသေးတယ်၊ မျက်နှာ၊ လည်ပင်းနဲ့လက်တွေကိုပေါ့။ ချေးချွတ်ပြီးတော့ မျက်နှာပေါင်းတင်ရတယ်။ မှုလိုက်တာ။ လှချင်လို့မဟုတ်ပါဘူး၊ ရှုပ်ခံသန့်ချင်လို့ပါ။ မျက်နှာပေါင်းတင်ပြီးတော့ မပြီးသေးဘူး။ တစ်ကိုယ်လုံးကို ပေါင်းတင်ရမယ်ဆိုပြီး ဓာတ်ငွေ့ပေါင်းချောင်ကြီးထဲ ခေါင်းလေးဖော်ပြီး တစ်ကိုယ်လုံးကို ချွေးထုတ်ပေါင်းတင်ရသေးတယ်။

ဖင်အောက်က မီးအပူဓာတ်ပေးထားတာလေ။ (၁)နာရီခွဲလောက်ကြာအောင် အပြုတ်ခံနေရသလိုပဲ။ တင်ပါးမှာ အခုထိ အပူကျိတ်တွေ ထနေတုန်းပေါ့။

ကုမ္ပဏီအလုပ်ရဖို့ ကိုယ့်ဖက်က ဒုက္ခအမျိုးမျိုးခံ၊ ရှိစုမဲ့စု ငွေကုန်ကြေးကျခံပြီး အလှမ်လျှောက်ခဲ့ရတာ။ ပြန်ရလာတဲ့ရလဒ်က ခါးသီးလွန်းပါတယ်။ ရင်းစားကြည့်ပါဦး။ လူကတော့ ချေးချွတ်ပေါင်းတင်လိုက်လို့ သန့်ပြီးခန့်လာတာမှန်ပါရဲ့။ ကုမ္ပဏီအလုပ်တော့ မရခဲ့ဘူး။ ရပ်ကွက်ထဲက မိန်းမပျိုမှန်သမျှ မလွတ်တမ်းချဉ်းကပ်တတ်တဲ့ ကျော်ဇောဝင်းက ကျွန်တော့်တင်ပါးကို ဖြန်းခနဲလာရိုက်ပြီး . . .

“မင်း. . . မိတ်ကပ်မာမီဆိုင်မှာ အလှပြင်ခဲ့တာဆို၊ ဘာလဲ ဖိုးကညာတစ်ပါး လုံးရောကပြားချင်စိတ် ပေါက်နေပြီလား”

“ဟော့လူ. . . ကျုပ် ယောက်ျားစစ်စစ်ဗျ၊ ခင်ဗျားကိုတောင် ပြန်ဖွဲ့လို့ရတယ်။ ယုံဟာ။ နိုင်ငံတကာ လူရည်သန့်တွေလို အဆင့်မှီအောင် ကိုယ့်ရုပ်ရည်ကိုပြုပြင်တာ ခြောက်ချင်စိတ်ပေါက်လို့လုပ်နေတာ မဟုတ်ဘူး။ မယုံရင် ခင်ဗျားတူမလေးခေါ်ခဲ့”

“ဟ. . . ဟ. . . ကြမ်းလှချည်လားလုလင်ရေ ငါ့တူမလေးတော့ ချမ်းသာပေးပါ၊ သဘောပေါက်ပါပြီ”

“ကျွန်တော်ပြောတာက ခင်ဗျားတူမလေးကို ခင်ဗျားရှေ့မှာတင်

www.burmeseclassic.com



မေးပြချင်လို့ပါ၊ ကျွန်တော့်အရင်ရုပ်နဲ့ အခုပြင်ထားတဲ့ရုပ် ဘယ်ရုပ်က နှစ်လိုဖွယ်ရာကောင်းသလဲဆိုတာ မေးပြချင်လို့ ခေါ်ခိုင်းတာ"

"ဩော်. . . အေး. . . မမေးနဲ့တော့. . . ပေါက်ပြီ. . . ယုံပြီ"

ကျော်ဇောဝင်း တချိုးထဲလစ်သွားတော့တယ်။ ကျွန်တော် အလုပ်မရခဲ့ခြင်းအပေါ် ညဖက်အိပ်ခါနီး နဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်မိတယ်။ ဒညင်းသီးနံ့၊ ဒူးရင်းသီးနံ့ကို မခံနိုင်တဲ့သူမ လေးနှစ်သားလေးပေါက်ချခဲ့တဲ့သေး။ အဓိကတရားခံကတော့ ထိုကလေးကြောင့်ပင်။

ဒီလို ယုံးစွပ်မြန်တော့လဲ လူကြီးမပီသရာကျနေပြန်တယ်။ နောက်ဆုံးတော့ ကိုယ်ကပဲ ရှုပါစေတော့ဆိုပြီး အိပ်ပျော်အောင်အိပ်ချလိုက်တယ်။ ကံများ ဆက်တိုက်မကောင်းချင်တော့ အိပ်ပျော်ခါနီးဆဲဆဲမှာ ကြွက်ကလက်ကိုလာကိုက်လို့ အလန့်တကြားထအော်ရသေးတယ်။ ပေဒင်မေးပြီး ယတြာချေရင်လည်း တနင့်တပိုးတောင်းတဲ့ငွေကို မပေးနိုင်တော့ဘူး။ အလုပ်လိုက်လျှောက်တုန်းမှာ မိဘဆီက လက်ဖြန့်ခံပြီး စာရင်းအတိအကျနဲ့ သုံးစွဲနေရတဲ့ ကျွန်တော့်ဘဝ မျက်နှာငယ်ရလန်းလို့၊ ဗီးရွက်လောက်တောင် မရှိတော့ဘူး။

ဒီကြားထဲ ယောက်ျားတွေ ကောင်းကိုမကောင်းဘူးလို့ ဝါးလုံးနဲ့ သိမ်းကျုံးရိုက်ပြောတာခံလိုက်ရသေးတယ်။

နာမည်လေးက ခင်သဇင်တဲ့၊ ရုပ်ကိုက "စပ်ကြားမ"ရုပ်။ အသံကကက်ဆက် အမြန်ခလုတ်ကိုနှိပ်လိုက်ရင် ပေါ်လာတဲ့ ကာတွန်းရုပ်သံလိုကြောင်သံနဲ့။

နောက်တစ်ယောက်က မော်လီတဲ့။ ဘော်လီဘော ဘော်ဒီနဲ့။ ကြောကတော့ ဆင်ကိုယ် လိပ်ခါး ဖားဖင်ချိတ်နဲ့၊ နှစ်ယောက်စလုံး ယောက်ျား

www.burmeseclassic.com



တွေကို စိတ်နာမယ်ဆိုရင်လည်း နာနိုင်လောက်ပါတယ်။ "ကန်တော့ခွင့်ပါ ခင်ဗျား" လို့ ဆိုရလောက်တဲ့ မိန်းမမျိုးတွေကို။

www.burmeseclassic.com

## အခန်း (၂)

"ဟား. . . ဟော့. . . ဟော့. . . ဟိတ်"

ကလေးတစ်ယောက်ကို ကားတိုက်မိမလိုဖြစ်သွားတာကြောင့် လက်လှမ်းမီတဲ့ကျွန်တော်က ကလေးလက်ကို အမြန်ဆွဲလိုက်ပြီး လွတ်အောင်ဆွဲဖယ်လိုက်နိုင်သည်။

ရင်ထဲထိတ်ပြာသွားတာပဲ။ ကံကြီးလို့သာ သီသီလေးလွတ်သွားရတာပေါ့။ လက်ထဲကိုင်မိတဲ့ကလေးကို အသေအချာကြည့်လိုက်တော့ မြင်ဖူးသလိုလိုပဲ။

"အမလေး. . . တိုက်မိပြီမှတ်တာ၊ တော်သေးတာပေါ့၊ ကယ်မယ့်လူနဲ့တွေ့လို့. . . ဟော. . . ဟို. . . မင်း. . . ဟိုတစ်ခါ ကားပေါ်မှာ တွေ့တဲ့ မောင်လေးပါလား"

"အဲဗျာ. . . ဟုတ်ပါရဲ့၊ အစ်မတို့သားအမိ လာဖြစ်နေတာကိုး။ တိုက်ဆိုင်လိုက်တာဗျာ"

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာမောင်လေးရယ်၊ မင်းကူညီတာ နှစ်ခါရှိပြီ၊ ဒီကလေးအမေနဲ့ ပေးတွေ့ပေးဦးမယ်၊ အိမ်လိုက်ခဲ့ပါလား၊ ဒီနားလေးမှာတင်ပါ၊ ခဏလေးပါ၊ အချိန်ရတယ်မဟုတ်လား"

"အဲ. . . အင်း. . . နေပါစေ. . . အားနာလို့"

"အားမနာပါနဲ့၊ အစ်မကသာ အားနာရမှာပါ၊ မောင်လေးကို ကျေးဇူးဆပ်ချင်လွန်းလို့ပါ"

"အစ်မက ဒီကလေးရဲ့အမေမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အစ်မက ဒီကလေးထိန်းပေးနေရတာ၊ ဒီကလေးရဲ့အမေက အလုပ်သိပ်များတယ်၊ ဒီနေ့ အလုပ်ပိတ်ရက်လေ၊ အဲဒါကြောင့် ကလေးအမေအိမ်မှာရှိတယ်၊ လိုက်ခဲ့ပါ"

"ကျွန်တော့်နာမည်က လုလင်တဲ့၊ အမနာမည် ဘယ်လိုခေါ်လဲ"

"တင်သီတာပြုံးတဲ့၊ ဟော်ဒီကလေးနာမည်က ဟယ်ရီကျော်စွာတဲ့"

"ဟယ်ရီပေါ်တာနဲ့ ဘာတော်သလဲ"

"ဘာမှမတော်ဘူး၊ နာမည်ဆင်တူပေးထားတာ၊ ကလေးအမေပေးတာလေ၊ ကလေးအမေရဲ့နာမည်က လှစုကျော့တဲ့"

တင်သီတာပြုံးခေါ်လာလို့ ကျွန်တော် လိုက်လာခဲ့ရတယ်။ စိတ်ကတော့ သိပ်မပါလှဘူး။ ဟယ်ရီကျော်စွာကလည်း ဆော့လိုက်တာ။ တင်သီတာပြုံးဆိုတာ ပါးစပ်လဲ အငြိမ်မနေရ။ လက်လည်းအငြိမ်မနေရ၊ ဟယ်ရီကျော်စွာကို အတင်းလိုက်ဆွဲ၊ ပါးစပ်နဲ့လည်း တရစပ်ဆုံးမနေရတယ်။ ဒီကလေး ကားပေါ်မှာတုန်းက ရေခဲတုံးလိုအေးပါတယ်။ အခုကြတော့လဲ ဆော့လိုက်တာ၊ ကားပေါ်မှာတုန်းက နေမကောင်းချင်လို့ ရှူးဖလားဝါး ပေါက်ချလိုက်တာနေမှာပေါ့"

"အိမ်ရောက်ပြီ"

www.burmeseclassic.com



တင်သီတာပြုံးက ပြုံးပြုံးလေးပြောပြီး ကျွန်တော့်ကို တိုက်ခန်းတစ်ခုထဲကို ဝင်ခိုင်းတယ်၊ မြေညီထပ်တိုက်ခန်းကျယ်ပါ။ လျှာထိုးတံခါး တပ်ဆင်ထားတယ်။ အပြင်ကနေ အထဲကို မမြင်ရပေမယ့် အထဲကနေ အပြင်ကိုမြင်ရတဲ့ မှန်အမျိုးအစား တပ်ဆင်ထားတဲ့တံခါးပေါ့။

တင်သီတာပြုံးက တံခါးဖွင့်ပေးတယ်။ အထဲမှာ အိစက်နေတဲ့ ဆိုဖာကြီးတွေနဲ့။ ကြမ်းပြင်ကပါကော်းခင်းပြီး ပေါ်လစ်ပြောင်နေအောင်တိုက်ထားတယ်။ ခေတ်မှီပစ္စည်းတွေအပြင် ကွန်ပျူတာပါ တွေ့ရတယ်။

တင်သီတာပြုံးက အိမ်ထဲဝင်သွားတယ်။ ဟယ်ရီကျော်စွာက အက်ထရီကားပေါ်တက်ထိုင်ပြီး ကျွန်တော်ထိုင်နေတဲ့ခုံကို ကားနဲ့ချည်းဝင်ဆောင့်နေတယ်။ ဒူးတွေနာလာပေမယ့် ညည်းသည်ဆိုတော့ အောင့်သက်သက်နဲ့ ပြုံးဖြီးဖြီးလေးလုပ်နေတယ်။ စိတ်ထဲကတော့ ဘီဘူးရုပ်ကြီးပေါက်နေမှာပေါ့။

လူကြီးတွေအလစ်မှာ ဟယ်ရီကျော်စွာက ကားနဲ့ဝင်မတိုက်ဖို့ ချော့တယ်။ ပြုံးပြခြိမ်းခြောက်ပြတယ်။ သကောင့်သားလေးကမရပါဘူး။ ကျွန်တော်လုပ်ပြတာကိုက သူ့အတွက် ရယ်စရာဖြစ်နေပုံပဲ။ ဟီဟီဟဲဟဲ ခိုးခိုးခစ်ခစ်နဲ့။ အဲ့ဒီအချိန်မှာပဲ သံစုံမြည်တဲ့ခန်းဆီးမသံကို ကြားလိုက်ရတယ်။ လှမ်းကြည့်လိုက်တော့ . . .

"ဗုဒ္ဓေါ"

ကျွန်တော် ဘုရားတ,လိုက်မိတယ်။ ဟုတ်တယ်လေ။ ဘယ်လောက် အံ့ဩတုန်လှုပ်ဖို့ကောင်းတဲ့ကိစ္စလဲ။ အင်တာဗျူးဖြေတဲ့နေ့က တွေ့ခဲ့ရတဲ့မမကြီး အိမ်ခန်းထဲကထွက်လာတာကိုး။ မမလှလှကြီးကလဲ ကျွန်တော့်ကိုတွေ့တော့ ခြေလှမ်းတွေတောင် တုံ့ဆိုင်းသွားတယ်၊ မှတ်မိသွားပုံရတယ်။ တင်သီတာပြုံးက မမကြီးနောက်ကွယ်ကနေ ထွက်လာပြီး . . .

"သူပဲကျော့ကျော့၊ သားလေးကားတိုက်ခံရတော့မလိုဖြစ်တာ သူ

www.burmeseclassic.com



တတာယ်လိုက်တာ။ ဟိုတမြန်နေ့တုန်းက ကားပေါ်မှာ သားကို သူ့ပေါင်ပေါ်ထိုင်ခိုင်းတာ။ သားက သေးပေါက်ချလိုက်တာလေ။ ခမျာ အင်တာဗျူးသွားဖြေခါနီး ဒုက္ခများသွားရရှာတယ်လေ''

မမလှလှကြီး(သို့)လှစုကျော့က မျက်မှောင်တင်းမလိုကြည့်နေရာကနေ မျက်နှာမာန်ဖြေလျော့ပြီး မျက်လုံးအဝိုင်းသားလေးနဲ့ ကြည့်လာတယ်။

ကျွန်တော့်မှာလည်း ထရပြောမလိုလို ထိုင်ရတော့မလိုလို ပြုံးရတော့မလိုလို တည်ရတော့မလိုလိုနဲ့ အခက်တွေ့နေပါလေရော။

''သားလေးကို ကယ်တင်ကူညီတာ ကျေးဇူးတင်ပါတယ်။ အအေးသောက်သွားပါ။ လက်ဆောင်ပစ္စည်းလေးလဲ ပေးလိုက်ပါ့မယ်''

''ဟုတ်ကဲ့. . . အဲ. . . လက်ဆောင်လိုချင်လို့ အအေးသောက်ချင်လို့ လိုက်လာတာမဟုတ်ပါဘူး''

''ဒါဆို ဘာကြောင့်လဲ''

''မော့ဒီက မတင်သီတာပြုံးက ခေါ်လို့ပါ''

''ဟုတ်ပါတယ်။ အင်တာဗျူးဖြေတဲ့နေ့က မင်းဆီက သေးရနံ့ထွက်နေတာ ဒါကြောင့်ကိုး''

''အဲ. . . အဲဒါကြောင့်ပါပဲ၊ ကျွန်တော်ထွက်ကျတာမဟုတ်ပါဘူး။ လှစုကျော့က မျက်မှောင်တန်းလေးဆွဲကာ တွေခနဲစဉ်းစားလိုက်ပြီး . . .

''မင်းကို အလုပ်ခန့်လိုက်ပြီ၊ အဲဒါ တို့သားလေးကို ကယ်ခဲ့တဲ့ကျေးဇူးကို တုံ့ပြန်ဆပ်လိုက်တာပဲ၊ အင်တာဗျူးမေးတဲ့နေ့က တို့ မင်းကို အထင်လွဲပြီး အထင်အမြင်သေးသွားမိတယ်၊ စိတ်မကောင်းပါဘူး။ ဒါဆို အိုကေတယ်မဟုတ်လား. . . မောင်ဘယ်သူ''

''လုလင်လို့ခေါ်ပါတယ်''

''ဟုတ်ပြီ. . . မောင်လုလင်၊ မနက်ဖြန်ကစပြီး မင်း အလုပ်ဝင်

www.burmeseclassic.com



တော့"

"ဟို. . . အဲ. . . "

"ဘာလဲ. . . သဘောမကျဘူးလား. . . တို့ပြောတာကို"

"သဘောတော့ကျပါတယ်၊ ဒါပေမဲ့ ကျေးဇူးဆပ်တဲ့အနေမျိုးကြီး တော့ မဖြစ်စေချင်ပါဘူးခင်ဗျား"

"ဒါဆို ဘယ်လိုလုပ်ပေးရမှာလဲ"

"ဒီအတိုင်း သဘောရိုးနဲ့အလုပ်ခန့်တာပဲ ဖြစ်စေချင်ပါတယ်"

"မင်က ကျေးဇူးဆပ်တာမခံချင်ဘူးပေါ့"

"ဟုတ်ပါတယ်၊ ကိုယ့်ကျေးဇူးကိုမေ့ပစ်ပါ။ သူ့ကျေးဇူးကို အောက် မေ့ပါဆိုတဲ့ လူမှုနီတိအတိုင်းပဲ ကျင့်သုံးတတ်လို့ပါ"

"အိုကေ. . . ဒါဆို တို့နားလည်ပြီ၊ မနက်ဖြန် မင်းလုပ်ရမှာက ဈေးကွက်ဖြန့်ဖြူးရေးအပိုင်းမှာနော်၊ လိုအပ်တာတွေကို အလုပ်ကြပ်တွေက ပြောပြလိမ့်မယ်၊ ကိုအေးမင်းဆိုတဲ့လူကို ကုမ္ပဏီမှာစုံစမ်းပြီး သွားတွေ့လိုက် ပါ။ မင်းရဲ့အလုပ်လျှောက်လွှာကို မင်းကိုယ်တိုင် တို့ရုံးခန်းကိုလာပို့လို့၊ ကိုအေးမင်းကိုလဲ အကျိုးအကြောင်းပြောပြလိုက်၊ ဟုတ်ပြီနော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ တင်သီတာပြုံးကာ အအေး တွေလာချတယ်။ လှစုကျော့ဟာ အိမ်မီထောင်သည်ကလေးအမေမှန်း သိ လိုက်ရလို့ ကျွန်တော့်ရင်ခုန်သံတွေ ပြန်လည်ငြိမ်ကုပ်သွားပါလေရော။

ဟယ်ရီကျော်စွာကလည်း တကယ့်ငပါးလေး။ သူ့အမေ ဧည့်ခန်း ထဲရောက်လာတော့ သူ့ကားနဲ့ ကျွန်တော့်ဒူးကို မတိုက်တော့ဘူး။ သူ့ ဘာသာသူ ပတ်မောင်းနေတယ်။ အိမ်ရှင်ကျေနပ်အောင် အအေးတစ်ငုံ့ သောက်လိုက်ပြီး . . .

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျား"

"ကောင်းပြီ. . . အလုပ်ခွင်မှာ ပြန်ဆုံကြတာပေါ့၊ တစ်ခုတော့ရှိ

www.burmeseclassic.com



ဘယ်နော် တို့က မင်းရဲ့အထက်လူကြီး၊ မချေမင် ပြောဆိုဆက်ဆံတာ ချိုးကိုတော့ ရှောင်ရမယ်။ ဆောင်ရမယ့်အချက်တွေကို ကိုအေးမင်းက ရှင်းပြလိမ့်မယ်။ ဝန်ထမ်းအသစ်တစ်ယောက်အနေနဲ့ ကုမ္ပဏီလုပ်ငန်းခွင်နဲ့ ပတ်သက်လာရင် ဆောင်ရန်ရှောင်ရန်တွေကိုသာ သိထားသင့်တယ် မဟုတ်လား။ တို့ပြောတာ နားလည်တယ်နော်”

“အိုကေ. . . အဲ. . . ဟုတ်ကဲ့”

ရှက်ပြာရှက်ပြာနဲ့ ကျွန်တော်ထ,ရပ်ပြီး ဟယ်ရီကျော်စွာရဲ့ ပါးလေးကို နှုတ်ဆက်တဲ့အနေနဲ့ အသာဖျစ်ညှစ်လိုက်တယ်။

“အား”

ဟယ်ရီကျော်စွာက ကျွန်တော့်လက်ကို မိမိရရဆွဲကိုင်ပြီး အားနဲ့ ဝိတ်ကိုက်ပစ်လိုက်လို့ ကျွန်တော့်မှာ မချိမဆန့် နာနာကျင်ကျင် ခုနစ်သံချီအော်မိလိုက်တယ်။ တင်သီတာပြုံးက ကလေးကိုဆူပါလေ့ရော။ ကလေးအမေ လုစုကျော့ကတော့ ခပ်ပြုံးပြုံးလေးကြည့်နေတယ်။ (သူ့ကလေးဆိုးကြီးကို တော်တော်အလိုလိုက်ထားတဲ့ပုံပါပဲ) တစ်ခွန်းမှမဆူဘူး။ ပြောလိုက်သေးတယ်။

“ဟယ်ရီက သူ့ပါးကိုကိုင်ရင်မကြိုက်ဘူး။ ဘယ်သူ့မဆို အဲ့ဒီလိုကိုက်ပစ်လိုက်တာပဲ၊ နောက်ဆိုမှတ်ထားပါ။ လူတိုင်းမှာ အကျင့်တစ်မျိုးစီရှိတတ်ကြတယ်။ လုပ်ငန်းထဲမှာလဲ အကျင့်ပေါင်းစုံရှိတဲ့လူတွေနဲ့ ဆက်ဆံရမှာပဲ၊ သည်းခံစိတ်ကလေးမွေးတတ်အောင် လေ့ကျင့်ဖို့ ဟယ်ရီက နမူနာလုပ်ပြပေးလိုက်တာနော်၊ စိတ်မဆိုးနဲ့၊ အိုကေ”

သွားရာအကွင်းလိုက်ကြီးဖြစ်နေတဲ့လက်ကို ကြည့်ပြီး ကျွန်တော် အော်ဒိုချင်စိတ်တောင် ပေါက်သွားတယ်။ ပါးလေးဖျစ်မိတာနဲ့ ဒီလောက် ရက်စက်ခံလိုက်ရတယ်။ သွားနမ်းမိလို့ကတော့ နှာခေါင်းပါပြတ်ပါသွားလိမ့်မယ်နဲ့တူတယ်။

www.burmeseclassic.com



လူတစ်မျိုးကြီးပါလား။ ဟယ်ရီကျော်စွာက တစ်မျိုး၊ လှစုဇော်က အကျင့်တစ်မျိုး။ နောက်ဆုံးတော့ . . .

ကျွန်တော့်ကိုက ကံဆိုးပါတယ်လေလို့သာ အောက်မေ့လိုက်ရတော့တယ်။

အဆင်မပြေတဲ့ဘဝဆိုတာ လင်သေတဲ့မုဆိုးမလိုပဲ။ ဒိပ်ကို ဗိုသီဖတ်သီ နိုင်လွန်းပါတယ်လေ။

www.burmeseclassic.com

## အခန်း (၃)

"အောင်မလေး"

"အောင်မငီး"

ဂျပန်ကာဗီရဲ့လူသွားစင်္ကြန်ထောင့်မှာ ကျွန်တော် လူတစ်ယောက်နဲ့ တိုက်မိတယ်၊ ရုပ်ရှင်၊ ဗီဒီယိုတွေထဲကလို မင်းသမီးအချောအလှလိုဟာမျိုး လေးနဲ့ တိုက်မိတာမဟုတ်ဘူး။ ငါးစင်ရိုင်းလို နှုတ်ခမ်းမွှေးစစ လူလတ်ပိုင်း တစ်ယောက်နဲ့ တိုက်မိတာ၊ ရင်ဘတ်ချင်းဝင်ဆောင့်မိတာ။ သူကလဲ သုတ် သုတ်သွက်သွက်အလာ ကိုယ်ကလဲ သွက်သွက်ပြာပြာနဲ့အသွားမှာပေါ့။

"ဘယ်လိုဖြစ်တာလဲကွ၊ မင်းခြေမျက်စိတွေ မကောင်းတော့ဘူးနဲ့ တူတယ်၊ မျက်မှန်တပ်လိုက်ဦး"

"မတော်လို့ပါနောင်ကြီးရယ်၊ ဆောရီး"

"မစောတော့ဘူး၊ မနက်(၁၀)နာရီကျော်ပြီ၊ ငါနာမည် နောင်ကြီး မဟုတ်ဘူး၊ အေးမင်းတဲ့၊ မှတ်ထား"

www.burmeseclassic.com



"ဟာ. . . ဝမ်းသာလိုက်တာဗျာ၊ ကိုအေးမင်းဆိုတဲ့လူနဲ့ ကျွန်တော် လာတွေ့တာပါ၊ ကောင်းသောမနက်ခင်းပါ၊ အခုမှ အလုပ်ဝင်လာတဲ့ ဝန်ထမ်းအသစ်ပါ၊ မလုပ်စုကျော့လွှတ်လိုက်လို့ ရောက်လာတာပါ"

"ဘာ. . . MD လုပ်စုကျော့ကလွှတ်လိုက်တာ၊ ဟုတ်စ"

"ဟုတ်ပါတယ်၊ ခင်ဗျားကိုကြည့်ရတာ မထိတ်သာမလန့်သာရှိလိုက်တာ၊ ထိတ်လန့်စရာစကားလဲ မပါပါဘူး၊ ဘာဖြစ်လို့လဲ"

"MD လိုအဆင့်ကလွှတ်လိုက်တာဆိုတော့ အံ့ဩထိတ်လန့်သွားတာပေါ့ကွ၊ ကြည့်ရတာ မင်းလဲ ခေသူမဟုတ်ပါလား၊ ဆိုစမ်းပါဦး၊ မင်းကို ကိုယ်က ဘာအကူအညီပေးရမလဲ"

လုပ်စုကျော့မှာလိုက်တာတွေကို ကျွန်တော် ပြောပြလိုက်တော့ ကိုအေးမင်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထောင်နေတယ်။ ပြီးတော့မှ . . .

"ကောင်းပြီလေ၊ မင်းကို ငါ့ရဲ့လက်ရင်းတပည့်အဖြစ် ခန့်အပ်ရမှာပေါ့၊ အလုပ်လျှောက်လွှာ အမြန်သွားတင်လိုက်ဦး၊ MD လုပ်စုကျော့ကို ဝန်ထမ်းတွေအားလုံးလန့်ကြတယ်၊ မထင်ရင်မထင်သလို ဘယ်သူ့မျက်နှာမှမထောက်ပဲ ပိသသလေးနဲ့ဘေးပစ်သလို ပြောတတ်တယ်၊ သူပြောရင် အမြောက်နဲ့ထုသလိုပဲ၊ MD လုပ်စုကျော့ကို ကုမ္ပဏီဝန်ထမ်းတွေက ကွယ်ရာမှာ အမြောက်ကြီးလို့ခေါ်ကြတယ်၊ အဲဒါကို MD လုပ်စုကျော့ကြား သွားတော့ ဘာပြောတယ်မှတ်သလဲ"

"ဘာပြောလဲဗျ"

"စစ်ဖြစ်ရင် ယောက်ျားတွေကို အမြောက်ထဲထည့်ပစ်မယ်တဲ့"

"လူသားအမြောက်ဆံပေါ့၊ ဆပ်ကပ်ထဲမှာ ကြည့်ဖူးတယ်"

"အေး. . . မင်းကိုယ်မင်းထည့်ပစ်ခံရတဲ့ အမြောက်ဆန်မဖြစ်အောင်သာ သတိထား"

www.burmeseclassic.com



၂ ကျွန်တော့်ရဲ့အလုပ်လျှောက်လွှာကို MD လူစုကျော့ဆီသွားပေးရတယ်၊ စားပွဲမှာထိုင်ပြီး လက်မှတ်တွေထိုးနေရတဲ့ သူမက ခေါင်းတောင်မော့မကြည့်ဘူး''

''ဘာကိစ္စလဲ''

'ကျွန်တော်လုလင်ပါ၊ အလုပ်လျှောက်လွှာလာပို့တာပါ''

''စားပွဲပေါ်တင်ထားခဲ့''

ခိုင်းတဲ့အတိုင်းလုပ်ပေးလိုက်တယ်။ ပြီးတော့ ဆက်ရပ်နေတယ်။

''ဘာအကြောင်းထူးရှိသေးလဲ''

''ကမ္ဘာ့သတင်းဆိုရင်တော့ ဆက်ဒမ်ဟူစိန် သေမိန့်ကျသွားပါပြီ၊ အိုစမာဘင်လာဒင်ကို ဖမ်းမမိသေးဘူး၊ အင်ဒိုနီးရှားမှာ ရေကြီးနေပါတယ်၊ မြန်မာ့သတင်းဆိုရင်တော့ မြန်မာဘောလုံးအသင်း ဆီမီးဖိုင်နယ်တက်သွားပါပြီ၊ သံတွဲဖက်မှာ ရေကြီးနေတယ်၊ ငပလီမှာ ဒီနှစ် လူပိုစည်မယ်တဲ့၊ ဈေးကွက်အခြေအနေကတော့ အေးစက်နေပါတယ်၊ ကုန်ဈေးနှုန်းကတော့ ထုံးစံအတိုင်းပါပဲ''

''တိတ်စမ်း''

''အောင်မငီး''

''အဲ့ဒါဘာဖြစ်တာလဲ''

''လန့်သွားတာပါ၊ လိပ်ပြာလွင့်သွားမှာစိုးလို့ လန့်အော်လိုက်မိတာ''

''ဒါ. . . နောက်ပြောင်စရာနေရာမဟုတ်ဘူး''

ရှုးသိုးသိုးနဲ့လှမ်းကြည့်ပြီး ခပ်မာန်မာန်ပြောလာတဲ့ လူစုကျော့။ မနေ့ကတွေ့ခဲ့တဲ့ လူစကျော့မှဟုတ်ရဲ့လား''

''မနောက်ပါဘူး။ ကျွန်တော် တကယ်လန့်တတ်ယောင်တတ်လို့ပါ၊ MD က တိတ်စမ်းလို့ပိတ်အော်လိုက်တာကိုး''

www.burmeseclassic.com



"အဲ့ဒါ ဘာအချိုးလဲ လုလင်"

"လေးချိုး ကြိုချိုး၊ အဲ့လေ. . . ယောင်ပြောမိပြန်ပြီ၊ ရိုးရိုးအချိုး ပါ"

"မင်းနော်. . . ဟင်းဟင်း၊ ကျေးဇူးကိုထောက်နေလို့၊ မျက်နှာ ဗိုးဓသသေနေ၊ စကားကို တည်တည်တန့်တန့်နဲ့ လိုတိုရှင်းပဲပြော၊ ကိစ္စ ပြီးရင် ကိုယ့်လုပ်ငန်းခွင်အမြန်ဝင်တော့"

ကျွန်တော်လည်း တပ်သားသစ်လေသံနဲ့ . . .

"ဟုတ်"

"ပလုတ်တုတ်"

"ဘာဖြစ်သွားတာလဲ ခင်ဗျာ"

"နင် နင်းကန်ခွအော်လို့ လန့်သွားတာ၊ အဲဒီလောက်မာထန် ဖြတ်သားဖို့မလိုဘူး၊ တော်တန်ရုံပဲလုပ်၊ အခုပဲအလုပ်ခန့်တယ်၊ အခုပဲ အလုပ်ဖြုတ်ခံရတော့မှာပဲနော်"

"ဟုတ်ကဲ့ပါ"

မိတ်ကပ်မာမီတွေလို လေပြေထိုးတဲ့လေသံလေးနဲ့ ပြောပြီး ကန္တာ လျှပြန်ထွက်လာလိုက်တယ်၊ လူစုကျော့တစ်ယောက် ဘီလူးသံပုရာသီ စားရတဲ့မျက်နှာမျိုးနဲ့ ကျန်နေရစ်ခဲ့လေရဲ့။

တကယ့်အမြွှာက်ကြီးပါပဲ။ စစ်ဖြစ်ရင် ယောက်ျားတွေကို အမြွှာက်ထဲထည့်ပစ်မတဲ့။ ဒီကောင်ကတော့ လူစုကျော့ကို ဘာနဲ့ ပြန် ပစ်ရမလဲ။ ကလေးအမေဆိုတော့ ရင်ခုန်ခွင့်မရှိတော့လို့ အချစ်နဲ့ ပြန် ပစ်ခွင့်မရှိနိုင်ဘူးပေါ့၊ ဒါပေမဲ့ ပစ်သင့်တာတစ်ခုခုနဲ့တော့ ပြန်ပစ်ခွင့်ရှိ တယ်၊ ဘာနဲ့ပစ်မလဲဆိုတော့ကာ . . .

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၄)

"ဟ. . . ဟာ. . . ဟား. . . လုပ်ကြပါဦး။ ခွေးလိုက်ဆွဲလို့. . . အား"

ကျွန်တော် လမ်းသွယ်ထဲကစတိုးဆိုင်ကိုဝင်တော့ နောက်ကနေ ခွေးစုတ်ဖွားလေးက အတင်းထိုးပေါက်ပြီး မထိတထိ လိုက်ကိုက်တယ်၊ ခွေးဆိုရင် အသေကြောက်တတ်တဲ့ ကျွန်တော့်အဖို့ ယောင်ယမ်းပါအောင် အော်မိတော့တာပေါ့"

"ဝုတ်. . . ဝုတ်. . . ဝူ. . . ဝူ. . . ဂီး"

"ဟိတ်. . . ချော်နီ. . . မကိုက်နဲ့. . . ဟာ. . . ဒီခွေးစုတ် လျှော်ရအောင်လုပ်နေပြန်ပြီ. . . ကဲကွာ"

"ဘုတ်" "ဂိန်" "ဒေါင်" "အမယ်လေးတော်"

ဆက်တိုက် အော်သံတွေထွက်ပေါ်လာတယ်။ ဖြစ်စဉ်က တုတ်ကောက်နဲ့လမ်းလျှောက်ရာက ပြန်ရောက်လာတဲ့ ခွေးပိုင်ရှင်ဦးလေးကြီးက

www.burmeseclassic.com



သူ့ခွေးစုတ်ဖွားကိုပြောမရတာနဲ့ လက်ထဲကတုတ်ကောက်နဲ့ လှမ်းပေါက်လိုက်တာ"

တုတ်ကောက်တစ်ဘက်က ခွေးကိုထိပြီး ကျန်တဲ့တစ်ဘက်က ဗလက်ဖောင်းခေါင်ကို သွားထိတယ်၊ တုတ်က နောက်ဘက်ကန်ထွက်ပြီး လမ်းလျှောက်လာတဲ့ ကောင်မလေးနှစ်ယောက်ထဲက ပန်းနုရောင်ဝမ်းဆက်နဲ့ ကောင်မလေးရဲ့ခြေသလုံးကို သွားထိတယ်"

အမယ်လေးတော်လို့အော်ပြီး ခြေသလုံးကို ကုန်းပြီးပွတ်နယ်နေလေရဲ့။ ဘေးကတစ်ယောက်က ပုဆိုးဒူးထောက်ထိုင်ပြီး ကူညီပွတ်သပ်ပေးရှာပြန်တယ်။ နာကျင်ပြေသလိုဖြစ်သွားမှ ဒေါသနဲ့ဆတ်ခနဲမော့ကြည့်လာတဲ့ မိန်းကလေး(၂)ယောက်ရဲ့အကြည့်။ မီးဝင်းဝင်းတောက်နေဘီသကဲ့သို့နယ်။ နှုတ်ခမ်းတွေဖိကိုက်ပြီး . . .

"ဒါ . . . ဘယ်လိုလုပ်လိုက်တာလဲ"

"ဗျာ"

"ရှင့်လက်ချက်မဟုတ်လား"

"မာင် . . . ကားပေါ်မှာတွေ့ခဲ့ရတဲ့ အူကြောင်ကြောင်ငနဲပါလား။ ထားဆုံတိုးနေပြန်ပြီ၊ ရေစက်ကလဲမကုန်နိုင်ဘူး"

"ဟုတ်ပါ့ခင်သဖင်ရယ်၊ ကြည့်ပါလား။ အူကြောင်ကြောင်နဲ့ ချောင်လိမ်တော့မယ်"

သူမတို့ပြောမှ ကျွန်တော်လည်း သူမတို့ကို မှတ်မိသွားတော့တယ်။ ဒါကြောင့် မအံ့ဩတော့ပါဘူး။

"ဒီမှာ . . . ခင်ဗျားတို့ ဘလိုင်းကြီးလဲလူချသေးတယ်၊ အလွတ်ဆောတွေလဲ တည်ကန်ကုန်ကြတယ်၊ ကျုပ်လုပ်တာမဟုတ်ဘူးဗျ၊ ဟော့ဒီအကြီးက သူ့ခွေးကိုစိတ်မရှည်လို့ တုတ်နဲ့ကောက်ပစ်တာ၊ တွေ့လား။ တုတ်အကျိုးတောင်မကောက်နိုင်ဘူး၊ သူ့ခွေးထွက်ပြေးသွားတဲ့ဖက်ကို

www.burmeseclassic.com



သုတ်သုတ်သွက်သွက်လိုက်သွားတာမှ တန်းနေတာပဲ၊ တရားခံက အဲ့ဒီ ဘကြီးပဲ"

"အဲ့ဒီအဘိုးကြီးက ရှင်နဲ့ အတူလာတာမဟုတ်လား"

"ဒါတော့ မတရားစွတ်စွဲတာပဲ၊ ဘာမှ အတူတူမလာဘူး၊ ဘာမှ လဲမဆိုင်ဘူး။ ကြာပါတယ်ဗျာ၊ အဲ့ဒီအဘိုးကြီးသာ သွားမေး"

"အို. . . ဘာလို့မေးရမှာလဲ"

"ဘာ. . . မမေးချင်ဘူးဟုတ်လား။ မင်းတို့မိန်းမတွေ အကျင့်က ဒီလိုချည်းပဲ၊ ကောင်လေးတစ်ယောက်ကို ရင်ခုန်မိပြီဆိုရင် အဲ့ဒီကောင် လေး သတိထားမိလာအောင် အမျိုးမျိုးလုပ်ပြတယ်၊ အခုလဲ ကျုပ်ကို စိတ်ဝင်စားလို့ ရန်ဖြစ်ချင်ယောင်ဆောင်၊ ပြီးတော့ ပြန်တည့်၊ ရင်ခုန် ဇာတ်လမ်းဖြစ်၊ ဒီလိုဖန်တီးကွက်တွေချည်းပဲ၊ ရိုးအီလွန်းလို့ ဖန်တရာ တေနေပါပြီ၊ အမေကပြောတယ်၊ ဒါမျိုးတွေကို စိတ်မဝင်စားရဘူးတဲ့၊ မဆိုရင် ယင်မတောင်အသမ်းမခံနဲ့တဲ့၊ မ,ကိုရှောင် အိုတောင်မဆင်းရဲ ဘူး။ ဟုတ်တယ် Good"

"အောင်မာ. . . အောင်မာ. . . ပြောသွားလိုက်တာ သူ့အတွက် အနှစ်တွေချည်းပဲ၊ လူကို ရစရာမရှိအောင် ဖွဲ့ပစ်လိုက်တာ၊ ရှင်လို ယောကျ်ားမျိုးကို ကျွန်မတို့ကလဲ ခေါက်ထား No ပဲ"

ကောက်ညှင်းကမစီးရပဲ ဆန်ကြမ်းကစီးပြနေတာ။ ရယ်ချင်စရာ ကြီး။ နားနားနား. . . စိတ်ကူးမပြောနဲ့ အိပ်မက်ထဲမှာ ယောင်လို့မက်ရင် တောင် ခေါင်းဆောမင်္ဂလာ ခုနှစ်ခါလောက်ကျင်းပပစ်မယ်၊ နားလည်ထား လိုက်"

ခင်သဇင်ဆိုတဲ့ကောင်မလေးက ချက်ချင်းနှုတ်တုံ့ပြန်လိုက်ပုံက စွာတေးကိုလန်လို့။ ကြိုးတစ်ချောင်းသိုင်းဝတ်ပြီး ဘိုမတွေစတိုင်လ်ဖမ်း ထားတဲ့ မော်လီက . . .

www.burmeseclassic.com



"ငပြုံးကပြဲနေရသေးတယ်. . . ဟွန့်"

ကျွန်တော်က . . .

"သားဖွားဆောင်တွေမှာ စစ်တမ်းပြုစုကြည့်လိုက်၊ ယောကျ်ား(၁) ယောက်မွေးရင် မိန်းကလေးက အယောက်(၁၀)မကဘူး မွေးတယ်၊ ယောကျ်ားတွေ ရှေ့လိုရှားပါးနေပြီ၊ ယောကျ်ားတွေရဲ့ ရွှေခေတ်ရောက်နေပြီ သဘောပေါက်၊ နောက်တစ်ခါလာရောချင်ရင် ယုတ္တိရှိရှိရော၊ ယုတ္တိမရှိမရောရင်. . ."

စကားပင်မဆုံးလိုက်ရ။ ခင်သဇင်က စီးထားတဲ့ဖိနပ်ကို ချွတ်ကိုင်နေပြီလေ။

"ဒီမှာ. . . နာလို့ဒေါသထွက်ရတဲ့အထဲ၊ ဒေါသပိုကြီးအောင် အမင်လာဆွနေတဲ့ အကောင်စုတ်ကို ရိုက်ထုတ်ပစ်မယ်"

ကျွန်တော်လစ်ရပြီပေါ့။ မိန်းမနဲ့ရန်ဖြစ်လို့မရ။ မော်လီက လှမ်းအော်တယ်။

"လာလေ. . . လာ. . . အဲဒါ ဘယ်ထွက်ပြေးတာလဲ၊ သတ္တိရှိရင်လာခဲ့စမ်း၊ ပါးရှစ်စိတ်ကွဲသွားမယ်၊ ဘာမှတ်နေလဲ"

"ခင်ဗျားကို ဆင်ကိုယ်လိပ်ခါးနဲ့ ဖားဖင်ပြားကြီးလို့ပဲ ထင်တယ်"

ခမ်လှမ်းလှမ်းကဆိုတော့ ပါးစပ်နဲ့လှမ်းစတာပေါ့။ ဒေါသကြီးတဲ့ ခင်သဇင်က ကွင်းသိုင်းဒေါက်ဖိနပ်နဲ့ လှမ်းပေါက်တယ်။ ရှောင်လိုက်လို့ မထိဘူး။ အဲ့ဒီဖိနပ်ကို ပလက်ဖောင်းမှာ အဖုံးလှပ်ထားတဲ့ မြောင်းထဲကန်ချို့ ကျွန်တော့်ခြေထောက်နဲ့ ပြင်ဆင်ထားလိုက်တယ်"

"မင်း. . . ငါ့ကို ထပ်စော်ကားရဲစော်ကားကြည့်၊ မင်းဖိနပ်ကို မြောင်းထဲကန်ချပစ်မယ်"

"အံမာ. . . လုပ်ရဲလုပ်ကြည့်စမ်း"

"စိန်မခေါ်နဲ့နော်"

www.burmeseclassic.com



ကျွန်တော်က ဖိနပ်ရှေ့ကပိတ်ရပ်ပြီး သူမကိုပြန်ပြောလို့ ပြီး ရှိသေးတယ်၊ ကနဲ့ကလျှနဲ့ လမ်းလျှောက်လာတဲ့ အခြောက်မ(၂)ယောက် က မိုးမမြင်လေမမြင်နဲ့ ဖိနပ်ကိုဝင်တိုက်သွားလိုက်တာ ဖိနပ်ကလေ မြောင်းထဲပြုတ်ကျသွားပါလေရော။

"ဟယ်"

"ဟင်"

"ဟောဗျာ"

"ပြန်လျှော်ပေး၊ နင်လုပ်တာ. . . ပြန်လျှော်ပေး"

"ဘယ့်နှယ်. . . ငါလုပ်ရမှာလဲ၊ ဟိုနှစ်ယောက်ဝင်တိုက်သွားတဲ့ ဟာကို၊ ဟိတ်. . . ဟိတ်. . . မင်းတို့(၂)ယောက် ခဏနေဦး"

"မိန်းမလျှာနှစ်ယောက်က ကနဲ့ကလျှနဲ့လှည့်ကြည့်တယ်"

"ဘာလဲ အစ်ကို၊ ဝယ်စားချင်လို့လား၊ ညီမဟာကောင်းတယ်"

"ဘာကွ. . . ဘာကောင်းတာလဲ"

"သကြားလုံးလေ၊ အရင်ခေတ်က ရှောက်သီးဆေးပြားရောင်း တာ အခုခေတ်က သကြားလုံးခေတ်ရောက်နေပြီ၊ သီချင်းဆိုပြမယ်၊ ကပြမယ် တစ်ထောင်ဖိုးငါးပုဒ်"

"တော်စမ်း. . . နင်တို့ဟာလဲဝယ်မစားဘူး၊ နင်တို့ ဒီနားမှာ ဖိနပ်တိုက်ချသွားတာ မြောင်းထဲကျသွားပြီ၊ အဲဒါ ပြန်လျှော်ပေးလိုက်"

"အမလေး. . . များတို့ သိတောင်သိလိုက်ပါဘူးတော်"

"အေးလေဟာ၊ လူကို. . ."

ခင်သဇင်က . . .

"နင့်ကြောင့်ဖြစ်တာ၊ နင် ဘာလို့ အပေါက်ဝမှာ ဖိနပ်တင်ထား သလဲ၊ လမ်းသွားလမ်းလာတွေက မမြင်တော့ တိုက်ချသွားမှာပေါ့"

www.burmeseclassic.com



"ဟယ်. . . မမရဲ့ချစ်ညီမလေးပြောတာ မှန်လိုက်တာနော်"

"ပြောပြလိုက်စမ်း. . . ဘာ"

အခြောက်မနှစ်ယောက်က ထောင်ခံနေတယ်။ ဒီပြဿနာက ကယ်လို့မှရှင်းလို့ရမှာမဟုတ်ဘူး။ အကြောင်းရိုက်ပြီးလစ်မှ . . .

"ဒီပြဿနာကို ဒီအတိုင်းရှင်းလို့မရဘူး။ ဟော. . . ဟိုမှာ Police Man လာနေပြီ"

သူမတို့တွေ အားလုံးလှည့်ကြည့်တုန်း ကျွန်တော် မြန်းခနဲ ထွက်ပြေးတင်ရတော့တယ်။ နောက်မှာ ပွတ်လောရိုက်ကျန်ခဲ့ပါလေရော။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၅)

လှစုကျော့ဆိုတဲ့မမကို လုပ်ငန်းခွင်မှာတွေ့နေရတာ ကျွန်တော့်စိတ်ကို အရမ်းအရမ်း လှုပ်ရှားစေတယ်။

"ဟိတ်ကောင်လေး. . . လုပ်စရာရှိတာ သွက်သွက်လုပ်တာမဟုတ်ဘူး၊ MD အခန်းကို ဘာတွေလှမ်းချောင်းနေတာလဲ"

"ရှူး. . . တိုးတိုးလုပ်ပါ ကိုအေးမင်းရ"

"အေးပါ၊ ကိုယ့်အလုပ်ကိုယ်ပြီးအောင်လုပ်"

"ဟုတ်ကဲ့ပါ၊ ဒါနဲ့ ကိုအေးမင်းက လှုပိုကြီးလား၊ အဲလေ လှုပျိုကြီးလား"

"ဘာလုပ်မလို့လဲ၊ ငါက စပ်စုတာမကြိုက်ဘူး"

"သိချင်လို့မေးတာပါဗျာ"

"အေး. . . လှုပျိုကြီးပဲ"

www.burmeseclassic.com



"MD လုစုကျော့က လုံးကြီးပေါက်လှကြီး၊ ကိုအေးမင်း လှုပျိုဖြစ်ပြီးတော့ MD လုစုကျော့အပျိုအရွယ်ကို မမှီလိုက်ဘူးလား"

"ဘာကွ. . . ဘာလို့မမှီရမှာလဲ၊ အခုလဲမှီနေတာပဲ၊ MD လုစုကျော့က အပျိုကြီးလေ"

"ဟောဗျာ. . . ကလေးရှိတယ်ဆို"

"ကျွတ်. . . အဲ့ဒါ မွေးစားသားလေး၊ ဘယ်ကကောက်ရတာလဲ မသိဘူး၊ နို့ဘူးတိုက်ပြီးမွေးထားတာ"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲပျောက်သွားမိတယ်၊ လုစုကျော့ကို မျှော်လင့်ပိုင်ခွင့်ရှိသွားပြီပေါ့။

"မင်းမျက်နှာကြီး တအားပြုံးနေပါလား၊ ကေနွ MD ကို သဘောကျနေတယ်နဲ့တူတယ်"

"အဟဲ. . ."

"ဖြစ်နိုင်တယ်၊ ကောင်းကင်မှာရကြီး၊ မြေ[illegible]လသာ၊ ညအခါမှ သစ်ပင်တွေပြောင်းပြန်ပေါက်တဲ့အခါကျရင်တော့ [illegible]D ရည်းစားဖြစ်နိုင်ဖို့နီးစပ်နိုင်တယ်"

"အခု ဘာဖြစ်လို့လဲ"

"တော်တန်ရုံယောကျ်ားဆို ခေါက်ထားခဲ့တာ အပျိုကြီးဖြစ်တဲ့အထိ၊ သူဌေးသူကြွယ်တွေ ပိုင်းပိုင်းကိုလည်နေတာပဲ၊ ဘဲရီးဆောရီးလုပ်ထားတာကိုပဲ ကြည့်၊ MD လုစုကျော့က တစ်သက်လုံး အပျိုကြီးလုပ်သွားမယ့်ပုံပဲကွ၊ သူ့ကြည့်ရတာ ခဲမှန်ဖူးတဲ့စာသ[illegible]ယ်လို အချစ်မှန်ဖူးတဲ့ဖျိုသူငယ်မလေး ဖြစ်ခဲ့ဖူးပုံပဲ၊ ဖောက်ပြားတဲ့ယောကျ်ားနဲ့တွေ့လို့ အချစ်ကို စိတ်နာပြီး စစ်ကြေငြာထားပုံပဲ"

"ဒိန်းမတွေက အချစ်ကြီးချစ်တဲ့သူတစ်ယောက်နဲ့ ချစ်ကြပြီးမှ အဲဒီချစ်သူက သစ္စာဖောက်သွားရင် နောက်ထပ်အသစ်မရှာတော့ဘဲ

www.burmeseclassic.com



ယောက်ျားတွေကို စိတ်အနာကြီးနာသွားတတ်တယ်နော်''

"စိတ်ကြီးတဲ့မိန်းမတွေမှာ ဖြစ်တတ်တာပေါ့ကွာ"

"ကွန်ပျူတာကိုင်တဲ့ခင်မာလာဆိုရင် တစ်ယောက်မကောင်း တစ်ယောက်ပြောင်းပြီး ရည်းစားထားလိုက်တာ သူလိုချင်တဲ့ ဓားပါတိတ်ဝယ်မပေးလို့ စိတ်ကောက်ရာက ပြတ်သွားကြတာလေ၊ ခင်မာလာက ဖိုက်တာ''

''ဒါဆို ကိုအေးမင်းက ဂေါ်ဇီလာပေါ့''

''နင့်လင်ကြီး ဂေါ်ဇီလာရမှာလဲ၊ ငါလဲ မိန်းမတွေကိုစိတ်နာလို့ မိန်းမတွေနဲ့ဝေးတဲ့နေရာကို အိမ်ပြောင်းနေလိုက်ပြီ. . . ဟင်း''

''ဘယ်နေရာကိုလဲ''

''ငါ့အိမ်ဘေးတစ်ဖက်က ဆေးလိပ်ခုံ၊ ကျန်တဲ့တစ်ဖက်က ဇီးထုပ်ထုပ်တဲ့အလုပ်ရုံ''

ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်မောလိုက်ချိန်မှာ ရုံးခန်းထဲက ထွက်လာတဲ့ လှစုကျော့နဲ့ တန်းတိုးတယ်။ ရုံးခန်းဆိုတာ ဝန်ထမ်းအားလုံးလှမ်းမြင်လို့ရအောင်လုပ်ထားတဲ့ မှန်လုံခန်းပါ။ ရုံးခန်းထဲကို မမြင်စေချင်ရင် ပလပ်စတစ်တရုပ်ကပ်အပျော့တွေ ကြိုးနဲ့ဆွဲကာလိုက်ရုံပါပဲ။

''ရုံးချိန်အတွင်းမှာ ဟီလာတိုက်နိုင်လောက်အောင် အလုပ်အားနေသလား၊ လှလင် အဲ့ဒါဆိုရင် မင်း ငါနဲ့လိုက်ခဲ့''

ကျွန်တော်က လက်ရှိအလုပ်ရှိကြောင်း ပြောဖို့ပြင်ပြီးမှ သူမနဲ့လိုက်ရမယ့်အခွင့်အရေးကိုလိုချင်လို့ ဘာမှပြန်မပြောတော့ဘူး။ ကိုအေးမင်းက သူဘာမှမဟုတ်တဲ့အတိုင်း သူ့အလုပ်သူဆက်လုပ်နေတယ်။

လှစုကျော့နောက်က ကျွန်တော် ခပ်ကော့ကော့လေးလိုက်သွားတာပေါ့၊ ကြည့်စမ်း။

www.burmeseclassic.com



တော်တော်လှတဲ့မိန်းမ။ လမ်းလျှောက်တာ ဆတ်တောက်ဆတ်တောက်နိုင်ပေမယ့် လုပ်ငန်းဝတ်စုံနဲ့ အင်မတန်ကြည့်ကောင်းတဲ့ အလှ။ သလုံးသားတွေက ဝါဝင်းနှစ်ဝိုနေတယ်။ စကပ်ဒူးဖုံးဝတ်ထားတယ်။ လေဒီရှူးကိုစီးထားတယ်။ ကုတ်အင်္ကျီကို ကောလံနဲ့ ခါးတိုဝတ်ထားတယ်။ နက်ပြာရောင်အောက်စမှာ အဖြူစင်းပါတဲ့ ဝတ်စုံနဲ့။ နားဆွဲလေးတွေက ချလွှင်လေးတွေမို့ လှုပ်ရှားလိုက်တိုင်း မြည်နေတယ်။

ခင်ဗျားနဲ့ရရင် ကျွန်တော် သေပျော်ပါပြီဗျာ။

ခင်ဗျားနဲ့ . . . ။

ကျွန်တော့်အတွေးမဆုံးခင်မှာ စီးလာတဲ့ဓာတ်လှေကားက ဆုံးသွားတယ်။ အောက်ထပ်ရောက်တာနဲ့ ကားပါတ်ကင်ကကားကို ဝင်ထိုင်တယ်။ ကျွန်တော် ဘေးမှဝင်တိုင်မယ်လုပ်တော့ . . .

"ဟိတ် . . . အဲဒါဘာလုပ်တာလဲ"

"မသိဘူးလေ၊ MD က အပြင်ခေါ်သွားမယ်ထင်လို့"

"မခေါ်ဘူး။ ကားနောက်က အထုပ်အပိုးတွေသယ်ပြီး တို့အခန်းထဲအရောက်ပို့ထား"

အခုမှ သဘောပေါက်သွားတယ်။ နောက်တော်ပါးကလိုက်ရမယ်ထင်ထားတာ။ သွားပါပြီ။ ကားနောက်ခန်းကအထုပ်အပိုးတွေ သယ်မပြီးချိန်မှာတော့ သူမရဲ့ကားလေး ကြော့ကြော့မော့မော့ထွက်သွားပါလေရော။ ကျွန်တော်ကတော့ အထုပ်အပိုးတွေ ကသီလင်တနဲ့ ဓာတ်လှေကားပြန် စီးပြီး အပေါ်ရုံးခန်းကိုရောက်လာရတယ်။

ကျွန်တော့်ကိုဆီးကြိုပြီး ဟားတိုက်သူကတော့ အေးမင်းပဲပေါ့။ အမြင်ကတ်ကတ်နဲ့ မမြင်ချင်ယောင်ဆောင်ပြီး သူ့ခြေထောက်ပေါ်တက်

www.burmeseclassic.com



နှင်းဆီလိုက်မှုပဲ။ ရယ်သံကနေ ငိုသံပေါက်အောင် ညည်းတွားတဲ့သံစဉ် ပြောင်းသွားတော့တယ်။ မှတ်ပြီလား။

www.burmeseclassic.com

## အခန်း (၆)

ဈေးကွက်ထဲရောက်အောင် ကုန်ပစ္စည်းဖြန့်ဖြူးရတဲ့အခါ နေချစ်ပိုင်းဆိုတဲ့ ငနဲတစ်ယောက်နဲ့ ကျွန်တော် လက်တွဲလုပ်ရတယ်။ ခေါင်းတိုကားလေးမောင်းပြီး တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ကုန်ပစ္စည်းတွေချပေး။ စာရင်းမှတ်။ အရင်အပတ်ကချပေးထားတဲ့ ရောင်းရငွေတွေ ပြန်ကောက်။

စတိုးဆိုင်ကြီးတစ်ဆိုင်ရဲ့ရှေ့မှာ ကားရပ်တော့ ချစ်ပိုင်းက စာရင်းကိုင်တယ်။ ယာဉ်မောင်းတာလဲ သူပေါ့။

ကျွန်တော်ကတော့ နောက်ခန်းတံခါးဖွင့်ပြီး ချပေးရမယ့်ပစ္စည်းတွေ အရောက်ပို့ပေးရတဲ့သူ။

အဲ့ဒီအချိန်မှာ နီဆန်းဖိမ်ခံကားတစ်စင်းက ကျွန်တော်တို့ကားရှေ့ ပိတ်ရပ်တယ်။ ကားပေါ်ကဆင်းလာတာတွေက အပျိုစားတွေ။ ဒီဇိုင်းကမိုက်တယ်။ စောင်မလေးသုံးယောက်။ နေကာမျက်မှန်တွေနဲ့။ အသေအချာကြည့်မှ . . .

www.burmeseclassic.com



"ဟိုက်"

ခင်သဇင်၊ မော်လီနဲ့ နောက်အသစ်တစ်ယောက်။ စတိုးဆိုင်ထဲကို စတိုင်(လ်)နဲ့ဝင်သွားကြတယ်။ တော်ပါသေးရဲ့။ ကျွန်တော့်ကိုမတွေ့လိုက်လို့။ မချောတွေ ဒီတစ်ခါတော့ ကိုယ်ပိုင်ကားစီးလို့ပါလား။ အရင်က မာတတ်ဆီချွေတာကြပုံရတယ်။

"လုလင်ရေ. . . ခုနပြောတဲ့စာရင်းအတိုင်း ပစ္စည်းသွားမို့မယ်"

မလွဲရှောင်သာတော့ဘူး။ ဝင်ရတော့မယ်ဆိုင်ထဲကို တိုးချင်တိုးမတိုးချင်နေ။ ပစ္စည်းတွေထမ်းပိုးပြီး ဝင်သွားတယ်။ ပစ္စည်းတင်မယ့်နေရာကို ဆိုင်အလုပ်သမလေးက လာပြတယ်။

ပစ္စည်းတွေ တန်းပေါ်ထပ်နေတုန်း အနားကို ခင်သဇင်တို့အဖွဲ့ရောက်လာတယ်။ ကျွန်တော့်ကို မမှတ်မိအောင် ဟိုဖက်လှည့်နေပေမယ့် မော်လီကပြုံးပြုံးပြုံးပြုံးနဲ့ ကျွန်တော့်မျက်နှာကို ရှေ့ကလာကြည့်တယ်။

"ဟယ်. . . တူပါတယ်လို့ထင်နေတာ၊ ဒီလူပဲဖြစ်နေတာကိုး၊ ခင်သဇင်ရေ. . . တို့ကို ပညာပေးသွားတဲ့အစ်ကိုလေးက ပစ္စည်းဖြန့်တဲ့လုပ်သားလေးဖြစ်နေပါလား။ ဟားဟားဟားဟား"

"အို. . . ဟုတ်ပါရဲ့နော်၊ သနားစရာ ကျွတ်. . . ကျွတ်. . . ကျွတ်၊ ဖိနပ်ဖိုးလျှော်နိုင်းရမှာတောင် အားနာစရာကြီး။ ခစ်ခစ်ခစ်"

"ရှင်တို့ ဘာတွေပြောနေကြတာလဲ"

"ဒီလိုလေ စောဥမ္မာရဲ့၊ ဟိုတစ်ခါ တို့ကို နှိပ်ကွပ်သွားတဲ့လူဆိုတာ ဟော့ဒီအစ်ကိုလေးပေါ့"

စောဥမ္မာက ကျွန်တော့်ကိုကြည့်ပြီး နှာခေါင်းရှုံ့တယ်၊ ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး အလုပ်ပြီးတာနဲ့ လှည့်ထွက်ဖို့အပြင်မှာ ခင်သဇင်က ခပ်တည်တည်မျက်နှာထားလေးသံမာမာနဲ့. . .

"ခဏနေဦး။ ဒီလိုသွားလို့ရကြေးလား"

www.burmeseclassic.com



"ဗျာ. . . ခင်ဗျားတို့ လူမှားနေပြီနဲ့တူတယ်"

"ရှင့်ရုပ်ကြီး ခွေးချီသွားတာတောင်မှ မှတ်မိတယ်"

"ခင်ဗျားတို့နော်၊ အုပ်စုတောင့်တယ်ဆိုပြီး ကျွန်တော့်ကို အနိုင်မကျင့်ကြနဲ့"

"အနိုင်မကျင့်ပါဘူး အစ်ကိုလေးရယ်၊ ဝိုင်းဖွဲ့မှာ၊ ကဲဟယ်"

မော်လီ ကျွန်တော့်ခေါင်းကို လက်နဲ့လှမ်းခေါက်တယ်၊ ကျွန်တော် ရှောင်လိုက်တယ်၊ ခင်သဇင်က လှမ်းခေါက်တယ်၊ လက်ကို ဖမ်းဆုတ်ထားလိုက်တယ်။

"အဲ. . . လွှတ်နော်၊ လက်ကိုင်မှုနဲ့တိုင်မှာနော်"

"ဘာလို့ခေါင်းခေါက်တာလဲ၊ ခေါင်းခေါက်တာမကြိုက်ဘူး။ ကိုယ်ထိလက်ရောက် မကျူးလွန်ပါနဲ့"

စောဥမ္မာကပါ လှမ်းခေါက်တယ်။ လက်ကိုင်ဖမ်းဆုပ်ထားလိုက်တယ်။ မော်လီနဲ့ခင်သဇင်တို့ရဲ့ လက်နှစ်ဖက် ဆုပ်မြှောက်ထားချိန်မှာ မော်လီက တရစပ်ကို လိုက်ခေါက်တော့တာပဲ။ ကျွန်တော်လဲ အမျိုးစုံ ရှောင်ရတယ်။ ဆိုင်ထဲမှာ ကွိုင်တက်နေလို့ ဆိုင်ရှင်အစ်မကြီးနဲ့ ဝန်ထမ်းတွေ ပြေးလာကုန်ကြတယ်။ ဆိုင်ရှင်တရုတ်မကြီးက . . .

"အို. . . ဘယ်လိုတွေဖြစ်ကုန်ကြတာလဲ"

"ဒီမှာ. . . တရားခံတွေမိထားပြီ"

"ဘာတရားခံလဲ၊ သူသာ မသမာကောင်"

"လုပ်ပါဦးအစ်မကြီး၊ ဒီမှာ ခေါင်းကိုအတင်းလိုက်ခေါက်နေတယ်၊ ကျွန်တော့်တာသာနေတဲ့ဟာကို"

ဆိုင်အလုပ်သမကလေးကလဲ အတူရှိနေတော့ ကျွန်တော့်ဖက်က သက်သေလိုက်ပေးတယ်။

"တော်ကြပါတော့၊ အခန့်မသင့်လို့ဖစ်ကြတာပါ။ ကြားထဲက

www.burmeseclassic.com



ဝဲ တောင်းပန်ပါလှယ်''

အဲ့ဒီအချိန်မှာ တရုတ်မကြီးရဲ့ခင်ပွန်း တရုတ်ဝဝကြီး ပြန်ရောက်လာတယ်။ ခါးမှာ ဆယ်လူလာ့ဖုန်းချိန်ထားတယ်။

''ဟော့. . . အီလိုတွေဖစ်နေကြသာလဲ့''

''ဝ ရှင်းပြမယ်၊ ဆီလူနဲ့ ဆီလူမတွေ ဆီမှာတွေ့လှယ်၊ စပ်ခါးများလှယ်၊ ဗိုလ်ိုဗိုလိုဖြစ်လယ်''

''အိုက်ယား၊ လုပြောလယ်၊ ဝနားမီလယ်ဘူး၊ ဘာလဲ ဗိုလိုဗိုလိုဆိုလှာ''

''နားဝေးလယ်။။ တိဖက်နဲ့တိဖက် ဗိုလိုဗိုလိုဖြစ်လှယ်လေ''

ကျွန်တော်က သူမတို့နှစ်ယောက်ရဲ့လက်တွေကို လွှတ်ပြီး တရုတ်ကြီးလင်မယားနှစ်ယောက်နောက်မှာ ကပ်နေရတယ်၊ တရုတ်ကြီးလင်မယားကလဲ ပြဿနာကိုရှင်းပြရင်းနဲ့ သူတို့အချင်းချင်း ရှင်းမရဖြစ်နေတယ်။ တရုတ်ကြီးက အပြင်မှာ ဘာပြဿနာတက်သလဲမသိဘူး၊ မျက်နှာကြီးနီရဲပြီး ဒေါကန်ကန်နဲ့ပြန်ရောက်လာတာ။ ဒီရောက်တော့ သူ့မိန်းမမရှင်းမတတ်လို့ ပိုပြီး ဒေါကန်ပါလေရော။

''အားကီးရှုပ်လှယ်၊ ဝစိတ်ညစ်လှယ်''

''ဦးနားမီလယ်ဘူး၊ ဗိုလိုဗိုလိုရှိတာ တဘောမီပေါက်ဘူး၊ ဝရှင်းပြလှာ လျှာတစ်တောင်လောက်ရှည်ထွက်ကုန်ပီ၊ မီရှင်းတတ်တော့ဘူး''

''မီရှင်းတတ်တာ ကူတို့ကို တွားခိုင်းလိုက်ပေါ့၊ ဘာလို့ စီကားတွေ များနေတေးလှဲ၊ အာကီးခက်လှယ်နော်''

''မီပြောမီပြီး မတီးမပြည့်လေ၊ ဝပြောမှဖစ်မှာပေါ့၊ ဝဆိုင်ရှင်လေ၊ လုပြောလှာ၊ ဝကို လျှာရှည်မလို့ဆိုတာ ဝကို ဒီလိုမီစွတ်စွဲနဲ့၊ မီကြိုက်ဘူး၊ ဝစိတ်ကို လုတီလှယ်နော်။

''တီလှယ်. . . တီလှယ်. . . ပေါင်းလာတာ အီနှစ်နှီဆယ်ရှိပြီ

www.burmeseclassic.com



လုစိတ်ကိုလဲ ဝဝီလှယ်၊ ဝစိတ်ကိုလည်း လုတီလှယ်၊ လူကြားထဲမှာ စီလို စီကားမပြောနဲ့"

"ပြောယှော့ ဘာဖစ်သေးလဲ၊ လုပြောတာဟုတ်လို့လား"

"ဟာ. . . စီမိန်းမ၊ ငါထိုးလိုက်လို့ နောက်ထပ်တွား(၂)ချောင်း ကျိုးပြီး ရွှေတွားပြန်စိုက်နေရဦးမယ်"

"စေတနာကောင်း၊ နီက ဝကို လူကြားထဲ အီရှက်ခွဲလှယ်ပေါ့၊ ဝကုတ်ဆွဲလို့ လုဟာကြီးပြဲခဲ့တာ မိမှတ်အုံးလား"

"ဘာပြုလာလှယ်"

"ပိစပ်. . . ပိစပ်ကို ပြောလှာဟော့"

တရုတ်ကြီးလင်မယား ပြဿနာတက်နေတုန်း ကျွန်တော် ခိုင်လျှိုလေးနဲ့ လစ်ထွက်လာလိုက်တယ်။

နောက်က ခင်သဇင်တို့သုံးယောက် လိုက်လာတယ်။

"အဲ့ဒါ ဘာယ်ထွက်ပြေးတာလဲ"

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် အလုပ်တာဝန်နဲ့သွားရမှာ ပါ"

ဒီအချိန်မှာပဲ နေချစ်ပိုင်းက အနားရောက်လာတယ်။

"အမိုက်စားလေးတွေပါလား၊ မင်းနဲ့ ဘယ်တုန်းကသိတာလဲ ငါ့ကိုလဲ မိတ်ဆက်ပေးစမ်းပါ"

"ဟုတ်ကဲ့. . . သူက ခင်သဇင်၊ နောက်က မော်လီ၊ ဟိုဖက်က စောဥမ္မာတဲ့၊ ဒါက ကျွန်တော့်ကို ထိန်းချုပ်စေခိုင်းနေတဲ့ ကျွန်တော့်အာစရိ နေချစ်ပိုင်းတဲ့"

"ဟုတ်ကဲ့. . . ကျွန်တော်နေချစ်ပိုင်းပါ၊ ဈေးကွက်မြှင့်ဖြူးရေး တာဝန်ခံပါ"

"ဘာလဲ. . . ရှင်ကခိုင်းလို့ သူကလုပ်တာလား"

www.burmeseclassic.com



"တုတ်ပါတယ်၊ ကျွန်တော်ခိုင်းလို့ သူလုပ်ရတာပါ"

"သူလုပ်သမျှ ရှင့်အပေါ်မှာ တာဝန်ရှိတယ်ပေါ့"

"အမှန်ပါပဲ"

"အဲ့ဒါဆို လက်စွမ်းပြကြစို့ဟေ့"

ဘာပြောကောင်းမလဲ။ ခင်သဇင်တို့သုံးယောက်ရဲ့လက်တွေက ကြက်အစာကောက်သလို နေချစ်ပိုင်းနဲ့ခေါင်းကို တဒေါက်ဒေါက်နဲ့ ခေါက်လိုက်တာမှ စိန့်စတင်းထက်အောင် မြန် သေးတယ်။ ဘုမသိဘမသိနဲ့ ခေါက်ခံရတဲ့ နေချစ်ပိုင်းတစ်ယောက် . . .

"အား"

"အလားလား"

"အောင်မလေး. . . နေကြပါဦး"

"ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်"

"သေပါပြီဗျ၊ ကျွန်တော် ဘာလုပ်မိလို့လဲဗျ"

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"တော်ကြပါတော့. . . ကယ်ကြပါဦးအရပ်ကတို့ရဲ့"

www.burmeseclassic.com

## အခန်း (၇)

ဘုတစ်ရာထနေတဲ့နေချစ်ပိုင်းကို ကျွန်တော် ကျပ်ထုပ်ထိုးပေး နေရတယ်။

"အဲဒါပေါ့၊ တပည့်မကောင်း ဆရာ့ခေါင်းဆိုတာ၊ မင်းကွာ ဒီ နေရာမျိုးကြမှ ငါ့ကို ဆရာတင်ရတယ်လို့၊ ငါကလည်း အလုပ်ခိုင်းတဲ့ကိစ္စ ခေးတယ်ထင်နေတာ၊ အပွဲပွဲနွှဲလာသမျှ ဒီတစ်ပွဲမှာတော့ နေချစ်ပိုင်းတို့ နှိပ်ပစ်ခံရတာ နာသကွာ"

"စိတ်လျှော့လိုက်ပါ အာစရိရယ်"

"တော်ကွာ၊ အဲ့ဒီလိုမခေါ်နဲ့၊ စိတ်နာလွန်းလို့၊ ဟွန့်. ငါ့ကို ဒီလို ထုပ်သွားတာ မကျေနပ်ဘူး။ နေချစ်ပိုင်းရဲ့ဘဝမှာ ရည်းစားတွေ မှိုလိုပေါ ခဲ့တာ ရာဇဝင်နဲ့ကွ၊ ဒီကောင်မလေးတွေရဲ့အသည်းကို လှလှပပကြီးပြန်ခွဲ ပြမယ်၊ ကြည့်နေ"

www.burmeseclassic.com



နေချစ်ပိုင်းက ကြိမ်းဝါးနေတယ်။ ကျွန်တော်က ရယ်ချင်နေတယ်။ နေချစ်ပိုင်းက အသားဖြူဖြူ ရုပ်သန့်သန့်နဲ့ မိန်းကလေးတစ်ရာမှာ ကိုးဆယ်လောက်က သူ့ကိုကြိုက်နေတာ၊ သူလိုက်ရင်ရတယ်လို့ အသေတွက်ထားတဲ့လူ ဒါကြောင့်မို့ ရုပ်ခံလေးအားကိုးနဲ့ ဘယ်မိန်းကလေးမဆို ဝင်ရောပြီး လက်တည့်စမ်းချင်နေတာပေါ့၊ အခုတော့ ခံလိုက်ရပြီလေ''

ကုမ္ပဏီပြန်ရောက်ပြီး အလုပ်ပြန်ချိန်ရော်ဂ...တော့ နေချစ်ပိုင်းက ကျွန်တော့်ကိုကပ်တယ်။

''ပြောစမ်းပါကွာ၊ အဲဒီကောင်မလေးတွေ ဘယ်မှာနေသလဲဆိုတာကို''

''တကယ်မသိလို့ မသိဘူးပြောနေတာပါဗျာ''

''မသိဘဲနဲ့ ဒီဇာတ်လမ်းတွေ ဖြစ်မလားကွ'' 

ဘတ်(စ်)ကားပေါ်မှာ လမ်းပေါ်မှာ ရန်ဖြစ်ခဲ့တာပါလို့ ဆိုနေမှ။ ဒီတစ်ခါထပ်ကြုံရင် သူတို့ နေရပ်လိပ်စာတွေကို ရအောင်မေးထားမယ်၊ ဒါမှမဟုတ်. . . ဟာ. . . ဟိုမှာ. . . ပြောရင်းဆိုရင်း ဟိုမှာ မီးပွိုင့်မှာမိနေတဲ့ ဖိမ်ခံကားပေါ်မှာ ခင်သဇင်တို့ဗျ''

''ဟာ. . . အေးဟ. . . အသက်ရှည်ဦးမယ့် မယ်မင်းကြီးမတွေ၊ ဒါ. . . အကွက်ပဲ၊ ကားငှားပြီး သူတို့နောက်ကလိုက်ကြည့်ကြမယ်. . . လာ. . . မြန်မြန်''

အငှားကားတစ်စီးငှားပြီး ခင်သဇင်တို့ကားနောက်ကို နောက်ယောင်ခံလိုက်ကြည့်ကြတယ်။ အိမ်ယာစီပ်မွန်တစ်ခုထဲကို ချိုးကွေ့ဝင်သွားတယ်။ တိုက်အမှတ်နဲ့ သူမတို့တက်သွားတဲ့အခန်းကို ဇီးရောင်မှန်ကနေ လှမ်းကြည့်ထားလိုက်တယ်။

''တိုက်(၄)၊ ပထမထပ်၊ ဘယ်ဖက်အခန်းကွ၊ အိုကေပြီ. . . နောက်နေ့တွေ တွေ့ကြသေးတာပေါ့''

www.burmeseclassic.com



"အလုပ်တာဝန်ကြီးနဲ့ ဘယ်လိုလုပ်ပြီးသွားတွေ့မှာလဲ"

"အားတဲ့အချိန်ပေါ့ကွာ၊ မင်းကိုတော့ တည်ကြက်အဖြစ် အသုံးချရလိမ့်မယ်"

"ဟိုက်"

"ဟိုက်မနေနဲ့၊ ချိုးအဖိုလေးက ဖိုသံပေးရင် ချိုးမလေးတွေထွက်လာမယ်"

"ဒါဆို နေချစ်ပိုင်းက ချိုးထောင်တဲ့မုဆိုးပေါ့"

"မဟုတ်ဘူး၊ အချစ်ထောင်တဲ့ အချစ်မုဆိုး"

နောက်တစ်နေ့မှာ ချစ်နေပိုင်း အလုပ်ကခွင့်ယူသွားတယ်။ တခြားဒါရိုင်ဘာနဲ့ပဲ လိုက်ပို့ရတော့တာပေါ့၊ အဲ့ဒီနောက်တစ်နေ့မှာတော့ နေချစ်ပိုင်း အလုပ်ပြန်ဝင်လာတယ်။

"ငါစုံစမ်းလို့ရခဲ့ပြီကွ"

"ဟုတ်လား. . . ဘာတွေလဲ၊ သူတို့က. . ."

"ခင်သဇင်က ဝန်ထမ်းမိသားစုကပေါက်ဖွားလာတာ၊ မော်လီနဲ့ စောဥမ္မာတို့က ရေလျှံတယ်၊ မော်လီ့အဖေက ကြက်သားကင်နဲ့အကြော်တွေ ခေတ်စတိုင်နဲ့ လုပ်ရောင်းတဲ့ဆိုင်ပိုင်ရှင်၊ အိမ်ယာရိပ်မွန်မှာနေ တယ်၊ စောဥမ္မာနဲ့အတူတူပဲ၊ စောဥမ္မာရဲ့အဖေက အိမ်ယာရိပ်မွန်မှာ နေတာမဟုတ်ဘူး၊ တာမွေအပိုင်းနား ရပ်ကွက်ထဲကအိမ်လေးမှာနေတာ"

"သိလှချည်လား"

"နေချစ်ပိုင်းပါကွာ၊ မပိုင်ရင်ဘာမှမလုပ်ဘူး"

"သူကို့က သုံးယောက်တောင်"

"စစ်မျက်နှာများပေမယ့် ငါနိုင်အောင်တိုက်နိုင်ပါတယ်၊ အစွရေးလိုပေါ့၊ ဘာရပ်(၆)နိုင်ငံလောက်က ဝိုင်းတိုက်တာတောင်မနိုင်ဘူး၊ အစ္စရေးက လက်ဦးအောင်ဆော်လိုက်တာချည်းပဲ၊ အဲဒီ (၆)နိုင်ငံရဲ့အတွင်းရေး

www.burmeseclassic.com



တွေကို ကြုံသိထားလို့ပေါ့၊ စစ်ရေးသတင်းတွေ ကြုံရထားလို့ပေါ့၊ အခု ငါလဲ သူတို့သုံးယောက်အတွင်းရေးတွေ ကြုံသိထားတယ်၊ မနိပ်ဘူးလား"

"နိုင်ငံတကာရေးရာတွေ အဖတ်များပြီး တင်စားနိုင်းဆိုလိုက်ပုံကတော့ စံပဲဗျာ"

"ဘောစကားနဲ့ပြောရဦးမလား၊ မန်ချက်က လန်ထွက်နေတယ်၊ ချဲလ်ဆီးက စတယ်ကြီးတယ်၊ အာကြီးက နာစေးနေပြီ၊ လီဗာပူးက ဒီတစ်ခါတော့ ရှုံးပြီနဲ့တူတယ်၊ နယူးကာဆယ်ကတော့ အရှုံးချာလည်ကို ဖြစ်လို့"

"တော်ပါတော့. . . ကားမောင်းရင်း စကားမပြောရဘူး၊ အာရုံများပြီး ဝင်တိုက်မိကုန်မယ်ဗျ"

"အဲ့ဒီသုံးယောက်ထဲက ဘယ်သူ့ကို မင်းကြိုက်လဲလုလင်"

"ပိုင်သေကြီးပါလား၊ အဟဲ. . . ခင်သဇင်လေးက မိတယ်မိုက်တယ်"

"ငါကအပျော်ပဲ၊ မင်းကြိုက်ရင် ငါလုပ်ပေးမယ်၊ ငါက စောဥမ္မာကို အရင်မိအောင်ဖမ်းမယ်၊ သူနဲ့ငါနဲ့ချစ်သူဖြစ်သွားရင် မင်းနဲ့ခင်သဇင်လေးကိုလည်း အောင်သွယ်လုပ်ပေးရတာ မခက်တော့ဘူးပေါ့ကွာ"

"မုန့်ဝေတာပဲစားမှာနော်၊ တုတ်ဝေရင်တော့ ကိုယ်ဖြစ်ကိုယ်ခံပဲ နေချစ်ပိုင်း"

"မင်း. . . ငါ့ကို အထင်သေးတာလား၊ နေချစ်ပိုင်းအကြောင်းကို စုံစမ်းကြည့်လိုက်ဦး၊ ပေါ်ပြူလာမန်းဆိုတာ သဘောပေါက်သွားမယ်"

"ဒီလောက် မြှာစွံနေတယ်ပေါ့"

"စွံတာမှ လွန်လွန်းသေးတယ်"

"အဲ့ဒါဆို MD လုစုကျော့ကိုကော ဘာလို့မလိုက်တာလဲ"

"အမ်. . .၊ အဲ့ဒါ ကိုယ့်အထက်ကအရာရှိကွ၊ မစားကောင်းတဲ့

www.burmeseclassic.com



သစ်သီးမို့လို့ ချန်ထားတာ၊ ဟဲဟဲဟဲ''

''ရှေးရေစက်အကြောင်းဖန်ရင် ရှင်ဘုရင့်သမီးနဲ့လည်း ညားနိုင်ပါတယ်ဗျာ''

''ကောင်စုတ်လေး၊ လက်စသတ်တော့ MD ကိုမှ ကြိတ်ကြဲနေတာကိုး၊ မင်းတော့ အမြှောက်နဲ့ထုခံရတော့မယ်၊ တန်ရာတန်ရာလုပ်စမ်းပါ၊ မတန်မရာမှန်းမိလို့ အလွမ်းရင်ကွဲကြီးဘဝ ရောက်နေပါဦးမယ်ကွာ''

''မတန်တာဘာမှမရှိဘူး၊ ကျွန်တော့်ကိုသာ အချစ်ကိုချဉ်းကပ်တဲ့နည်းပညာတွေ သင်ပေးစမ်းပါဗျာ''

''ဟ. . . ခက်တော့နေပြီ၊ မင်းက MD လုစုကျော့ကိုမှန်းတာလား၊ ဒါဆို ခင်သဇင်ကရော''

''တစ်ချက်မထိ တစ်ချက်ထိပေါ့ဗျာ''

''လှေနံနှစ်ဖက်နင်းမိလို့ ပေါင်ပြဲနေပါဦးမယ်''

''လှေနှစ်စင်းကို ဝါးလုံးနဲ့ချည်ပြီးနင်းရင် မပြဲပါဘူးဗျာ''

''ငါးရံ့နှစ်ကောင်လုံး ဖမ်းလို့မရဘူးနော်''

''ဖမ်းတတ်ရင်မိပါတယ်''

''ဒီကောင် အလာကြီးပဲ၊ ငါ့ကို ဆရာတင်ရင်တော့ ငါလဲ တတ်သည့်ပညာမနေသာဆိုသလို သင်ပေးရမှာပေါ့ကွာ၊ လုစုကျော့ကပထမဆု ခင်သဇင်က ဒုတိယဆု၊ ဒါမျိုးသဘောထားတာလား''

''ဟုတ်တယ်၊ ပထမမရရင် ဒုတိယပေါ့''

''ငါးမရရင် ရေချိုးပြန်မယ်ပေါ့''

''စကားပုံတွေကုန်တော့မယ်၊ မုန့်ဆီကြော်က ဘယ်နေမှန်းမသိ ဘူးနှုတ်ခမ်းနာနဲ့တည့်ပါ့မလားဆိုတာက အရင်ဖြစ်နေပြီ''

ကျွန်တော့်စကားကို နေချစ်ပိုင်း သဘောကျပြီးဟားနေတယ်။ ပြီးတော့ . . .

www.burmeseclassic.com



"အဲ့ဒီလိုမပြောရဘူးကွ၊ ခေတ်နဲ့ညီအောင်ပြောရတယ်၊ အိမ်ခန်းငှားတာ တည့်မတည့်မသိရသေးဘူး။ ပွဲခကို ဝေစုခွဲရင်း ရုပ်ပျက်ဆင်းပျက် ရန်ထဖြစ်တတ်တဲ့ကျောက်မြောင်းက ပါးစပ်စိုက်အိမ်ပွဲစားတွေလိုပဲလို့ ပြောရမယ်၊ ဟား. . . ဟား. . . ဟား. . . ဟား"

ကျွန်တော်ကတော့ ရန်မဖြစ်ချင်ပါဘူး။ ကြိုးစားမယ်၊ ရသလောက် အခွင့်အရေးကိုယူမယ်၊ ဒီနေ့ကစပြီး နေချစ်ပိုင်းကို ဆရာတင်လိုက်ပြီ။

"ရှင်းဖော့၊ တပြီးကျဲ့လာခံပက်"

"ဘာစကားလဲကွ"

တဂုတ်နဲ့မြန်မာ နှစ်ဘာသာရောမွှေထားတဲ့စကားပါ၊ ရှင်းဖော့ဆိုတာ တရုတ်လိုဆရာတဲ့၊ တပြီးကျဲ့ဆိုတာ တပည့်ကြီး၊ လာခံပက်ဆိုတာ လက်ခံပါလို့ ပြောတာ"

"ကီးပေါင်း. . . ကီးပေါင်း. . . လေးကလူ. . ."

"မဆဲနဲ့လေ ဆရာသမားရဲ့"

"မဆဲပါဘူး၊ ကီပေါင်းဆိုတာ ကောင်းပြီလို့ပြောတာ၊ ကောင်းပြီး ကောင်းပြီး လေးကလူဆိုတာ လူကလေးလို့ပြောတာ"

"ဂလိုကိုး"

"ဒါပေါ့. . . ဒါပေါ့"

www.burmeseclassic.com

## အခန်း (၈)

အထုပ်အပိုးသယ်ဖို့ လှစုကျော့က သူ့မကားနောက်မှာ ကျွန်တော့်ကိုတင်ခေါ်လာတယ်။ က,ပြီးတော့တောင်လိုက်လာတာပါ။ မြို့ထဲကကုမ္ပဏီရုံးခန်းမှာ ကားရပ်ပြီး အပေါ်ထပ်ကိုတက်လာတယ်။ ကျွန်တော်က လက်ဆောင်ပစ္စည်းတွေ သယ်လို့ရတာပေါ့။ နိုင်ငံခြားသားပိုင်တဲ့ ကုမ္ပဏီပါ။ ဆေးဝါးနဲ့ လူသုံးကုန်တင်သွင်းဖြန့်ချိတဲ့ လုပ်ငန်းစုလေးပါ။

ပိုင်ရှင်ဖေါရင်နာက ထမင်းသွားစားတယ်။ အတွင်းရေးမှူးမလေးက ခေတ္တခဏစောင့်ခိုင်းသည်။ အလုပ်ကြီးအကိုင်ကြီးလုပ်တဲ့သူတွေဆိုတော့ အချိန်စောင့်ရတာတွေ အဖြစ်မခံချင်ဘူး။ အမှန်ဆို ဖုန်းနဲ့ကြိုချိတ်လိုက်ရမှာ။ ချိတ်ဖို့ လှစုကျော့ မေ့သွားပုံရတယ်။

ဒီအနားတပိုက်မှာ သွားစားတာလို့ အတွင်းရေးမှူးမလေးက ပြောတယ်။ လှစုကျော့က ကျွန်တော့်ကို ဆင်းရှာခိုင်းတယ်။ အင်္ဂလိပ်လို ယဉ်ယဉ်ကျေးကျေးပြောဆိုပြီး ညွှန်သည့်ရောက်နေကြောင်းပြောဖို့ တီးတိုးမှာ

www.burmeseclassic.com



လိုက်တယ်။

ခက်တာပဲ။ ဒီနားမှာက ဆိုင်ပေါက်စီတွေအများကြီး။ ဘယ်လိုက် ရှာရမလဲ။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ရှာပေါ့။

ဟော. . . တွေ့ပြီ. . . ငနဲကြီးက လမ်းကြားထမင်းဆိုင်မှာ ထမင်း စားနေတာကိုး။ ဘောင်းဘီတိုနဲ့ ဟာဝေယံရှပ်နဲ့။ ဟမ်းဖုန်းလိုလို နားကြပ် ကတ်ဆက်လိုလိုဟာနဲ့။ စီးပွားရေးကို ပေသီးခေါက်ပြီး ချွေတာနေလိုက် တာ။ ဆိုင်ကြီးကန္တားကြီးမှာတောင် တက်မစားတော့ဘူး။

အနီးကပ်သွားလိုက်တယ်။ ကြည့်ပါဦး။ အစပ်အပူပါတဲ့ မြန်မာ ထမင်းဟင်းကို နှပ်တွေယိုတဲ့အထိ အားပေးနေလိုက်တာ။ ဘယ်လိုဖော် ရင်နာမှန်းလဲ မသိဘူး။

"ဟိုင်း. . . မစ္စတာစမစ်"

ကျွန်တော်က စတင်နှုတ်ဆက်တော့ မော့ကြည့်တယ်။ အိုင်းရစ် သွေးနှောပုံပဲ။ မျက်လုံးပြာကြီးနဲ့။ ဒါကြောင့်မို့ ကပ်စေးနဲတာနေမှာပေါ့။ ဘိုလိုမှုတ်ရတော့မယ်။ အဲ့ဒီမှာတင် . . .

"ဟိုင်း"

လို့ ပြန်နှုတ်ဆက်ဖော်ရတယ်။ ကျွန်တော် ဘိုလိုစပ်ရပြီပေါ့။

"ကျေးဇူးပြုပြီး စကားနည်းနည်းလောက် ပြောခွင့်ပြုပါ"

"မင်း ဘာအလိုရှိလို့လဲ"

"မစ္စတာစမစ်ရဲ့ရုံးခန်းမှာ အရေးကြီးတဲ့ညှော်သည် ရောက်နေပါ တယ်။ လာအကြောင်းကြားတာပါ"

"အိုကေ. . . ငါသိပြီ"

စားလက်စကိုရပ်တန့်ပြီး ရေတစ်ခွက်သောက်တယ်။ ရွှေချည်ထိုး

www.burmeseclassic.com



ဦးထုပ်ကလေးဆောင်းပြီး လိုက်လာတယ်။ ဒီလိုဖော်ရင်နာမျိုးကြတော့ ပွင့်လင်းတယ်။ ကြီးကျယ်တဲ့ဟိတ်ဟန်မရှိဘူး။ ကျွန်တော် ဦးဆောင်တက်တဲ့ ရုံးခန်းပေါ်ကို လိုက်တက်လာတယ်။ ရုံးခန်းထဲရောက်တော့မှ ပြဿနာ တက်ရတော့တာပဲ။

"အို. . . ဟို. . . ရှင်ခေါ်လာတာ လူမှားနေပြီ"

အတွင်းရေးမှူးမလေးက အထိတ်တလန့်နဲ့ပြောလာတယ်။ ကျွန်တော်က . . .

"မစ္စတာစမစ်ဆိုတာ သူမဟုတ်ဘူးလား"

"မဟုတ်ဘူးရှင့်၊ ဒါ လမ်းထဲက စိတ်မနှံ့တဲ့လူကြီး။ သူ့နာမည်က ရှုဖစ်တဲ့၊ အင်္ဂလိပ်သေလို့ ပြန်ဝင်စားတာ၊ သူက သိပ်ဦးနှောက် မကောင်းဘူး"

ဒီလိုစကားလဲကြားလိုက်ရော စမတ်ကျကျထိုင်နေတဲ့ လူစုကျော့ တစ်ယောက် ကျွန်တော့်ကို မျက်စောင်းခဲကြည့်လာတော့တယ်။ ရှုဖစ်ဆိုတဲ့ဘိုဝင်စားကြီးက လူစုကျော့အနားကို ဝင်ထိုင်နေပြီ။ လူစုကျော့ ဆတ်ခနဲထပြီး ကျွန်တော့်ကိုကွယ်ရပ်နေတယ်။

"မင်းဟာလေ ဆင်ခြင်တုံတရားမရှိဘူး၊ ကုမ္ပဏီပိုင်ရှင်က ဒီလို ဖိုစီ ဝတ်စားထားပါ့မလား၊ တော်တော်တုံးတဲ့ကောင်"

ရှုဖစ်က လူစုကျော့ကိုလှမ်းကြည့်ပြီး . . .

"လေဒီ. . . ကမ်းအွန်"

"ကမ်းအွန်. . . လေဒီ. . ."

"မင်းခေါ်လာတာ ပြဿနာ၊ အခုချက်ချင်း အပြင်ပြန်ခေါ်သွား"

ကျွန်တော်က ရှုဖစ်ကို . . .

www.burmeseclassic.com



"ဟော့လူ လာလိုက်ခဲ့"

ဟောဗျာ. . .သူက တပြန် ကိုယ့်ကို အရှုးလုပ်ပြီး အော်ခံနေသေးတယ်။ ကျွန်တော်က သူ့လက်ကို အတင်းသွားဆွဲတော့ ကျွန်တော့် ကိုထထိုးမလို့ လက်သီးနဲ့ရွယ်တယ်။ အရပ်မြင့်ပြီး တောင့်တင်းတဲ့ဒီငနဲ ကြီးကိုကျွန်တော် ခံထိုးရတော့မယ်။ ရှုဖစ်က ကျွန်တော့်ကို ဆောင့်တွန်း လိုက်တာ . . .

"ဝုန်း"

ခနဲ ကြမ်းပေါ်လဲပြီး ခေါင်းထဲမိုက်ခနဲဖြစ်သွားတယ်။

ကျွန်တော် သတိရလို့ကြည့်လိုက်တော့ လုစုကျော့ တဖြန်းဖြန်း လိုက်ရိုက်နေတယ်။။

"ဖြန်း"

"အမေရေ့"

"ဖြန်း"

"ကယ်ကြပါဦး"

အတွင်းရေးမှူးမလေးက ကောင်တာနောက်မှာ ဝပ်ပုန်းနေတယ်။ ဒီကုမ္ပဏီကလဲ ပိုင်ရှင်နဲ့အတွင်းရေးမှူးပဲတွေ့ရတယ်။ ကျန်တဲ့သူတွေ မရှိတာလား။ ရုံးမတက်တာလားတော့မသိဘူး။ ဘယ်သူမှ ဆွဲမယ့်သူမရှိဘူး။ လုစုကျော့ကို ဒီလိုလုပ်နေတာ ကျွန်တော်ဟာ ခြသေ့်တစ်ကောင်လို ဝုန်းခနဲခုန်ထတယ်။ မာန်ဖီပြီး မတ်တပ်ပန်ကာကို ဆွဲဖြုတ် ရှုဖစ်ရဲ့ခေါင်းနောက်ကို ပိတ်ရိုက်ချလိုက်တယ်။

"ခွပ်"

"အီး"

ရှုဖစ်နောက်စေ့ကိုအုပ်ပြီး ဒူးထောက်လဲကျသွားတယ်။ ကျွန်တော်က လုစုကျော့ရဲ့လက်ကိုဆွဲပြီး ရုံးခန်းပေါ်ကဆင်းချလာခဲ့တယ်။ ကောင်

www.burmeseclassic.com



လိုက်တာ။ နွေးအိနေတဲ့လက်သွယ်နုနုလေး။

ထိတ်လန့်နေချိန်မို့ ကျွန်တော်ပြုသမျှကို နုခံနေတယ်။ တိုက်အောက်ရောက်တော့မှ ဘေးနားကလူတွေကို အကျိုးအကြောင်းပြောပြီး ရှုစ်ကို တက်ဆွဲခေါ်ခိုင်းရတယ်။ တော်ကြာ အတွင်းရေးမှူးမလေးကို လိုက်ရိုက်နေလို့ ကားပေါ်ရောက်တဲ့အထိ လှုစုကျော့စိတ်တွေ ဂဏာမငြိမ်ချင်သေးဘူး။ ကားထွက်လာပြီးတော့ အအေးဆိုင်မှာကားရပ်တယ်။ စိတ်ငြိမ်သွားအောင် သံပုရာရည်တစ်ခွက်မှာသောက်တယ်။ ကျွန်တော်က အနားမှာရှိတဲ့ဆိုင်ကနေ လူပျံတော်ပတ္တမြားတစ်ဖူး ဝယ်ပြီး ကြံရည်နဲ့ရောတိုက်လိုက်တယ်။ ဒီတော့မှပဲ လှုစုကျော့မာန်တွေ ပြန်ဝင်လာတော့တယ်။

"မင်းအသုံးမကျလို့ အခုလို အရှက်ကွဲခဲ့ရတာ။ မင်းကို အလုပ်ဖြုတ်တယ်။ ရုံးခန်းမှာ သုံးလစာနစ်နာကြေးလာယူပြီး ဒီနေ့ပဲထွက်သွားတော့"

ခင်ဗျာ။ အပျိုးကြီးတန်မဲ့ အရိုက်ခံရတော့လဲ ရှက်ရှာမှာပေါ့လေ။ ရှက်မွှန်မွှန်ပြီး ဒီလိုလုပ်တာပဲလို့ နားလည်ပြီး သူမရဲ့အမိန့်ကို ကျွန်တော် ဦးညွှတ်သုန် နာခံလိုက်ပါတယ်။

www.burmeseclassic.com

## အခန်း (၉)

"မင်းဟာကြီးက ငိုရမလား ရယ်ရမလားတောင်မသိတော့ပါဘူးကွာ၊ ငါ့ပညာအမွေမပေးရသေးခင် မင်းနဲ့MD ကြီးက အမုန်းနဲ့စနေပြီ၊ မင်းရဲ့ကံဇာတာကလည်း အချစ်နဲ့စစ်ဖြစ်ထားတဲ့အတိုင်းပဲ"

"ပြောချင်သလိုသာပြောတော့ နေချစ်ဝိုင်းရေ၊ ကျွန်တော်အလုပ်သစ်ရှာတော့မယ်၊ ကိုအေးမင်းတစ်ယောက် သူများဆီကာဘီယာတွေကပ်သောက်ပြီး ဝမ်းလျှောနေလို့ ရုံးမတက်နိုင်ဘူး။ သူ့ကိုတွေ့ရင် ပြောလိုက်ပါ၊ ကျွန်တော် တာ့တာလုပ်သွားတယ်လို့"

"အေးပါကွာ. . . ပြောလိုက်ပါ့မယ်၊ မင်းနဲ့ငါနဲ့ အဆက်အသွယ်ပြတ်လို့မဖြစ်ဘူး၊ ဟိုငတိမသုံးကောင်ကို နှိပ်ကွပ်ရဦးမယ်လေ"

"ခင်ဗျားဇာတာက သာယာနေတော့ လုပ်ချင်တာလုပ်တော့ဗျို့၊ မမလှစုကျော့ကို နေ့တိုင်းတွေ့ခွင့်မရတော့လို့ ဝမ်းနည်းတာပဲရှိတယ်"

"ငမ်းနည်းရင် ဝမ်းနုတ်ဆေးစား၊ ရင်နာရင် ရင်လူးဆေးလူး

www.burmeseclassic.com



အသဲနာရင် အသဲဆေးသောက်၊ နှလုံးနာရင် ကြိုးမခုန်နဲ့.”

“ဗိုဘဗျာ. . . ဒီမှာ ညစ်နေရတဲ့အထဲ ဘာတွေပြောနေတာလဲ၊ သွားမယ်ဗျာ”

ကျွန်တော် အိမ်ပြန်ခဲ့တယ်။ မိဘနှစ်ပါးက ဝန်ထမ်းတွေပါ။ ညဖက်အလုပ်ကပြန်ရောက်လာတော့ ကျွန်တော် အလုပ်ပြုတ်တဲ့အကြောင်းတို ပြောလိုက်တယ်။ အမေကဟင်းချတယ်။ အဖေက ပက်လက်ကုလားထိုင်ကြီးပေါ်မှာ ခြေပစ်လက်ပစ်။

သုံးလစာကြိုရလာလို့ လက်ထဲငွေယားလေးရှိနေတယ်၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး သီချင်းတွေနားထောင်ရင်း မမလှစုကျော့ကို လွမ်းနေမိတယ်။ အစကတည်းက မတွေ့ခဲ့ကြရင်အကောင်းသား။

ညနေစောင်းကြတော့ မမလှစုကျော့ရဲ့မျက်နှာလေးကို မမြင်ရရင်မနေနိုင်လို့ မမတိုက်ခန်းရှိရာကို ထွက်လာခဲ့လိုက်တယ်။

မမရဲ့ကားကို တိုက်ရှေ့မှာတွေ့တယ်။ ဒီအချိန်ဆို မမရေမိုးချိုးနေမှာပေါ့။ ကျွန်တော့်လို အညတြရကောင်ကို သတိလေးတစ်ချက်လောက်မှ ရဖော်ရသေးရဲ့လား။

ခပ်လှမ်းလှမ်းမှာရှိတဲ့ ဂိမ်းဆိုင်ရှေ့မှာ သွားထိုင်နေလိုက်တယ်။ ဂိမ်းဆိုင်ကလူပြည့်နေတော့ အားမယ့်အချိန်ကို စောင့်တာလိုလိုဘာလိုလိုနဲ့ပေါ့။ အဲ့ဒီအချိန်မှာ ညနေဈေးကပြန်လာဟန်တူတဲ့ တင်သီတာပြုံးနဲ့ တည့်တည့်ကြီးသွားဆုံတယ်။

“ဟယ်. . . မောင်လေး. . . ဘယ်ကိုလာတာလဲ”

“ဟို. . . အဲ. . . ဒီနားခဏလာတာ”

“အိမ်ကိုဝင်ဦးလေ”

“အဲ. . . နေပါစေ”

အဲ့ဒီအချိန်မှာ မမတို့တိုက်ခန်းထဲကနေ မမရဲ့မွေးစားသား တယ်

www.burmeseclassic.com



ရှိကျော်စွာထွက်လာတယ်။ အပြင်ခဏထွက်ဆော့တာပဲထင်တာပေါ့။ ကိုယ်တော်ချောက ကျွန်တော်တို့နဲ့ ဆန့်ကျင်ဖက်အရပ်ကို ထွက်သွားတယ်။ ဒါကို တင်သီတာပြုံးက ကျောပေးထားလို့မတွေ့ဘူး။ ကျွန်တော်က လှမ်းတွေ့လိုက်တယ်။ သွားနေကြလွှတ်ထားတာထင်လို့ ဒီအတိုင်းပဲ ကြည့်နေလိုက်တယ်။

ကျွန်တော် အလုပ်ဖြုတ်ခံရတာ တင်သီတာပြုံး သိသေးပုံမပေါ်ဘူး။ ဈေးထဲမှာဈေးဝယ်တဲ့အကြောင်း၊ ဟယ်ရီကျော်စွာဆိုးတဲ့အကြောင်းတွေ မြင်းအီးပေါက်သလိုပြောပြီး နှုတ်ဆက်ထွက်သွားတယ်။

မမကိုတွေ့ရနိုးနိုးနဲ့ ကျွန်တော် အသာပြန်ထိုင်ပြီး လှမ်းမျှော်ကြည့်နေလိုက်တယ်။ သိပ်မကြာပါဘူး၊ တင်သီတာပြုံးတစ်ယောက် တိုက်ခန်းထဲကပြန်ထွက်လာပြီး ဟိုကြည့်ဒီကြည့်နဲ့လိုက်ရှာနေတယ်။ မမပါထွက်လာပြီး အိမ်နေရင်းဝတ်တဲ့ အပေါ့စားဝတ်စုံနဲ့။

သိလှတာပဲမမရယ်။ ဖမ်းပွေ့သိမ်းပိုက်ဖက်ထားလိုက်ချင်တယ်။ ကျွန်တော့်ကို မမလှမ်းမတွေ့ဘူး။ တင်သီတာပြုံးက ဒီဖက်ကို ပြုံးပြုံးပြာပြာနဲ့လျှောက်လာတယ်။

"မောင်လေးရေ. . . ဟယ်ရီတစ်ယောက် ဒီဖက်ထွက်လာတာတွေ့သေးလား၊ သူ့အမေရေချိုးနေတုန်း ခိုးထွက်သွားသတဲ့၊ ဒုက္ခပါပဲ"

"ဟိုဖက်လမ်းထိပ်ကိုထွက်သွားတာ တွေ့လိုက်တယ်၊ အစ်မနဲ့ ကျွန်တော် စကားပြောနေတုန်းထွက်သွားတာ၊ ကျွန်တော် လိုက်ရှာပေးရမလား"

"အေးကွယ်. . . လုပ်ပါဦး၊ ကူညီပါဦး၊ သိပ်ဆိုးတဲ့ကလေး"

မမလှစုကျော့ အိမ်ထဲခဏပြန်ဝင်တဲ့အချိန်မှာ မမတို့တိုက်ခန်းရှေ့က ကျွန်တော် သုတ်ခြေတင်ဖြတ်လျှောက်လိုက်တယ်။ တစ်ဖက်လမ်းထိပ်ကိုရောက်တော့ အရပ်သုံးမျက်နှာကို လိုက်ကြည့်တယ်။ ခပ်လှမ်းလှမ်း

www.burmeseclassic.com



မှာ လူစုစုနဲ့တွေ့ရလို့ အဲ့ဒီဖက်ကိုလျှောက်ကြည့်လိုက်တယ်။ ကလေးဆို တာ လူစုစုမြင်ရင် စပ်စုတတ်တယ်မဟုတ်လား။ ထင်တဲ့အတိုင်းပဲ မျက်နှာအဝတ်စည်းပြီး အကြားအမြင်ပုံစံမျိုးပောပြောနေတဲ့ဝိုင်းမှာ ဟယ်ရီကျော်စွာတစ်ယောက် နှစ်ချေးတရှုံ့ရှုံ့နဲ့ ငေးကြည့်နေတယ်။ ဝတ်ထားတာကတော့ အပျံစားပဲ။

"ဒီကလေးက မေးချင်လို့တဲ့"

"ဟုတ်ပြီ. . . ဆရာ့ကိုမေးပါ"

"ဒီကလေးဝတ်ထားတဲ့အင်္ကျီအရောင်က ဘာအရောင်လဲ"

"အဝါရောင်"

မျက်နှာအဝတ်စည်းထားတဲ့လူက အထပ်ပြောနေတယ်။ အမှန်တော့ သူတို့ပြောတဲ့စကားထဲမှာ စကားဝှက်ကပါပြီးသား။

"ဒီကလေးဟာ သေးလားပိန်သလား"

"ဝတစ်တိုလေး"

အဲ့ဒီအချိန်မှာ ဟယ်ရီကျော်စွာက . . .

"ဟာဂျာ. . . တားမေးချင်တာ အဲ့ဒါမဟုတ်ဘူး"

"ဟေ. . . ဒါဆိုတာလဲ"

"တားတားဖေဖေ ဘယ်မှာလဲ"

"ဟေ"

တပည့်က အံ့သြသွားတယ်။ အဝတ်စည်းထားတဲ့ဆရာက အဲ့ဒီကလေး ဘာမေးနေတာလဲဟေ့"

"သူ့အဖေ ဘယ်မှာလဲတဲ့"

"အင်း. . . သူ့အဖေက လူထဲမှာပေါ့ကွ"

"ဟာဂျာ. . . ကြိမ်းတေပြောဂျာ"

"မင်းအဖေ အိမ်မှာပေါ့ကွ"

www.burmeseclassic.com



"ညာဒယ်ဂျာ. . . အိမ်မှာ မေမေပဲရှိဒယ်၊ ဖေဖေ ပန်အလာ ဝေးဘူး"

"အလုပ်သွားတာပဲ၊ ညဖက်မှပြန်လာမှာပေါ့"

"ညဖက်လဲ ပန်အလာဘူး။ မေမေပြောတော့ ဟိုးနိုင်ငံခြားမှာတဲ့"

"အေးပေါ့. . . နိုင်ငံခြားမှာပေါ့"

"ထေတွားပြီဂျ"

"ဩော်. . . အေးပေါ့. . . သေပြီပေါ့"

"ချရာဂျီးညာတယ်ဂျာ. . . ညာတယ်"

ဒီကလေးကြောင့် ဒီဝိုင်းတော့ပျက်ရကိန်းဆိုက်ခါနီးပြီ၊ ကျွန်တော် ဝင်ခေါ်ရတော့တယ်။

"ဟယ်ရီ. . . လာစမ်း။ မင်းကိုလိုက်ရှာလိုက်ရတာကွာ၊ လာ. . . အခု အိမ်ပြန်မယ်. . . ထ"

"ဟာဂျာ ပန်ဘူးဂျာ၊ ပန်ဘူး"

"မပြန်လို့မရဘူး။ ငါခေါ်နေတာ"

ကျွန်တော်နဲ့ဟယ်ရီကျော်စွာတို့ အချေအတင်ဖြစ်နေကြတုန်းမှာ ဆရာကြီးက ခန့်မှန်းခြေနဲ့ ရမ်းတုတ်တော့တာပါပဲ။

"ကဲ. . . အခုမှ မင်းအဖေရောက်လာပြီမဟုတ်လား"

အဲဒီလိုပြောလိုက်တဲ့အချိန်မှာ ကျွန်တော့်နောက်ကျောအနားမှာ လှစုကျော့နဲ့ တင်သီတာပြုံးတို့ရောက်နေတာ ကျွန်တော်မသိလိုက်ဘူး။ တင်သီတာပြုံးက လှစုကျော့ကိုပြောပြီး ခေါ်လာတာလေ။

"ဟုတ်တယ်. . . ကျွန်တော် ဒီကလေးရဲ့အဖေပဲ. . . လာ. . . ထ သွားမယ်သားလေး။ မင်းအမေ အိမ်မှာစိတ်ပူနေတယ်"

ကျွန်တော် အတင်းပဲ ဟယ်ရီကျော်စွာကိုဆွဲခေါ်ပြီး နောက်ကို လှည့်ထွက်လိုက်တယ်။ မျက်မှောင်ကုတ်ကြည့်နေတဲ့ လှစုကျော့နဲ့ရင်ချင်း

www.burmeseclassic.com



အခ်၊ မျက်နှာချင်းကပ်ပြီးတိုးမိမလိုဖြစ်သွားတယ်။ လှုစုကျော့အမှန်သိလိုက်တာနဲ့ . . .

"ဗုဒ္ဓေါ်"

www.burmeseclassic.com

## အပိုင်း (၁၀)

"မင်းနဲ့ ရှေးရေစက်ပါထယ်နဲ့တူပါရဲ့၊ ဒီကလေး တစ်စုံတစ်ရာ ဖြစ်တိုင်း မင်းရောက်ရောက်လာပြီး ကူညီတယ်နော်၊ မထူးဆန်းဘူးလား"

ကျွန်တော် မျက်နှာပူလို့ ဘာပြန်ပြောရမယ်မှန်းမသိဘူး။ တင်သီတာပြုံးက အတင်းခေါ်တာနဲ့ အိမ်အထိလိုက်လာရတာလေ။ လှစုကျော့ကတော့ သူ့သားကိုဆူနေတယ်။ မရိုက်ဘူး။ ကလေးနားဝင်အောင် ပြောပြနေတယ်။ တင်သီတာပြုံးက အဲအေးနဲ့ညှော်ခံနေလို့ပေါ့။

ပြန်မယ်တကဲကဲလုပ်နေတဲ့ ကျွန်တော့်ရဲ့အားနာတတ်မှုကို လှစုကျော့ သတိထားမိသွားပုံရတယ်။

"ဒီလမ်းထဲကို မင်းဘာလုပ်စားလဲ၊ ဘာလဲ၊ အလုပ်ဖြုတ်လိုက်တာ မကျေနပ်လို့လား"

"ဟာ. . . မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူး မမ"

ကျွန်တော် လွှတ်ခနဲ 'မမ'လို့ခေါ်လိုက်မိတဲ့အခါ လှစုကျော့ရဲ့

www.burmeseclassic.com



မျက်နှာပေါ်မှာ ခံစားချက်မျိုးစုံ ယှက်ဖြာသွားတာမြင်လိုက်ရတယ်။ ...ခင်သီတာပြုံးက လှစုကျော့နဲ့ ပြောမနာဆိုမနာ၊ သူငယ်ချင်းညီအစ်မမျိုးဖြစ်ပုံရတယ်။ ဒါကြောင့်မို့ ကျွန်တော့်ကို ဒီလိုခေါ်ပြောရဲတာပေါ့။ နို့မို့ လှစုကျော့က မျက်နှာအရိပ်အကဲပြလိုက်ရင် ဘယ်ခေါ်ရဲမလဲ။ လှစုကျော့ကိုယ်၌ကလည်း ကျွန်တော့်ကို မခေါ်လိုတဲ့စိတ်ထား မရှိလို့နဲ့တူပါရဲ့"

ဘေးနားမှာနားထောင်နေတဲ့ တင်သီတာပြုံးက တအံ့တဩနဲ့. . .

"လှလင်ကို အလုပ်ထုတ်ပစ်လိုက်ပြီဟုတ်လား. . . ကျော့ကျော့"

"ဟုတ်တယ်၊ တလွဲတချော်တွေလုပ်လို့ ထုတ်ပစ်တာ"

"ဩော်. . . ကျော့ကျော့ရယ်၊ အဲဒီလောက်ကြီး ပစ်ပစ်ခါခါမလုပ်ပါနဲ့၊ တခြားဆုပေးဒဏ်ပေးနည်းကို ကျင့်သုံးချင်ကျင့်သုံးပါ၊ ကုမ္ပဏီမှာ စိတ်ဓာတ်ကောင်းတဲ့လူမျိုးတွေ ပိုလိုအပ်တယ်မဟုတ်လား"

လှစုကျော့ တွေခနဲဖြစ်သွားတယ်။ တင်သီတာပြုံးက ကျွန်တော် အလုပ်ပြန်ရအောင် နည်းမျိုးစုံနဲ့ လှည့်ပတ်ပြောပေးရှာတယ်။ ငါးမိနစ်လောက်ကြာတော့ လှစုကျော့ စိတ်အနည်းငယ်ပျော့လာတယ်။

"ကျော့ကျော့ရဲ့သားလေးနဲ့လဲ ရေစက်ရှိတဲ့လူငယ်လေးပါ။ ဒီအရွယ် အလုပ်လက်မဲ့ဖြစ်နေရင် စိတ်လေပြီး ပျက်စီးသွားမှာပေါ့၊ အလုပ်တစ်ခုရဖို့ဆိုတာကလဲ လွယ်တာမှတ်လို့။ သားလေးကိုကယ်ခဲ့တဲ့မျက်နှာတွေထောက်ပြီး ပြန်ခန့်လိုက်ပါကွယ်။

လှစုကျော့ ပင့်သက်မောကိုရှိုက်လိုက်ပြီး ကျွန်တော့်ကို ဆရာမတစ်ယောက်ရဲ့မျက်လုံးတွေနဲ့ လှမ်းကြည့်တယ်။

"မင်းသဘောဘယ်လိုလဲ"

"ကျွန်တော့်သဘောကတော့ ကျေးသနားမှ နွေးချမ်းသောရှူးပါ မမ၊ မမအနားမှာနေပြီး အလုပ်တွေ အများကြီးလုပ်ပြချင်ပါတယ်။ ဒေါ်ကို နောက်တစ်ခါ မစောင့်ရှောက်မကာကွယ်နိုင်ဘူးဆိုရင် ကျွန်တော့်ကိုယ်

www.burmeseclassic.com



ကျွန်တော် 'ခုဆိုက်' လုပ်ပစ်လိုက်မယ်''

လူစုကျော့ရဲ့အကြည့်က ကျွန်တော့်ရင်ကို ထွင်းဖောက်မွှေနှောက်နေသလိုပဲ။ အမိန့်ချခံရတော့မယ့်လူတစ်ယောက်လို ကျွန်တော် ရင်တုန်ပန်းတုန် လှိုက်မောတုန်ခါနေမိတယ်။

''မင်းစကားကို မင်းအမြဲမှတ်ထားပါ။ ဆိုခဲ့စေမြဲစေပေါ့၊ ရှုံ့ချည်နယ်ချည်လုပ်တာတော့မဟုတ်ဘူး။ ထောက်ထားရမယ့်အရေးတွေကြောင့်မင်းကို အလုပ်ပြန်ခန့်လိုက်မယ်၊ အရင်အတိုင်း အရင်နေရာမှာ အရင်လိုပြန်လုပ်ပါ၊ အများတော့ ယောင်လို့တောင်မလုပ်မိစေနဲ့နော်''

လှိုက်ခနဲဝမ်းသာလွန်းတဲ့စိတ်နဲ့ ကျွန်တော် အသက်ရှူတာ ခဏ ရပ်သွားမိတယ်။ မေ့ခနဲဖြစ်သွားတာပေါ့၊ လှစ်ခနဲသတိပြန်ရလာတဲ့အချိန်မှာ ကျွန်တော် အားရဝမ်းသာပြောလိုက်မိတဲ့စကားက . . .

''ကျေးဇူးတင်ပါတယ် မမ''

www.burmeseclassic.com

## အခန်း (၁၁)

“ဟော့လူကြီး”

“ဟာ. . . လုလင်”

“ဟားဟားဟား. . . ကျွန်တော် အလုပ်ပြန်ရပြီဗျ”

“ဟုတ်လား. . . ဝမ်းသာတယ်ကွာ၊ ဘယ်မှာလဲ”

“ဒီကုမ္ပဏီမှာပေါ့”

“မြတ်စွာဘုရား”

“အဟုတ်ပြောနေတာ”

“မြန်လှချည်လား၊ ပြုတ်တာလဲမြန်၊ ခန့်တာလဲမြန်နဲ့၊ ဒါတို့ MD တော့ စိတ်သိပ်မှုမမှန်တော့ဘူးနဲ့ တူတယ်”

“မှန်ပါတယ်ဗျာ၊ ပြန်လက်တွဲလုပ်ရတော့မယ်၊ ဒီနေ့တစ်ပြိုင်း ပျော်ပျော်ပါးပါးပေါ့”

“အေး. . . ငါလဲ မင်းကို ပြောစရာတွေရှိနေပြီ”

www.burmeseclassic.com



"ဘာလဲကွ"

"ငါနဲ့စောဥမ္မာ ကြည်ဖေအေးဖေဖြစ်တော့မယ်ကွ"

"ဗုဒ္ဓေါ. . . မြန်လှချည်လား"

"မြန်ဆို စောဥမ္မာရဲ့ဘေးအခန်းက ကျောင်းတုန်းက ငါ့သူငယ်ချင်း အေးမြစန္ဒာရဲ့အခန်းလေ၊ အေးမြစန္ဒာကို အောင်သွယ်ခိုင်းလိုက်တော့ အလိုက်သင့်လေး မျောဝင်သွားရှုပေါ့၊ မနေ့က ကော်ဖီရှော့ပ်မှာအဖြေတောင်းလိုက်တယ်၊ ဒီနေ့ည(၉)နာရီမှာ 'ဖုန်းဆက်ပြီးအဖြေပေးမယ်တဲ့'ကဲ. . . မပိုင်ဘူးလား"

"ပိုင်တယ်ဗျာ၊ စောဥမ္မာနဲ့ဖြစ်သွားရင် ကျွန်တော့်ကိစ္စကိုလဲ မမေ့နဲ့ဦးနော်"

"မမေ့ပါဘူးကွာ၊ MD ကြီးလှစုကျော့က မင်းအပေါ်သဘောပြန်ကောင်းသွားပါလား၊ ဘယ်လိုပဥ္စလက်နည်းနဲ့ လုပ်လိုက်တာလဲ၊ ငါ့ကိုလည်း နည်းလမ်းလေးဘာလေးပေးစမ်းပါဦး"

"ဒါတော့ ဒိုင်လျှိုလေးပေါ့ဗျာ"

"လုပ်ပါကွာ၊ ဒီတစ်ခါ မင်းကို ဆရာတင်ပါ့မယ်၊ ငါထက် ခဆင့်မြင့်နေတယ်၊ ကိုယ့်ထက်မြင့်တဲ့ဟာကြီးကို ဒီလိုဆွဲဆောင်နိုင်ဖို့ဆိုတာ နည်းနည်းနောနောအရည်အချင်းလား"

"ဟားဟားဟားဟား. . . တပည့်ပြန်လုပ်နေပြီပေါ့"

ကျွန်တော်နဲ့နေချစ်ပိုင်းတို့ ပြောဆိုရယ်မောနေတာကို တစ်နေရာကနေ လှစုကျော့ လှမ်းတွေ့သွားပုံပဲ၊ ရုံးခန်းထဲကကို လှလှွတ်ခေါ်ခိုင်းတယ်။ ကျွန်တော်သွားတွေ့တော့ . . .

"မင်းကို ကြိုမှာထားဖို့မေ့နေတယ်၊ ဟိုအရှုံးနဲ့ဖြစ်ခဲ့တဲ့ကိစ္စတွေ ဘေးလူတွေကို လုံးဝမပြောပါနဲ့၊ တို့ဂုဏ်သိက္ခာကို ချိုးဖဲ့နင်းခြေရာ ရောက်တယ်၊ ပြောလို့ဆိုလို့ ဘေးကပြန်ကြားရင် မင်းမလွယ်ဘူးမှတ်"

www.burmeseclassic.com



"စိတ်ချပါ မမ၊ ဒီနေ့အထိ ဘယ်သူ့ကိုမှမဟာဖူးပါဘူး"

"နောက်တစ်ချက် မမဆိုတာမျိုးမခေါ်နဲ့"

"ဟုတ်ကဲ့ MD"

"ဒါဆိုသွားလို့ရပြီ"

အနေနီးပေမယ့် ရွှေမင်းသမီးက အခြေကြီးနေပြီမို့ ကျွန်တော့်မှာ ကြွေပြီးရင်းကြွေရတော့မှာလား။ ဒီလောက်ရတဲ့အခွင့်အရေးကို သခင်ပေးသော အသက်ရှင်ခွင့်လို့ အောက်မေ့လိုက်ပါပြီလေ။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၁၂)

နေချစ်ပိုင်းနဲ့စောဥမ္မာတို့ အကြည့်ဆိုက်သွားကြတဲ့အထိမ်းအမှတ်နဲ့ အလုပ်ပိတ်ရက်မှာ ကျွေးမွေးတဲ့စားပွဲကို ကျွန်တော်တစ်ဦးတည်းသာ တက်ရောက်ခွင့်ရတယ်။

ဆိုင်မှာဝိုင်းထိုင်ဖြစ်ကြတော့ ကျွန်တော်က ခင်သဇင်တို့အဖွဲ့နဲ့ အထင်လွဲပြီး စကားများရတဲ့အကြောင်း၊ ပြဿနာတက်ရတဲ့အကြောင်းတွေ ရှင်းပြလိုက်တယ်။ ရိုးရိုးသားသားဖြစ်ခဲ့တာပါ။ တမင်လုပ်တာမဟုတ်ပါဘူး။ စောဥမ္မာကလဲ ခင်သဇင်တို့က တမင်လုပ်တာထင်၊ မရိုးသားတာထင်လို့ အမြင်မှားကုန်ကြတာပါလို့ ပြန်ဖြေတယ်။

ကျွန်တော်နဲ့ခင်သဇင့်ကို ပြေလည်အောင်စေ့စပ်ပေးမယ်ဆိုပြီး ခင်သဇင့်ကို ဖုန်းနဲ့လှမ်းဆက်ခေါ်တယ်။ မော်လီက သူ့အဘွားတရားစခန်းဝင်တဲ့ရိပ်သာမှာ ယောဂီအဖြစ်ဝင်ပြီး တရားမှတ်နေတယ်။ ခင်သဇင်ရောက်လာတယ်။ ဖုန်းနဲ့ပြောပြထားလို့ထင်ပါရဲ့။

www.burmeseclassic.com



မာထန်မာတင်းပြီး မျက်စောင်းလက်နက်တွေ သိပ်မခင်းတော့ဘူး။ ဒါပေမဲ့ တည်တည်ငင်းတင်းမျက်နှာလေးနဲ့ပေါ့။

စောဥမ္မာက . . .

"တို့တတွေ အထင်မှားပြီး ကိုနေချစ်ဝိုင်းကိုတောင် ဝိုင်းခေါက်မိသေးတယ်၊ တို့ဘက်ကသိပ်လွန်ရာကျနေပြီ၊ အဲ့ဒါကြောင့် ဒီနေ့ကစပြီး သူငယ်ချင်းလို နေကြရအောင်နော်"

ခင်သဖင်က . . .

"နင်ကျွေးမှာဆိုလို့ငါလာစားတာ၊ တခြား ဘာမှခေါင်းထဲမရှိဘူး။ ငါယောကျ်ားတွေနဲ့ သိပ်မရောချင်ဘူးဟာ၊ ငါ့ဘာသာငါ နေချင်တယ်၊ ဒါပဲ"

ပြောတဲ့အတိုင်း စားသောက်ပြီးတာနဲ့ စောဥမ္မာတစ်ယောက်တည်းကို အသက်ရှူတယ်လို့ထင်တဲ့ပုံစံနဲ့ နှုတ်ဆက်ပြန်သွားတယ်၊ ကျွန်တော်နဲ့နေချစ်ဝိုင်းတို့ အောင့်သက်သက်ကြီးဖြစ်ကျန်ရစ်တာပေါ့။ စောဥမ္မာက . . .

"ခင်သဖင့်ကို နားလည်ခွင့်လွှတ်ပေးကြပါ၊ သူ့ဘဝမှာ ချစ်မင်းသူဆိုတဲ့ယောကျ်ားတစ်ယောက်နဲ့ အရမ်းကိုချစ်ကြတဲ့ချစ်သူတွေ ဖြစ်ခဲ့ဖူးကြတယ်၊ ခိုးပြေးဖို့ချိန်းတဲ့နေ့မှာ ချစ်မင်းသူလာရောက်မလာခဲ့ဘူး၊ တခြားအပြိုင်ထားတဲ့မိန်းကလေးကို ခိုးယူထွက်ပြေးသွားတယ်၊ ဒီမှာတင် ခင်သဖင် အရမ်းခံစားပြီး ယောကျ်ားတွေကို စိတ်နာသွားရတော့တာပဲ၊ အဲ့ဒီချစ်မင်းသူဆိုရင် သူ့အကုသိုလ်နဲ့သူ သွားတော့တာပေါ့၊ ခိုးပြေးသွားတဲ့ကောင်မလေးနဲ့ တောင်ကြီးဖက်ကိုအသွား လမ်းမှာကားမှောက်ပြီး နှစ်ယောက်စလုံး ဆုံးသွားကုန်တယ်၊ ခင်သဖင်ရဲ့အစ်မ အိမ်ထောင်သည်ချောလည်း ကလေးတပြုံကြီးနဲ့ကြမှ ယောကျ်ားက နောက်ထပ်မယား(ထိ)လေးနဲ့ပါသွားလို့ ဒုက္ခအကြီးအကျယ်ဖြစ်ကျန်ခဲ့တယ်၊ ဒါတွေဟာ ခင်

www.burmeseclassic.com



သဇင့်အတွက် စိတ်ဒဏ်ရာရစေခဲ့တာတွေပဲပေါ့။

"ယောကျ်ားတိုင်း မကောင်းတာမှမဟုတ်တာ"

"ခင်သဇင့်အယူအဆကတော့ မကောင်းဘူးလို့ပဲ မြင်နေတယ်၊ တစ်နေ့တော့ သူ့အယူအဆကို သူ့ဘာသာပြုပြင်လာပါလိမ့်မယ်၊ အမုန်း အရှိန်ပြင်းတော့ အားလုံးကို ဝါးလုံးသိမ်းရမ်းပစ်လိုက်တာနေမှာပေါ့"

နေချစ်ပိုင်းက ကျွန်တော့်ကို . . .

"တွေ့လား၊ ခင်သဇင်လဲ အချစ်နဲ့စစ်ဖြစ်ထားတဲ့သူပဲ၊ ဒီလောက် တော့ရှိမှာပေါ့ကွ၊ ကောင်းတဲ့ယောကျ်ားဖြစ်ကြောင်း ခင်သဇင်ယုံအောင် မင်း သက်သေပြနိုင်ရင်တော့ အိုကေမှာပေါ့"

စောညမ္မာက ကျွန်တော့်ကို ရီပြုံးပြုံးလေးကြည့်ရင်း . . .

"လုလင်နဲ့ခင်သဇင်က နဖူးစာပါပုံရတယ်၊ ခဏခဏရွာလည်ပြီး တွေ့ဆုံတတ်ကြတယ်နော်၊ နဖူးစာပါတဲ့သူတွေဟာ တစ်ယောက်ကိုတစ် ယောက် သတ်ချင်လောက်အောင် မုန်းနေပါစေဦး၊ အချိန်တန်တော့ အချစ် ကြီးချစ်ပြီး လက်ထပ်ဖြစ်ကုန်ကြတယ်တဲ့"

ကျွန်တော် အားယူပြီး ပြန်လည်ပြုံးပြလိုက်မိတယ်။ အနည်း ဆုံးတော့ . . .

"ပြောတဲ့အတိုင်းပဲ ဖြစ်ပါစေဗျာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ"

ဒီလောက်ကလေးဖြစ်ဖြစ် ပြန်ပြောသင့်တာပေါ့။ မပြောချင်ဘူး ကျွန်တော့်စိတ်တွေက လှစုကျော့ဖက်ကို အပြည့်အဝယိမ်းညွှန်နေတယ် လူတိုင်း ပထမဆုကိုလိုချင်ကြတာပဲပေါ့။ မဖြစ်သာမှသာ ဒုတိယဆုနဲ့ ကျေ နပ်လိုက်ရတာပ။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၁၃)

"ဒါကတော့ ဒီဇိုင်နာဗလင်တီနိုရဲ့ဝတ်စုံပေါ့၊ ရွှေကမ္ဘာလုံးဆုပေးပွဲမှာ ကိတ်ဟတ်ဆင်ဝတ်ခဲ့တဲ့ ဝတ်စုံမျိုးပေါ့၊ ပွင့်ရိုက်ရှဖွန်စင်ဂဝန်ရှည်နဲ့ အနောက်ဖက် ရေသီနားရှည်ရှည်ကို အတွန့်သေးသေးလေးနဲ့ ဖော်ထားတာပါ၊ ဒီက စစ်စတားနဲ့ဆို အင်မတန်ပိုက်ဖက်တဲ့ဝတ်စုံပါ၊ ဝတ်ကြည့်မလားဟင်"

ဖက်ရှင်ရှော့ထဲမှာ လူစုကျော့ရှေ့ဝင်ဝယ်နေတယ်။ ကျွန်တော့်ကိုအဖော်ခေါ်လာလို့ အူမြူးပြီးလိုက်လာခဲ့တာပေါ့။ အရောင်းစာရေးမက တန်ဖိုးကြီးအကောင်းစားပွဲတက်ဝတ်စုံတွေကို လိုက်ပြနေတယ်၊ မေတို့လို မျက်နှာကြီးတွေအတွက် ဒီလိုအဖိုးထိုက်တဲ့ဝတ်စုံတွေက လိုအပ်တယ်လေ။ ပွဲလန်းသဘင်တက်တဲ့အခါ ပွဲလယ်တင့်တယ်နေနိုင်အောင်လို့ပေါ့

"ဒီဖက်ကဒီဇိုင်နာ ကယ်ရိုလိုင်းနားဟာရီရာရဲ့ ဝတ်စုံပါ ရေနေခဲလ်ဝီဂါငှဲ့ဘဲ့မင်းသမီး ဝတ်ပြခဲ့တဲ့ဝတ်စုံမျိုးပေါ့၊ ကတ္တီပါစတွေနဲ့ အနား

www.burmeseclassic.com



သပ်ထားတယ်၊ ပတ္တမြားရောင်ခါးစည်းနဲ့ ကြိုးများများပါတဲ့ ဖိနပ်၊ လက်ပွေ့အိတ်အနက်ရောင်နဲ့ဆို ဟပ်နေတာပါပဲ၊ စစ်စတားနဲ့ဆို သိပ်ကိုလိုက်ဖက်မှာ''

အချိန်ကိုတန်ဖိုးထားတဲ့မိန်းမပါ။ အလှဆင်ဝတ်စုံဝယ်တာ (၂) နာရီလောက်တောင် အချိန်ကြာတယ်။ လက်ကိုင်ဖုန်းကိုပိတ်ထားပြီး စိတ်ကြိုက်ရွေးနေတော့တာပဲ။ ကျွန်တော်လည်းပျင်းတာပေါ့။ မမရဲ့အလှကို ထိုင်ကြည့်နေရတော့လဲ 'မပျင်းတော့ပါဘူးလေ။ ဆိုင်ကချတိုက်တဲ့ မေတ္တာလက်ဆောင်အအေးတွေကိုတော့ ဂွဒ်ပစ်လိုက်တယ်လေ။ ကုန်သွားရင် ထပ်လာချပေးမလားလို့ ချမပေးပါဘူး။

လှစုကျော့ပြန်ထွက်လာတာနဲ့ ကျွန်တော်ထလိုက်လာရတယ်။ ဝတ်စုံ(၂)စုံရဲ့တန်ဖိုးက သိန်းဂဏန်းအထက်မှာ။ MD ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့။ ကားကို ဒါရိုက်ဘာနဲ့မကောင်းဘူး။ ကိုယ်တိုင်မောင်းတယ်။ ဘေးနားမှာထိုင်ခွင့်ရတယ်။ တွဲသွားတွဲလာခွင့်ရတယ်။ လူတွေက ထင်ချင်ရာထင်ကြတယ်။ အထင်ခံရတာကိုလဲ ကျွန်တော်က ကျေနပ်နေတယ်။ အထင်ခံရတယ်ဆိုတာလဲ နည်းသလားလို့. . . နော့။

ဖိုးစိန်လမ်းက Krawa Namtip ယိုးဒယားစားသောက်ဆိုင်မှာ လိုက်ကျွေးတော့ လှစုကျော့က ရင်းနှီးနွေးထွေးစွာနဲ့မေးလာတယ်။

"မင်းမိဘတွေက ဝန်ထမ်းတွေနော်"

"ဟုတ်ကဲ့ MD"

"မင်းက တစ်ဦးထည်းသောသားလား"

"ညီအစ်ကိုသုံးယောက်ရှိပါတယ်၊ အစ်ကိုကြီးက သဘော်သားသူ့အိမ်ထောင်နဲ့သူ၊ မိဘထက်ယောက္ခမဖက် ပိုကြည့်နေရတယ်၊ အစ်ကိုလတ်က ဘွားဆရာဝန်၊ နယ်ကအမျိုးသမီးနဲ့ရတယ်၊ နယ်မှာပဲ၊ သူ့ယောက္ခမဖက်ကို ပြန်ကြည့်တယ်၊ ကျွန်တော်က အငယ်ဆုံးမိဘကို ပါး

www.burmeseclassic.com



လေးပဲ လုပ်ကျွေးနိုင်သေးတယ်၊ အဖေနဲ့အမေက ကျွန်တော် မိန်းမရသွားမှာကို စိုးရိမ်နေကြတယ်၊ သားကြီးနဲ့သားလတ်လို ဖြစ်မှာစိုးလို့တဲ့၊ ကျွန်တော့်ကိုအားကိုးနေတာပေါ့၊ အသက်ကြီးရင်း လုပ်ကျွေးမယ့်လူက ကျွန်တော်ပဲရှိတော့တာလေ''

''ဟုတ်လား၊ မင်းကရော ပုဂ္ဂလိကလုပ်ငန်းမှာ ဝန်ထမ်းလေးတစ်ယောက်အနေနဲ့ ပျော်မွေ့နေတော့မှာလား''

''ကျွန်တော့်မှာ ရည်ရွယ်ချက်တွေရှိပါတယ်၊ သင်္ဘောတက်ဖို့ စောင့်နေတာ၊ မရခင်စပ်ကြားမှာ အလုပ်ဝင်လုပ်နေတာ၊ ကျွန်တော် သင်္ဘောတက်ဖို့ အစ်ကိုကြီးက တာဝန်ယူထားတယ်၊ ကုန်ကျငွေကို နောက်မှဖြန့်ဆပ်တဲ့''

''ညီအစ်ကိုချင်းတောင် ဒီလိုပဲလား''

''သူ့မိန်းမနဲ့ သူ့ယောက္ခမတွေပါလာပြီလေ၊ အဲဒါကြောင့် ကျွန်တော့်မှာ အချစ်နဲ့ပတ်သက်ရင် စစ်ဖြစ်ထားရတာ၊ အခုတော့ စစ်မဖြစ်နိုင်တော့ပါဘူး၊ အချစ်မှ အချစ်ဖြစ်နေပြီ''

''ဘာဖြစ်လို့လဲ''

''အရမ်းချစ်ရတဲ့မိန်းမတစ်ယောက်ကို တွေ့နေရလို့ပေါ့''

''ဘယ်သူလဲ၊ ဆောရီး. . . တို့စပ်စုသလိုဖြစ်သွားတယ်''

''ပြောခွင့်ရှိရင်တော့ ပြောပြချင်ပါတယ်''

''ဒါဆိုရင်တော့ ပြောကြည့်ပေါ့''

''အဲဒီမိန်းမက ကျွန်တော့်ထက်အရည်အချင်းတွေသာတယ်၊ ချမ်းသာတယ်၊ ပညာတတ်တယ်၊ ဂုဏ်သိက္ခာအပြည့်ရှိတယ်၊ ကျွန်တော်က အညတရ မိုးနဲ့မြေလိုကွာဟတယ်၊ အဲဒီမိန်းမကိုချစ်တယ်လို့ ကျွန်တော် ရှင့်ပြောလိုက်ရင် အဲဒီမိန်းမက ကျွန်တော့်ကို အသေမုန်းချင်မုန်းသွားမှာ ထောင်မရာ အနူလက်နဲ့ရွှေခွက်နှိုက်တယ်လို့ ထင်သွားမှာ''

www.burmeseclassic.com



"မင်းသဘောကျတဲ့မိန်းမက အဲ့ဒီလောက်တောင်ထက်မြက်ပြီး မာန်မာနကြီးတယ် ဟုတ်လား"

"ဟုတ်တယ် . . . MD၊ ကျွန်တော့်ဖက်ကလိုချင်တာ အဲ့ဒီမမရဲ့ အချစ်တစ်ခုထဲပါ၊ သူ့ရဲ့ချမ်းသာတာ၊ ဂုဏ်ဒြပ်တွေပြည့်စုံတာတွေ တစ်ခုမှ ကျွန်တော်မတပ်မက်ဘူး၊ ကျွန်တော့်လိုလူကို အဲ့ဒီမိန်းမက ပြန်ချစ်ချင်မှ ချစ်ပါလိမ့်မယ်၊ ဒါ အရေးမကြီးပါဘူး၊ ကျွန်တော်ချစ်နေတာကို အဲ့ဒီမိန်းမ သိသွားရင် ကျွန်တော်ကျေနပ်ပြီ၊ သူ့ဆီက ဘာမှမ မျှော်လင့်ဘူး၊ ကျွန် တော် ဖွင့်ဟလိုက်လို့ မုန်းသွားမယ်၊ ပြစ်အမျိုးမျိုးပေးမယ်ဆိုလည်း ကျွန်တော် ရင်ကော့ခံရဲပါတယ်"

လှစုကျော့က ရီဝေရွှန်းမြတဲ့အကြည့်နဲ့ ကြည့်လာတယ်။

"အဲ့ဒီမိန်းမ ဘယ်သူလဲ"

"MD သိပါတယ်"

"မင်းဖွင့်ပြောမှ ကြိမ်းသေမှာပေါ့"

"မမလှစုကျော့ပါ"

"..."

တစ်ကမ္ဘာလုံး ဝုန်းခနဲပေါက်ကွဲပွင့်ကန်သံနဲ့အတူ ရုတ်ချည်း တိတ်ဆိတ်သွားတယ်။ အရာရာတိုင်းဟာ ရုပ်သေရုပ်ဂုတွေဖြစ်ကုန်ကြ တယ်။ စနက်တံကို ကျွန်တော် မီးရှို့လိုက်ပြီ။ မမ အချိန်မရွေးပေါက်ကွဲ နိုင်ပါပြီ။

လှစုကျော့က ကျွန်တော့်ကို စေ့စပ်တည်ကြည်စွာကြည့်နေတယ်။ ဘယ်လိုရင်တွင်းခံစားမှုတွေ ဖြစ်နေတယ်ဆိုတာ ခန့်မှန်းရခက်တဲ့အကြည့် မျိုးနဲ့ပါ။

ကျွန်တော်ဟာ အလိုလိုနေရင်းကျူ့ဝင်သွားတဲ့ လူတစ်ယောက် လိုဖြစ်သွားတယ်၊ အံတင်းတင်းစေ့ပြီး မျက်လုံးစုံမှိတ်ထားလိုက်တယ်။ ပြော

www.burmeseclassic.com



သမ္မုဒဏ် လည်စင်းခံဖို့အသင့်။

"စိတ်ကူးယဉ်တာ၊ အိပ်မက်မက်တာ စိတ်ကူးနဲ့အိပ်မက်ထဲမှာပဲ ကောင်းလိမ့်မယ်ထင်တယ်၊ ကဲပါ. . . မင်း တို့ကိုချစ်နေတာတို့သိပြီ၊ ဒါပဲမဟုတ်လား၊ ကျုပ်တာ ဘာမှမျှော်လင့်မနေနဲ့တော့"

"ကျွန်တော် နားလည်ပါတယ်မမ"

လှစုကျော့ ငွေရှင်းပေးပြီးထပြန်သွားတယ်၊ သခင့်အပါးမှာ အခစားမပျက် ရှိကျိုးသေဝပ်စွာ ကျွန်တော်လိုက်ပါမိတယ်။ မိုးရေတာစိစက်လောက်သောက်ဖူးရုံနဲ့ ကောင်းကင်ကြီးပေါ်ရောက်ကြည့်ချင်တဲ့ မြေပြင်ပါး။

ဒါ. . . မှားတယ်ထင်လည်း ရင်ခွဲကျပ်တင် သတ်ချင်သတ်လိုက်ပါတော့ မမရယ်။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၁၄)

"ကျွန်တော်တော့ ဘာတွေဆက်ဖြစ်မလဲ မသိတော့ပါဘူးဗျာ"

"လုလင်ရာ. . . အဲ့ဒါ အခြေအနေကောင်းတယ်လို့ခေါ်တယ်ကွ"

"မီးလောင်ရာလေပင့်ဆိုတာနဲ့ မြေနိမ့်ရာလှံစိုက်ဆိုတာကို အခုမှပဲ ခွဲခြားကြည့်မိတယ်"

"ဩော်. . . မင်းက ငါ့ကို အချွန်၊ အပင့်၊ အတို့၊ အထောင် ပို့ထင်နေသလား၊ လုံးဝမှားသွားမယ်နော်"

ဓာတ်လှေကားနဲ့အပေါ်တက်ပြီး အလုပ်ဝင်လာရပေမယ့် လှစု ဘူ့နဲ့ ရင်ဆိုင်ရမှာကို ရင်ထိတ်နေမိတယ်၊ မတွေ့ရအောင်လည်း ရှောင် ငံနေတယ်။

"လုလင် MD ခေါ်နေတယ်"

စာရင်းကိုင်မလေးချောချောက လှမ်းပြောလို့ MD ရုံးခန်းကို ရောက်လာခဲ့ရတယ်။ ရင်ထဲ တဒိန်းဒိန်းနဲ့ပေါ၊ လက်မှတ်တွေထိုးနေတဲ့

www.burmeseclassic.com



ကျော့ရှင်းသူဇာကြီး လှစုကျော့ရှေ့မှာ ရပ်မိတာနဲ့. . .

"ရှေ့ကအိတ်နှစ်အိတ်ကို ယူသွား။ မင်းရဲ့လုပ်အားခအတွက် ဘောနပ်ပေးတာ၊ တီရှပ်ကြိုက်မလားတော့မသိဘူး။ လူငယ်ဆိုတော့ Active Training တံဆိပ်တီရှပ်နဲ့ Big Train ဂျင်းဘောင်းဘီဝယ်ပေးထားတာ အလုပ်ကိုပဲစိတ်ဝင်စား။ စိတ်ကူးယဉ်တာတွေ အိပ်မက်မက်တာတွေ အိပ်ကြမှလုပ်၊ ကြားလား"

"ဟုတ်ကဲ့ MD"

"သွားလို့ရပြီ၊ ဩော်. . . မနက်ဖြန်သားလေးမွေးနေ့ရှိတယ်၊ လာနိုင်မလား"

"လာနိုင်ပါတယ်"

"ကောင်းပြီ"

အခြေအနေက ဆိုးတယ်လဲမဟုတ်၊ ကောင်းတယ်လည်းမဟုတ် မတင်မကျကြီး။ အလုပ်ခွင်ထဲရောက်ပြီး ကုန်ပစ္စည်းတွေလိုက်ဖြန့်ဖြူးနေရပေမယ့် စိတ်က သိပ်မပါချင်ဘူး"

ကြာရင်တော့ ရူးသွားလိမ့်မယ်ထင်တယ် မမလှစုကျော့ရယ်။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၁၅)

မွေးနေ့ပွဲမှာ ကလေးတွေအယောက်ငါးဆယ်လောက် တက်ရောက်လာတယ်။ လူကြီးတွေဆိုလို့ ကျွန်တော်၊ လှစုကျော့နဲ့ တင်သီတာပြုံးတို့ပဲရှိတယ်။

မွေးနေ့ကိတ်ကို ဟယ်ရီကျော်စွာက လှီးပြီး သူငယ်ချင်းတွေကို ကျွေးတယ်။ ခွဲကျွေးတာကိုက ဆောင့်ဆောင့်အောင့်အောင့်ကြီး။ လက်ဆောင်ပစ္စည်းဝေပြီးတော့ တိုက်ခန်းထဲမှာ ပြောင်းဆန်အောင်ဆော့ကြတယ်။ နောက် မီနီဘတ်(စ်)စင်းလုံးငှားနဲ့ ကန်တော်ကြီးကိုခေါ်သွားတယ်၊ မိဘတွေကို တာဝန်ယူထားတဲ့ လှစုကျော့က အခုလိုခေါ်သွားဖို့ ကြိုပြောထားတယ်။ လှစုကျော့ဆိုရင် လမ်းထဲကကလေးစားပြီးသား။ ကြိုက်သလိုသာ ခေါ်သွား။ အိမ်မှာ မျောက်မူးလဲအောင်ဆော့လွန်းလို့ အင်္ဂါကြိုလ်ကို ရောက်ချင်ရောက်ပလေ့စေ။ ခေါ်သာခေါ်သွားလို့ ပြောကြတယ်။

ကလေးတွေကလဲ ကန်တော်ကြီးထဲမှာ ပတ်ကဲလိုက်တာ ထိန်းမနိုင်သိမ်းမရကို ဖြစ်လို့။ မလှစုကျော့က ကုမ္ပဏီက လုံခြုံရေးဝန်ထမ်း

www.burmeseclassic.com



တွေကို ဖုန်းနဲ့လှမ်းခေါ်ပြီး ကလေးထိန်းခိုင်းရတယ်။

ဟယ်ရီကျော်စွာက ကလေးခေါင်းဆောင်ကြီးပေါ့။ ကူမွာဝန်ထမ်းတွေက ပျော်ပွဲရွှင်ပွဲ၊ ကစားပွဲ၊ မုန့်ကျွေးပွဲတွေ ကျင်းပပေးနေကြတယ်။ လှစုကျော့ အားလုံးကြိုတင်စီစဉ်ပြီးသား။

ကျွန်တော်နဲ့လှစုကျော့တို့ သစ်သားတံတားဂျယ်မှာ လမ်းလျှောက်ဖြစ်ကြတယ်။

"ကလေးတွေရဲ့ဘဝဟာ အင်မတန်လွတ်လပ်ပျော်ရွှင်စရာကောင်းတယ်နော်၊ အပူအပင်ကင်းတဲ့ကလေးဘဝမျိုးကို ပြန်ရောက်ချင်လိုက်တာ၊ အလုပ်ဖိစီးမှုတွေများတဲ့အခါ ငယ်ဘဝကို အောက်မေ့တောင့်တမိတယ်သိလား လုလင်"

"MD ရဲ့စိတ်ကူးက ကောင်းပါတယ်"

"မင်းရော ပြန်မရောက်ချင်ဘူးလား"

"မရောက်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကလေးဘဝမှာလဲ သူ့ဟာနဲ့သူ ယူကြုံရတာပါပဲ"

"လုလင်ရဲ့အိုင်ဒီယာ တစ်မျိုးပါလား၊ ဒါနဲ့ မနေ့ကယူသွားတာတွေ ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်"

"ဒီနေ့ ဝတ်လာလိမ့်မယ်ထင်နေတာ"

"MD က ဝတ်ပြစေချင်ရင် ဝတ်ပြပါ့မယ်"

ရေပြင်ကိုဖြတ်တိုက်လာတဲ့ လေနုအေးက လှစုကျော့ရဲ့ဆံထောသာတွေကို ဖရိုဖရဲဖြစ်သွားစေတယ်။ ကပိုကရိုလေးနဲ့လည်း လှနေတာပါပဲ။

"မင်းသဘောနဲ့မင်းဝတ်ပါ၊ မင်းပိုင်တဲ့ပစ္စည်းဖြစ်သွားပြီပဲ ကိုယ့်ကို

www.burmeseclassic.com



ဆွဲမထည့်နဲ့၊ တို့က သီးသန့်ပဲနေတတ်တဲ့သူ၊ အလုပ်သဘောကလွဲရင် ကျန်တာတွေ အခုလောက်အထိ မဆက်ဆံဘူး"

"ကျွန်တော် ကံအကောင်းဆုံးဖြစ်သွားတာပေါ့"

လှစုကျော့က မခို့တရို့လေးပြုံးလိုက်တယ်။ အဝေးကစုံတွဲတွေကို လှမ်းကြည့်ပြီး . . .

"တို့အကြောင်းကို မင်း ဘယ်လောက်သိထားသလဲလုလင်"

"MD မကြိုက်မှန်းသိလို့ မစုံစမ်းခဲ့ဖူးဘူး"

လှစုကျော့ ထပ်ပြုံးပြန်တယ်။ အဲ့ဒီအချိန်မှာပဲ မျက်နှာချင်းဆိုင်က လူတစ်ယောက်လမ်းလျှောက်လာတယ်။ ညနေဖက်အေးအေးလူလူ လမ်းလျှောက်ထွက်လာတဲ့ စတိုင်(လ်)နဲ့ပေါ့။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ ခန့်ငြားချောမွေ့တဲ့ဥပဓိရုပ်နဲ့လူပေါ့။ စတိုင်(လ)ဘောင်းဘီနဲ့ ဝေါကင်းရှူး ဖိနပ်ဖြူကို စီးထားတယ်။ အဲ့ဒီလူကို လှစုကျော့ သေသေချာချာလှမ်းကြည့် ပြီး မျက်နှာမျက်သွားတယ်။ နောက်ပြန်လှည့်ပြီး . . .

"တို့ . . . လှည့်ပြန်ရအောင်"

ဒီလူနဲက ပတ်သက်မှုတစ်ခုခုရှိမယ်ဆိုတာ ကျွန်တော် ရိပ်မိလိုက်တယ်။ အဲ့ဒီလူကလဲ လှစုကျော့ကို လှမ်းတွေ့သွားတာကို။ အိန္ဒြေဆောင်တာတွေတောင် မလုပ်နိုင်ဘူး။ ပြေးလိုက်လာပြီး . . .

"ကျော့ . . . ကျော့ . . . ခဏနေပါဦးကျော့ရယ်"

လှစုကျော့ကမရပ်ဘူး။ ရှေ့ဆက်သွားတယ်။ အဲ့ဒီလူက ပြေးလိုက်သွားတယ်။ ကျွန်တော်က မမတစ်ခုခုဖြစ်မှာစိုးလို့ ပြေးဝင်လာပြီး တားလိုက်တယ်။

"မနှောက်ယှက်ပါနဲ့ မိတ်ဆွေ၊ ကျွန်တော့်MD စိတ်အပန်းဖြေပြီး အနားယူနေပါတယ်"

"ဘာ . . . မင်းဘာကောင်လဲ ရှေ့ကဖယ်စမ်း၊ ဒါ ငါ့ရဲ့ကျော့ကွ၊

www.burmeseclassic.com



ငါ့နာမည်ကိုကိုကျော်၊ ကျော့ပဲဟာ ငါ့ရည်းစား"

ကျွန်တော်ငိုင်ကျသွားတယ်။ လုစုကျော့က ချာနဲ့ပြန်လှည့်ပြီး. . .

"အရှက်မရှိ လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့၊ ရှင်နဲ့ကျွန်မ ဘာမှမသက်ဆိုင်တော့ဘူး ကိုကိုကျော်၊ ရှင့်လမ်းရှင်သွားပါ၊ ကျွန်မနဲ့ ဘာမှမသက်ဆိုင်တော့ဘူး ကိုကိုကျော်၊ ရှင့်လမ်းရှင်သွား ကျွန်မလမ်း ကျွန်မသွားမယ်။ နောင့်ယှက်ရင်သည်းမခံဘူးနော်။

"ကျော့ရယ် ပြောရက်လိုက်တာ၊ ကိုယ့်ကို ဘာလို့ ဒီလောက်ကြီးမုန်းနေရတာလဲ၊ ကိုယ်သင်္ဘောက မနေ့ကမှပြန်ရောက်လာတာ၊ ကျော့ဆီလာတွေ့မလို့ပဲ၊ ဘယ်လိုဘယ်နည်းနဲ့တွေ့ရင်ကောင်းမလဲလို့ ညနေဖက်လမ်းလျှောက်ရင်း ခေါင်းအေးအေးထားစဉ်းစားလာတာကို ရှင်းပြတာလေးကို ကျေးဇူးပြုပြီး နားထောင်ပေးပါကွာ"

"အို. . . ဘာမှနားမထောင်ချင်ဘူး၊ ရှင် ဒီကသွားမလား၊ မသွားဘူးလား၊ ရှင်မသွားရင် ကျွန်မသွားမယ်။

"ကျော့ရယ် ရက်စက်စိမ်းကားလွန်းလိုက်တကွာ၊ ဘာလဲ ဒီကောင့်ကြောင့်လား၊ ဒီကောင်ကဘာလဲ၊ ကျော့နဲ့ ဘယ်လိုပတ်သက်သလဲ"

"သိပ်သိချင်နေရင်တော့ တစ်ခါတည်းနဲ့ရှင်းသွားအောင် ပြောပြရသေးတာပေါ့၊ အဲဒါ ကျွန်မရဲ့ရည်းစား၊ ချစ်သူအသစ်"

"ဘာ. . . ဘာပြောတယ်ကျော့၊ ဒီလိုကောင်က ကျော့ရဲ့ချစ်သူဖြစ်နိုင်ပါ့မလား။ ကျော့ကို သူက MD လို့ခေါ်တယ်လေ"

"မယုံရင်လဲနေ၊ ဒါ ကျွန်မချစ်သူဆိုတာ သက်သေပြနေဦးမှာလား"

လုစုကျော့က ကျွန်တော့ဘက်ကိုလှည့်ပြတယ်။ သိသောမျက်စိတစ်ဖက်မှိတ်ပြတယ်။ ကျွန်တော်ကလဲ အလိုက်သင့်ပြန်ပြီးပြုံးလိုက်ရတော့

www.burmeseclassic.com



ဟန်ဆောင်ဖက်နေရာက တင်းကျပ်အောင်ဖက်ပစ်လိုက်တယ်။ ဒါမှ ပို ပီပြင်တော့မပေါ့။ ကောင်းလိုက်တာ။ အီစိမ့်နေတာပဲ။

ကိုကိုကျော်တစ်ယောက် ရည်းစားလူလု အူနုကျွဲခတ်ခံရသလို လူးပြာဒေါကန်နေတာပေါ့။ ကျွန်တော့်ကို အမှုန့်ထောင်းပစ်ချင်တဲ့ပုံစံနဲ့ စူးစူးစိမ်းစိမ်းကြီးကြည့်နေတယ်။

လုစုကျော့နဲ့ကျွန်တော်က မင်္ဂလာသတို့သားနဲ့ သတို့သမီးလို ပန်းခင်းလမ်းပေါ် ရွရွလေးလျှောက် လှမ်းသလို ကိုကိုကျော့်ရှေ့ကနေ လျှောက်လှမ်းလာခဲ့တယ်။ ရုပ်တွေကတော့ ပြောင်စပ်စပ်နဲ့ ဖြီးစပ်စပ်ဖြစ် နေမှာပေါ့။

"ဒတောက်"

တွန့်ခနဲဖြစ်သွားလောက်တဲ့ တက်ခေါက်သံကြီးကို ကြားရပေမယ့် လှည့်မကြည့်တော့ဘူး။ ကိုကိုကျော်ခေါက်တာပေါ့။

ခွေးလေ့းခုန်လို့ ဖုန်မထဘူးပဲပြောရမလား?

ခွေးဟောင်လို့ တောင်မရွေ့ဘူးပဲပြောရမလား?

ကိုကိုကျော်ကို လုံးဝဥပေက္ခာပြုအားလိုက်တယ်။ တဒင်္ဂဖက်မွှေ ထားရတဲ့အရသာလေး၊ ကိုယ်သင်းရနံ့လေး၊ အထိအတွေ့ကအယုအယ လေးကြောင့် ကျွန်တော့်ရင်ထဲ မမကိုပဲ ရင်အခုန်ရဆုံးချစ်သူဘွဲ့ကို အပ် နှင်းလိုက်ပြီလေ။

မောင့်ဘဝရဲ့ မယ်စကြာဝဠာလေးပဲပေါ့။

♡ ♡ ♡

www.burmeseclassic.com

## အပိုင်း (၁၆)

"ငါ့အနားကို တစ်ယောက်မှမကပ်နဲ့၊ ငါ့ကို ဘာမှတ်နေသလဲ"

"ဟိုက်"

"ဒုက္ခပဲ"

ဘတ်(စ်)ကားလူကျပ်ချိန်မှာ စိတ်မနှံ့တဲ့မိန်းမကြီးတစ်ယောက် ပါလာတယ်။ သူ့ဘေးနားမှာမတ်တပ်ရပ်စီးနေရတဲ့လူတွေ ကျွန်တော့်ဖက်ကို လိမ့်တိုးလာတယ်။ ကိုရွှေစပယ်ယာကလဲ လူတွေကို ငေါက်ငေါက်၊ ချောင်းသံ ထိုးတင်နေတယ်။

"ဒီလိုလုပ်လို့ဘယ်ရမလဲ၊ ငါ့ကိုများ သွားကျိုးမလေး ဘာလေးနဲ့ နင်တို့သာ ထော်ကလွတ်မတွေ. . . ဖယ်စမ်း"

ဘေးကလူဝကြီးရဲ့ဗိုက်ကို တံတောင်နဲ့ပိတ်တွက်ပစ်လိုက်တယ်။

"ဟော့. . . စပယ်ယာ ဒီမှာ အတိုးမခံဘူးကွ၊ ငါတို့ကို အထောင်းမတိုးခိုင်းနဲ့

www.burmeseclassic.com



အဲ့ဒီအချိန်မှာ မှတ်တိုင်ကိုကားထိုးဆိုက်လိုက်တယ်။ ခင်သဇင် တစ်ယောက်တည်းတက်လာတာ မြင်လိုက်ရတယ်။ စပယ်ယာအပို့ကောင်း လို့ ကျွန်တော့်ဘေးနားရောက်လာတယ်။

"ခင်သဇင် . . . အဟဲ"

"ကျွတ် . . . ဆုံပြန်ပြီ . . . ဒီလူကြီးနဲ့"

"တမင်ချိန်းရင်တောင် လွဲချင်လွဲဦးမယ်နော်"

ခင်သဇင် မျက်စောင်းပိတ်ထိုးတယ်။ အဲ့ဒီအချိန်မှာပဲ စိတ်မနှံ့ တဲ့အဒေါ်ကြီးနဲ့ ကိုရွှေစပယ်ယာတို့ ပြဿနာတက်နေကြပြီလေ။

"အများစီးတဲ့ကား အတိုးမခံချင်ရင်ဆင်းနေခဲ့၊ ပြောပြန်ရင်လဲ စပယ်ယာ အပေါက်ဆိုးရာကြဦးမယ်၊ အဒေါ်ကြီး ငြိမ်ငြိမ်စီးပါ"

"မစီးနိုင်ဘူးဟေ့၊ ငါ အသက်ရှုကျပ်တယ်၊ မွန်းတယ်၊ ငါ့ကို ဘာမှတ်လို့ နင်က လာငေါက်နေတာလဲ၊ ဘယ်သူ့ဒဟောက်ဟောက် တို့ မကြောက်ဘူး။ ဟုတ်တယ်မဟုတ်လား ကလေးမ"

အဒေါ်ကြီးက အနားမှာရှိတဲ့ခင်သဇင်ကို အဖော်ညှိနေတယ်။ အရူးစိတ်ချမ်းသာမှ ရန်မလုပ်မှာဆိုတော့ ခင်သဇင်လည်း ဝါးတားဖော် လို ဖစ်ဖော်လိုလုပ်ပြီး ပြုံးပြုံးလေးနဲ့ခေါင်းညိတ်ပြလိုက်ရတော့တာပေါ့။ အဲ့ဒီအချိန်မှာပဲ ကားက မီးပွိုင့်နဲ့မလွတ်လို့ ဘရိတ်ဆောင့်အုပ်လိုက်တာ တစ်ယောက်အပေါ်တစ်ယောက် ယိုင်ထိုးကုန်ပါလေရော။

"အောင်မလေး ကျိုးပါပြီဗျ"

"အမလေးတော် . . . သေပါပြီ . . . ပြုကုန်ပါပြီ"

"ဘာတွေကျိုးလဲ၊ ဘာတွေပြုကုန်တာလဲ"

"ခါးကျိုးတာဗျ . . . အီး"

"အကျီကိုယ်ကျပ်လေး လက်မောင်းရင်းကပြဲသွားတာတော့"

ကျွန်တော်လဲ ခင်သဇင့်ဖက်ယိုင်သွားလို့ ခင်သဇင်က ပြန်ကန်

www.burmeseclassic.com



တွန်းထုတ်လိုက်တယ်။ ခုနကစကားများတဲ့ စိတ်မနှံ့သူအဘေါကြီးဆိုရင် ကားကြမ်းပြင်ကို ခြေဖနောင့်နဲ့ဆောင့်ရင်း . . .

"ဟင် . . . မှတ်ပြီလား၊ ငါ့ကိုဘာမှတ်နေသလဲ၊ အဲ့ဒါ အကောင်းပဲ ရှိသေးတယ်၊ ပညာလာမစမ်းနဲ့၊ မိဂျမ်းနဲ့တွေ့ရင် အားလုံးလွမ်းသွားမယ်၊ ကားကို အခုရပ်လိုက်စမ်း"

မီးပွိုင့်လွတ်လို့ပြန်မောင်းလာရင်းနဲ့ မှတ်တိုင်ရောက်လို့ကားရပ်လိုက်တာကို အရူးမကြီးက သူပြောလို့ရပ်တယ်ထင်သွားတယ်။

"အဲ့ဒီလိုလိမ္မာမှပေါ့၊ ဆင်းကြစမ်း . . . ဆင်းကြစမ်း"

အရူးမကြီးကြောင့် စိတ်ညစ်နေပါတယ်ဆိုမှ အခြောက်မနှစ်ယောက်က ကားပေါ်တက်လာသေးတယ်။ ကျွန်တော်နဲ့ခင်သဇင်အနားက ချောင်သလိုဖြစ်နေတော့ အတင်းတိုးဝင်လာတယ်။ အဲ့ဒီမှာတင် . . .

"အံမလေး . . . ကားကလဲ လျှာထွက်အောင်ညှပ်သပ်နေတဲ့ကား မြို့ထဲကိုအချိန်မှီရောက်အောင် တိုးစီးရမှာပဲ၊ ဟဲ့ကောင်မ ဒီဖက်ကို တိုး အနေမတတ် အထိုင်မတတ်လို့ အဆိတ်အဆွဲခံရမှ ယအော်မနေနဲ့"

အခြောက်မနှစ်ယောက်က တက်လာကတည်းက စကားကို မြင်း အီးပေါက်သလို တဘွတ်ဘွတ်နဲ့ပြောလာတာ အရူးမကြီးတောင် အသံ တိတ်သွားတယ်။ သိပ်မကြာပါဘူး၊ ဇာတိပြလာတော့တာပဲ။ အခြောက်မ နှစ်ယောက်ပြောနေတဲ့ကြားထဲကို ဝင်ရှုပ်မွှေပြီးပြောတော့တာပဲ။

"ဒါနဲ့ဟဲ့ . . . မာမီသန်းရော မတွေ့တာကြာပြီနော်"

"သေပြီ"

"အမ် . . . အန်တီဘာပြောလိုက်တာလဲ"

"နင့်မာမီသန်းသေပြီ၊ ငါ မိဂျမ်းပဲရှိတယ်၊ ဘာဖြစ်ချင်သလဲ၊ ဒါပဲပြော"

"ဟော့တော် . . . ဘလိုင်းကြီးပါလား"

www.burmeseclassic.com



"ဘလိုင်းတွေဘလွတ်တွေလာမလုပ်နဲ့၊ ငါ့အာရုံပျက်တယ်၊ ငါ ကားစီးရမှာလား၊ နင်တို့စကားကို နားထောင်ရမှာလား"

တွေ့နေပြီ။ ပွဲကတော့ငြိစပြုနေပြီ။ အခြောက်နှစ်ယောက်လည်း နှာတွေတင်းကုန်တယ်။

"ဒါက ဘာသဘောလဲ၊ ကျွန်မတို့ဘာသာ ကျွန်မတို့အကြောင်း ပြောနေတာ၊ ရှင်နဲ့ ဘာဆိုင်လို့ ဝင်ကလန့်ရတာလဲ"

ဒီလိုပြောလိုက်တော့ မိကျမ်းဆိုတဲ့အဒေါ်ကြီးက တံတောင်နှစ်ဖက်နဲ့ ပတ်လည်ကျွေးလိုက်တာ အခြောက်မတွေ မှဲ့တုပြုတ်တဲ့လူပြုတ်၊ တင်တုရင်တုတွေ ရွဲ့စောင်းလို့ရွဲ့စောင်းနဲ့ ဖြစ်ကုန်ပါလေရော။ တစ်ယောက် ဆို အင်္ကျီခနဲပဲ။ အရှိက်ကိုအတွက်ခံလိုက်ရတာလေ။ ဒေါ်တွေကန်ပြီး ပြန်ချမယ်လုပ်တော့ ဘေးကလူတွေက အသာလက်ကုတ်ပြီး ခေါင်းမကောင်းဘူးဆိုတာလုပ်ပြတယ်။ မရဘူး။ ဒေါ်ကန်ပြီး လုံးထွေးကုန်ရာက ရှုန်းရင်းဆန်ခတ်ဖြစ်ကုန်တယ်။

ခင်သဇင်ခမျာ ကြောက်ဒူးတုန်ပြီး ကျွန်တော့ဖက်သဲ အတင်းတိုးလာတယ်။ တံတောင်တွေ၊ လက်ပြန်တွေက သူမကို ရှပ်ထိကုန်တာကိုး။ မထိအောင်လို့ ကျွန်တော့်ရင်ခွင်ထဲဆွဲသွင်းပြီး ရန်ဖြစ်တဲ့ဘက်ကို ကျောခံထားလိုက်တယ်။

"ဒီလောက်တောင်စော်ကားတာ. . . ကဲဟယ်. . . ကဲဟယ်"

"အစ်. . . အစ်. . . အစ်. . . အာ. . . အီးရား. . . ကဲဟာ"

"အောင်မြလေး. . . ထိတယ်တော့. . . သေပါပြီ"

"ဘယ်ထိသွားတာလဲဟဲ့"

"ခြေဖမိုးကို ဖနောင့်နဲ့ဆောင့်နင်းတာ"

"ဟင်. . . ရှင်ကြီး ကျွန်မသူငယ်ချင်းကို လုပ်တယ်"

www.burmeseclassic.com



"လုပ်တော့ဘာဖြစ်လဲ၊ မိန်းမမှုတ် ယောကျ်ားမဟုတ်နဲ့၊ မနုသီဟာဖင်နှစ်ခွကောင်တွေ. . . ရှော့ဟာ"

"ဘုတ်"

"အားလားလား. . . ထိုးတယ်. . . ထိုးတယ်. . . သူ့လက်တို ကြီးနဲ့ဆောင့်ထိုးတာ၊ ရင်ဘတ်ပွင့်သွားပြီလားမသိဘူး"

နောက်ဆုံးတော့ နဘမ်းလုံးကုန်လို့ ကားထိုးရပ်ရတဲ့အဆင့်ကို ရောက်ရော။ စပယ်ယာက ဝင်ခွဲတယ်။ စပယ်ယာကိုပါ ဟိုဖက်ဒီဖက် ဝိုင်းတွယ်ကြလို့ အော်လိုက်တာမှ ငယ်သံကိုပါရောပဲ။ ကျွန်တော်နဲ့ ခင် သဇင်တို့ လူအုပ်ကြားထဲကနေ အတင်းတိုးထွက်လာခဲ့တယ်။ ကားအောက် ရောက်တော့ နှစ်ယောက်စလုံး လူတွေပိညှပ်ခဲ့ရလို့ အကြေသားတွေဖြစ် ကုန်ကြပြီ။

မှတ်တိုင်မဟုတ်ပဲ ရပ်လိုက်တဲ့နေရာမှာ ကျွန်တော်တို့နှစ်ယောက် ဆင်းလိုက်မိတဲ့အချိန်။ ကားပေါ်မှာ အဆင်ပြေသွားလို့ထင်ပါရဲ့။ ကားကြီး ပြန်မောင်းထွက်သွားတယ်"

"အဲတော်"

"ဟာ"

"အဲ့ဒါ. . . ရှင့်ကြောင့်"

"မဟုတ်ပါဘူး၊ ကားပေါ်ကဖိုက်တင်ပွဲမှာ မင်းကိုထိမှာစိုးရိမ်လို့ ကာကွယ်ပြီး လွတ်ရာဆင်းပေးခဲ့တာ"

"ရှင်. . . အရမ်းကာရောခွဲချလာလို့ ကျွန်မပါ ဆင်းလိုက်လာရ တာ၊ မှတ်တိုင်က ဘယ်ဖက်ကိုလျှောက်လျှောက် အဝေးကြီးရယ်၊ နေ ကလဲ ကျွတ်ကျွတ်ဆူအောင်ပူနေတာ၊ ကျွန်မ လမ်းမလျှောက်နိုင်ဘူးတော့ ဘူး၊ ဘယ်လိုလုပ်မလဲ"

"အဲ့ဒါမှပွကျတာပဲ၊ ထီးကလေးဖွင့်ဆောင်းပြီး လျှောက်လိုက်ပါ"

www.burmeseclassic.com



"ဘာထူးလဲ၊ လျှောက်ကိုမလျှောက်ချင်တာ"

"နေပူသက်သာတာပေါ့၊ ဒီနားမှာ ဆိုက်ကားလဲမရှိဘူး၊ ကုန်းပိုး ခေါ်ရအောင်လဲ လူမြင်လို့မကောင်းဘူး၊ အဲ. . .အင်း Taxi ငှားလိုက်မယ်"

"အဲ့ဒါဆိုရင်အဆင်ပြေတယ်၊ ကားခကို ရှင်ခံရမှာနော်"

"သိပါတယ်ဗျာ၊ လုပ်ပေးရမှာပေါ့၊ တစ်ဦးနဲ့တစ်ဦး အဆင်ပြေသွားရင်ပြီးရော၊ ကားလှတာကိုရွေးနော်၊ ကားစုတ်ကြီးပေါ်ကတော့ မလိုက်ချင်ဘူး"

ခင်သဇင်ရဲ့ပြောပုံဆိုပေါက်က ရွဲ့သလိုလို ခနဲ့သလိုလို ထည့်သလိုလိုကြီး။ ကားငှားရတယ်။ ကားဆရာတွေက ဂေါ်ဆရာတွေမဟုတ်ပါဘူး။ ယောက်ျားလေးငှားရင် လှည့်တောင်မကြည့်ဘူး။ ခင်သဇင်ကိုယ်တိုင် ငှားမှ ကျွီခနဲထိုးဆိုက်လာတယ်။ မှတ်တိုင်ရောက်ရုံငှားတာမှတ်လို့ ငနဲမက မြို့ထဲအထိငှားနေတာကိုး။ ပေါက်တဲ့နဖူးမထူးတော့ပါဘူး။ ဓာတ်ဆီဈေးကြီးလို့တဲ့။ ဆစ်လို့ကိုမရဘူး။ ဓာတ်ဆီဈေးကျသွားလဲ တောင်းတဲ့ဈေးက မြှောက်နေတုန်းပဲ။ ကားတာယာတွေဈေးကြီးလို့ ဖြစ်သွားပြန်ရော။

ကားပေါ်ရောက်တော့ ခင်သဇင်က ရှေ့ခန်းမှာထိုင်တယ်။ ကားခရှင်းပေးရမယ့်ကျွန်တော်က နောက်ခန်းမှာကုပ်ကုပ်ကလေးပေါ့။ ကားဆရာဂေါ်ငနဲက ကျွန်တော်ပါလာတာကိုတောင် မေ့နေတဲ့ပုံပေါက်တယ်၊ ခင်သဇင်ကိုပဲ ဂေါ်ပြူးမျက်လုံးနဲ့ ခေါ်တောတစ်ထောင်အားသုံးပြီး ရှိုးနေလိုက်တာ။

"ဝုန်း. . . ကျွမ်း"

လျှပ်စီးလက်လိုက်သလိုပဲ။ လျှပ်ရောင်ဝင်းခနဲမှာ ရှေ့မီးပွိုင့်မိလို့ ရပ်ထားတဲ့ကားဖင်ကို ဝင်အောင်းထည့်လိုက်တာ လူ့ကို ကိုင်ရိုက်ခံလိုက်သလိုပဲ။ ရှေ့ကဆိုဖာခုံနဲ့ခေါင်းဆောင့်မိတာတောင် ကြယ်တွေလတွေမြင်သွားတယ်။ ခင်သဇင်လဲ ဒက်ရှ်ဘုတ်နဲ့ဆောင့်မိသွားပြီး ကားဆရာဆိုတာ

www.burmeseclassic.com



ပြောမနေနဲ့တော့။ စတီယာရင်နဲ့ ရင်ဘတ်ညှပ်မတတ်ကို ဖြစ်သွားတော့တာပဲ။ ဒီနေ့တွတ်ပီနေ့ပဲ။ ကံမကောင်းပါလား။ ပြဿဒါးနေ့ပါလား။ အံဆင်မပြေချင်လာရင် ကျောက်ပြားလှပ်ထားတဲ့မြောင်းအပေါက်ကို ခုန်ကျော်ကာမှ ခွေးချေးပုံတည့်တည့်နင်းမိရတဲ့အဖြစ်ကို တန်းတိုးပါလေရော။

www.burmeseclassic.com

## အပိုင်း (၁၇)

ဂေါ်ဆရာခမျာ ရှေ့ကားကိုဝင်တိုက်မိလို့လဲ ရှင်းရလျော်ရသေးတယ်။ ကျွန်တော်နဲ့ခင်သဇင်ကိုလဲ ဆေးခန်းလိုက်ပို့ပေးရသေးတယ်။ ခင်သဇင်က နံရိုးအောင့်သွားတယ်။ ခေါင်းဖုသွားတယ်။

ကျွန်တော်က နဖူးဖုသွားတယ်။ ခါးမျက်သွားတယ်။ ကားဆရာခမျာ လျော်ရမှာတွေများကို ငိုချင်းချလိုက်တာမပြောပါနဲ့။ ကျွန်တော်နဲ့ခင်သဇင်တို့မျက်ရည်တောက်တောက်ကျပြီး သနားသွားမိတယ်။ အတွင်းကြချင်လဲ ကြေပါစေတော့။ ကုသမှုနည်းနည်းပါးပါးနဲ့ပဲ ကျေနပ်ပြီးစီးခဲ့က်ရတယ်။

ကားသမားအပေါ်ညစ်ပြီး ငွေမတောင်းဖြစ်တဲ့စိတ်ခါတ်က ကိုယ်စီမှာရှိနေလို့ ကျွန်တော်နဲ့ခင်သဇင် တစ်ယောက်ကိုတစ်ယောက် နားလည်မှုရလိုက်တာလေးကတော့ အမြတ်ထွက်လာတယ်။

"ပြောလို့ပြောတာမဟုတ်ဘူး၊ ယောကျ်ားတွေကကောင်းကို

www.burmeseclassic.com



မကောင်းဘူး၊ အခုကိစ္စက ငမ်းကြောထလို့ဖြစ်ရတာ"

"မင်းတို့မိန်းကလေးတွေကလဲ အလှတွေအစွမ်းကုန်ပြင်လာတာ ကိုး"

"အို. . . လူတောထဲသွားရတာပဲ၊ ဒီလောက်တော့ပြင်မှာပေါ့ဘူး။ ငနဲတွေပေါ်အောင် ပြင်လာတယ်လို့လား ရှင်ထင်နေသလား"

"မထင်ဝံ့ပါဘူး၊ ကိုယ့်ထမင်းကိုယ်စားပြီး အတင်းပြောတာ မကောင်းဘူးလို့လဲ မဆိုလိုပါဘူး၊ ရှေးရေစက်ကြောင့် မင်းနဲ့ငါဆုံရပေါင်း များပြီကိုလဲ မပြောလိုပါဘူး"

"ဒါဆို ရှင်ဘာပြောချင်တာလဲ၊ ယောက်ျားဖြစ်ပြီး ခပ်ရှင်းရှင်း ပြော"

"သွားတော့မယ်၊ မင်းနဲ့ပြန်ဆုံမှာကို လန့်နေတယ်"

"အောင်မာ. . . အဲ့ဒါ ကျွန်မပြောရမယ့်စကား ကောက်ညှင်း ကမစီးရပဲနဲ့ ဆန်ကြမ်းက စီးပြနေသေးတယ်. . . ဟွန့်"

"ဆန်ကြမ်းကများများစားရင် ရင်ပြည့်ရင်ကယ်တာအပြင် ဘာ မှပိုရောဂါမတတ်နိုင်ဘူး။ ကောက်ညှင်းက များများစားမိရင် ပြန်စွန့်ထုတ် တဲ့အခါ မရှုနိုင်မကယ်နိုင်ဖြစ်တတ်တယ်ဗျ"

"ရှင်. . . ကျွန်မနဲ့ ရန်ဖြစ်ချင်နေတာလား"

"ဘာအကျိုးအမြတ်ရမှာမို့လို့လဲဗျာ"

"ရှင့်ကြည့်ရတာ သတ္တိနည်းပုံရတယ်"

ကျွန်တော့် ဒေါသကိုထောင်းခနဲရှန်းကြွလာစေတဲ့ ခင်သစ်ရဲ့ စကား။ ကျွန်တော် ဆတ်ဆတ်ခါနာသွားတယ်။

"သိပ်သတ္တိရှိဘာပေါ့၊ ငါယောက်ျားကွ"

"ရှင်သတ္တိရှိရင် ဟိုးက ကြွေဖြူရောင်ဆလွန်းကားပေါ်မှာ ထိုင် နေတဲ့ နေကာမျက်မှန်တပ်ထားတဲ့ကောင်ကို လက်သီးနဲ့သွားထိုးခဲ့သလား"

www.burmeseclassic.com



"အဓိပ္ပါယ်မရှိတာတွေကွာ၊ သူ့ဘာသာနေတဲ့လူကို ဘာလို့ အသလွှတ်သွားထိုးရမှာလဲ၊ ငါ့အရူးမဟုတ်ဘူး"

"အဲ့ဒီနေကာမျက်မှန်နဲ့လူက ကျွန်မကို ဒုက္ခကောင်းကောင်းပေးနေတဲ့လူ၊ ရှင်က လူမှုရေးမှာလဲ အတ္တဟိတထက် ပရဟိတ္တကို ပိုစွမ်းဆောင်ချင်တဲ့လူစားမျိုးပါ။ ကျွန်မကိုကူညီပြီး အဲဒီကောင်ကို ဆုံးမပေးပါလားဟင်"

ကျွန်တော်လှမ်းကြည့်လိုက်ဝ..ယ်။ တစ်ဖက်ပလက်ဖောင်းဘေးမှာရပ်ထားတဲ့ကားထဲမှာ ဝင်ထိုင်နေတဲ့ နေကာမျက်မှန်တပ်ငနဲက ကျွန်တော်တို့နှစ်ယောက်ကို လှမ်းကြည့်နေတယ်။

"မင်းက အပြောင်းအလဲမြန်လှချည်လား၊ ခုနလေးတင် ငါ့ကိုရင်သူလိုသဘောထားပြီး ရန်လိုနေတယ်၊ အခုကြတော့. . . နေပါဦး၊ ငါက မင်းနဲ့ဘာဆိုင်လို့ အဲ့ဒီကောင်ကိုသွားထိုးရမှာလဲ၊ နေရင်းထိုင်ရင်း ငါ့ကို အချုပ်ထဲအရောက်ပို့နေတာလား"

"မိတ်ဖြစ်ဆွေဖြစ်လေးဖြစ်သွားအောင် ကူညီပေးပါလား၊ အဲ့ဒီကောင်ကို ခုနလေးတင်မှ ဒီနားတစ်ဝိုက်ရောက်နေတာ လှမ်းမြင်လိုက်လို့ မထင်မှတ်တဲ့ ဆုံတိုးမှုပေါ့"

ကျွန်တော်ပြန်ကြည့်လိုက်တော့ သူမရဲ့အကြည့်က ကာလီယိုပက်ထရာလိုလို။ သူမရဲ့အပြုံးက မိုနာလီဇာလိုလို။ သူမရဲ့မျက်နှာပေးက လက်စားချေခြင်းကိုစောင့်ကြပ်တဲ့ နဲမက်ဆစ် ဆိုတဲ့ နတ်သမီးလိုလို။

"ရှင်. . . မလုပ်ပေးနိုင်ဘူးလား"

"လုံးဝအဓိပ္ပါယ်မရှိဘူး၊ မလုပ်ပေးနိုင်ဘူး"

"အဲ့ဒါဆို ကျွန်မကိုယ်တိုင်သွားထိုးမယ်၊ ရှင်နေစိမ့်နိုင်ရင်လဲ နေခဲ့ပေတော့။ ဘာပဲဖြစ်ဖြစ် ဒီနေ့ အဲ့ဒီလူကို ပြန်တွေ့ရလို့ အဲ့ဒီလူအပေါ် မကျေနပ်တဲ့ မျိုသိပ်မှုတွေမှန်သမျှ ဒီနေ့ပဲဖောက်ခွဲပြီး ဆုံးမပစ်ရမယ်"

www.burmeseclassic.com



ခင်သဇင်ရဲ့ပုံစံက ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်မယ့်ပုံ။ ထွက်သွားတယ်။ ခြသေ့်ပျိုမရဲ့ ခြေလှမ်းမျိုးတွေနဲ့ ကျွန်တော် သူမကို ဥပေက္ခာပြုလိုက်လို့ရတယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်ရင်းက မပြုနိုင်ဘူး။ သေချာပါတယ်။ ကျွန်တော့်စိတ်ရင်းအမှန်ကို သူမ လုံးဝသိရှိသွားပြီဆိုတာ။ အဲ့ဒါ လူတစ်ယောက်ကိုကိုင်လှုပ်နိုင်တဲ့အညှာ (အားနည်းချက်)အဖြစ် သူမ အသုံးချလိုက်ရင်တော့ ဒုက္ခ။

ကားပေါ်ကငနဲကလည်း ရဲတယ်။ ခင်သဇင်လျှောက်လာတာမြင်တော့ ကားထဲမှာထိုင်နေရာကနေ ကားပြင်ထွက်ရပ်လိုက်တယ်။ လှုပ်လှုပ်ရွရွနဲ့ ခင်သဇင်ကို လက်နှစ်ဖက်ကမ်းပေးတယ်။ အရင်ထဲက သိကျွမ်းရင်းနှီးပြီးကြပုံပဲ။ တုံးလိုက်တဲ့ကျွန်တော့်အတွေးက သိကျွမ်းပြီးလို့ ဘာဖာတ်လမ်းတွေဖြစ်ပြီး ဒီလိုနာကျည်းချက်တွေပေါ်လာမှန်းမှ မသိတာ၊ ဟောဗျာ. . .”

ကဲ. . . ကြည့်၊ ဒီလောက်ရဲတင်းလွန်းတဲ့မိန်းမ။ ခင်သဇင်ပေါ့။ မျက်မှန်နဲ့ငနဲကို လက်သီးဆုပ်ပြီး ထိုးချပစ်လိုက်တယ်။ တစ်ချက်တောင်မဟုတ်ဘူး။ သုံးလေးချက်ဆင့်ထိုးပစ်တာများ အမျိုးသမီးလက်ဖွေ့မယ်ကြနေတာပဲ။ မိန်းကလေးဆိုတော့ ဟိုငနဲကလဲ ကြိတ်ခံတောင့်ခံတယ်။ မျက်နှာလည်ထွက်သွားတာကို ပြန်တည့်ပေးတယ်။ ဟိုကထပ်ထိုးတာပေါ့။ မိန်းကလေးတွေမဖျော့နပ်ရင် ပါးရိုက်တာပဲကြားဖူးမြင်ဖူးပါတယ်။ ဒီလိုထိုးတာတော့ တစ်ခါမှမမြင်ဘူးလို့ ရင်ပြီး လှမ်းကြည့်နေမိတယ်။ အရှုပ်ထုပ်တွေရှင်းကုန်ပြီလေ။

ဟိုငနဲကအထိုးခံပြီး ခင်သဇင်ရဲ့လက်မောင်းနှစ်ဖက်ကို ဆုပ် ကိုင်ပြီး အသည်းအသန် စကားတွေတတွတ်တွတ်ပြောနေတယ်။ ခင်သဇင်က အဲ့ဒီငနဲရဲ့လက်တွေကို ခါချပစ်တယ်။ ပြီးတော့ ချာခနဲပြန်လှည့်လာတယ်။ အာဂမိန်းမ။ မယ်မင်းကြီးမ။

www.burmeseclassic.com



ဟိုင်နဲက နောက်ကလိုက်လာတယ်။ ဘေးနားကလျှောက်လိုက်ပြီး တတွတ်တွတ်ပြောလာတယ်။ ခင်သဇင်က ကျွန်တော့်အနားပြန်ရောက်လာတယ်။

"ရှင် ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေတော့မှာလား။ ဒီမှာ မိန်းကလေးတစ်ယောက်ကို လိုက်နှောင့်ယှက်နေတာ မမြင်ဘူးလား"

ခင်သဇင်က ဘုဆတ်ဆတ်ပြောလိုက်တော့ ကျွန်တော် ကြောင်အမ်းအမ်းဖြစ်သွားတယ်။ သူ့မဘေးက ကပ်လိုက်လာတဲ့နေကာမျက်မှန်တပ်ငနဲက . . .

"သဇင် . . . ကိုယ်ပြောတာကို ဆုံးအောင်နားမထောင်ပဲ စွတ်ရွတ်ကြမ်းနေတယ်ကွာ။ သဇင်က ဘာလဲ အဖော်ခေါ်လာပြီး ကိုယ့်ကိုဖိုက်တာလုပ်တာလား မင်းကိုခွင့်လွှတ်နိုင်ပေမယ့် မင်းအဖော်ခေါ်လာတဲ့ကောင်ကိုတော့ ခွင့်မလွှတ်နိုင်ဘူး။ ဒီကောင် ကိုယ့်အသည်းကိုခွဲမယ့်ကောင်"

နေကာမျက်မှန်နဲ့လူက ကျွန်တော်နဲ့မတိမ်းမယိမ်းအရွယ်ပါ။ သူ့ကြည့်ရတာ ကျွန်တော့်ကို ရန်လိုနေတယ်။ ချက်ချင်းကြီးကို ရန်လိုနေတာ။ ဘာမပြောညာမပြောနဲ့ ကျွန်တော့်ကို ဆတ်ခနဲလက်ပြန်ရိုက်ချလိုက်တာ . . .

"ဖြောင်း"

"အား"

ရှောင်ချိန်မရလိုက်ဘူး။ ဒီလိုဖြစ်မယ်လို့ထင်မထားတော့ ခံရပြီပေါ့။ သွားတွေကျွတ်ထွက်ကုန်ပြီလားမှတ်ရတယ်။ ပြင်းလိုက်တဲ့ရိုက်ချက်။ ကြယ်မြင်လမြင်ကို မီးပွင့်ထွက်သွားမတတ်ပဲ။

"ပေ . . . လူ့ . . . ခင်ပျား . . . ဘာလုပ် . . ."

"ကျွန်တော့်စကားမဆုံးခင်မှာ အဲ့ဒီလူရဲ့ဖြောင့်လက်သီးတစ်လုံး

www.burmeseclassic.com



ဝင်လာတာကို ရိုပ်ခနဲ . . .

"ခွပ်"

"အု"

ကျွန်တော် နောက်လန်သွားတဲ့အချိန်မှာ အဲ့ဒီလူက လိုက်ထိုးတယ်။ သတိဝင်လာပြီမို့ ကျွန်တော် နောက်ဆုတ်ရှောင်တိမ်းရကာ အဲ့ဒီလူရဲ့ဝမ်းဗိုက်ကို ဆောင့်ကန်ပစ်လိုက်တယ်။

"အွပ်"

"ခွပ်"

"အီး"

"ဖြောင်း"

"အား"

ဗိုက်နှိပ်ပြီး ကုန်းကုန်းကွကွကြီးဖြစ်နေတဲ့ အဲ့ဒီလူရဲ့မျက်နှာကို လက်သီးနဲ့လှည့်ထိုးပစ်လိုက်တယ်။ ပြီးတော့မှ နားအုံကို လက်နှစ်ဖက်ဆုပ်ပြီး အားကုန်လွှဲရိုက်ပစ်လိုက်တယ်။

အဲ့ဒီလူ လမ်းပေါ်ကိုခွေကျသွားတယ်။

"မလုပ်နဲ့. . . မလုပ်နဲ့"

ခင်သဇင်က ကျွန်တော့်ကိုအတင်းလာဆွဲတယ်၊ ကျွန်တော်က အသားနာသွားလို့ ဆက်တီးချင်သေးတယ်၊ ခင်သဇင်အတင်းဆွဲနေတာနဲ့ စိတ်လျှော့လိုက်ရတယ်။ သူတပြန်ကိုယ်တပြန် ဆော်တီးပစ်တာ တော့ပြီပေါ့။

ခင်သဇင်က ကျွန်တော့်လက်မောင်းကို အတင်းဆွဲခေါ်သွားလို့ လိုက်လာရတယ်။ ခြေလှမ်းနှစ်ဆယ်လောက်ဝေးလာတော့မှ . . .

"ရှင် ဘာလို့ အဲ့ဒီလို လက်လွတ်စပါယ်လုပ်လိုက်ရတာလဲ"

"ဟောဗျာ. . . မလုပ်ရင် သူက ကျုပ်ဘတ်သီးနှစ်လုံးကျွမ်း

www.burmeseclassic.com



အောင်ထိုးတော့မှာ၊ သူကစလုပ်တာ မင်းမတွေ့ဘူးလား”

“ဆုံးမတာပဲ တစ်ချက်နှစ်ချက်ဆိုတော်ရောပေါ့”

“အခုလဲ သုံးချက်တည်းပါ၊ သူသုံးချက် ကိုယ်သုံးချက်လေ”

“ရှင့်ရဲ့နောက်တစ်ချက်က သူ့ခမျာ အသက်ပါသွားနိုင်လောက်တယ်ရှင့်၊ အဲ့ဒါကိုကောသိရဲ့လား။ အဲ့ဒီ့လူသေပြီး ရှင်ထောင်ကျတာ အရေးမကြီးဘူး။ ကျွန်မမှာ ကန့်လန့်ကန့်လန့်နဲ့ အမှုတွဲတာကို လိုက်ရှင်းရမှာ သိက္ခာကျတယ်၊ သဘောပေါက်ရဲ့လား”

“တော်ပြီ. . . ပေါက်တယ်၊ လန့်သွားပြီ၊ မင်းလမ်းမင်းသွား၊ ငါ့လမ်းငါသွားတော့မယ်၊ မင်းဟာလေ တ ပြဿဒါးမလေးပဲ၊ မင်းနဲ့တွေ့တိုင်း ငါ့မှာ ရောဂါတက်ရတာချည့်ပဲ”

“ဩော်. . .ရှင်ကမှပြဿဒါးအစစ်၊ လူကိုလာပြီး ဗျစ်တောက်ဗျစ်တောက်လုပ်မနေနဲ့. . . သွား၊ ရှင့်ကို ဘယ်သူမှ ဆွဲမထားဘူး၊ ဝေးလေကောင်းလေပဲ၊ ကိုးလို့ကန့်လန့်နဲ့ ဘယ်လိုလူစားမှန်းကိုမသိဘူး”

“အရှုပ်ထုပ်က ပြောရတယ်ရှိသေးတယ်”

“ကျွန်မကအရှုပ်ထုပ်ဆိုရင် ရှင်က အမှိုက်ထုပ်”

“မင်းနဲ့ ဘုဘောက်ကျနေဖို့အချိန်မရှိဘူး”

“ဟွန့်”

ကျွန်တော် ဆောင့်ကြီးအောင့်ကြီးနဲ့ ယမ်းခွဲထွက်လာလိုက်တယ်၊ နေရင်းထိုင်ရင်း ရန်ပွဲဖြစ်ရတယ်။ နောက်တစ်ခါ ခင်သဇင်ကိုမြင်တာနဲ့ မုခဆိုးကိုတိုတိုဝတ်၊ ဖိနပ်ကိုခါးထိုး၊ ဒင်းမျက်နှာကိုစေ့စေ့ကြည့်ပြီး နောက်ကြောင်းပြန်လှည့် အားကုန်သုတ်ပြေးတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

မယ်မင်းကြီးမကို ကြောက်လွန့်လွန်းလို့ပေါ့။

www.burmeseclassic.com

## အခန်း (၁၈)

"စိတ်တွေရှုပ်ထွေးနေတဲ့အခါ ဘာလုပ်ရင်ကောင်းမလဲလုလင်၊ စိတ်တွေငြိမ်းချမ်းလန်းဆန်းသွားစေချင်တယ်"

ဈေးကွက်ဖြန့်ဖြူးမှု စာရင်းတွေကိုပြုစုပြီး လုစုကျော့ထံ သွားတင်ပြရတယ်။ လုစုကျော့ကစစ်ဆေးပြီး လက်မှတ်ထိုးပေးရင်းနဲ့ ပြောလာတဲ့စကား။ ကျွန်တော့်ကို အကြံပေးအရာရှိလို့သဘောထားပြီး မေးလာချေပြီ။ အမတ်ကြီးဦးပေါ်ဦးတို့လို ခုံတော်မောင်ကျာဘမ်းတို့လို ဉာဏ်မသွားပေမဲ့ လုံဖျားမုစဦးနားသလို ကြုံခဲ့ရတဲ့အဖြစ်ကို လှစ်ခနဲထွက်လာတဲ့စကား။

"ဘုရားသွားဖူးပြီး ယတြာယာချေလိုက်ပါလားခင်ဗျာ"

"အင်း. . . အဲဒါဟုတ်တယ်၊ ဒီညနေ(၃)နာရီလောက် မင်းအသင့်စောင့်နေ၊ ဘုရားကို မင်းလိုက်မောင်းပို့ပေးရမယ်၊ ရွှေတိဂုံဘုရားသွားမယ်"

ညနေကြတော့ ကျွန်တော်လိုက်ပို့ပေးရတယ်။

www.burmeseclassic.com



ကုသိုလ်လည်းရ မေ်းလို့လည်းမဝပေါ့။

လုစုကျော့ဟာ ဘယ်လိုပဲကြည့်ကြည့် ဆွဲဖက်ချင်ပစ်လောက် အောင်ကို လှနေတယ်။ ကျွန်တော့်စိတ်တွေကို တော်တော်ကြီးထိန်းနေရ တယ်။ ဗုဒ္ဓဟူးသမီးဆိုတော့ ဗုဒ္ဓဟူးနံထောင့်မှာ ရေသပ္ပါယ်တယ်။ နွေ အခါဆိုရင်တော့ ရေသပ္ပါယ်တာကောင်းပါတယ်။ ဆောင်းတွင်းမနက်ပိုင်း ဆိုရင်တော့ ဆင်းတုတော်လေးအအေးပတ်မှာပေါ့။ နွေအခါကြီး မီးတွေ တောက်တောက်လောင်လောင်ပူဖော်နေလိုက်ကြတာ နေ့ခင်းဖက်ကြီး ထွန်းတာ အဓိပ္ပါယ်သိပ်မရှိဘူး။ အမွှေးတိုင်ကတော့ ထားပါတော့။

လုစုကျော့ ရေသပ္ပါယ်ပြီးပြန်လာတော့ . . .

"အမေ့"

ချော်လဲမလိုဖြစ်သွားလို့ ကျွန်တော်ဖက်ပွေ့ထိန်းလိုက်ရတယ်။ ဘုရားပေါ်မှာ ရင်ခုန်သံတွေဒိန်းတပ်တပ်လုပ်နေလို့ မနည်းချုံးနှိမ်လိုက် ရတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတကား။

အနိစ္စဆိုတာ အနိပ်ကလေးတွေက စ,နေတာမဟုတ်ဘူး။ အမြဲ မရှိဘူးဆိုတာကို ပြောတာ။ ဒီမာတုကာမလေးနဲ့ဖထိမိအောင် ရှောင်မှ။ အာရုံငါးပါးမှာ အထိအတွေ့အစွမ်းက ပိုပြင်းတယ်တဲ့။

ဘုရားဖူးပြီးတော့ နေလဘုရားမှာ တရားသွားထိုင်တယ်။ ထွက် လေဝင်လေကို ရှုမှတ်ရတဲ့အာနာပါနကျင့်စဉ်ကို ငါးမိနစ်လောက်ဆိုင်ကြည့် လိုက်တာနဲ့ စိတ်ရောကိုယ်ပါ ပေါ့ပါးလန်းဆန်းကြည်လင်သွားတယ်။

"မင်းပေးတဲ့နည်းကောင်းတယ်"

"ဘုရားပေးတဲ့ဆေးနည်းပါ၊ စိတ်တင်းကျပ်မှုတွေ စိတ်ဖိစီးမှုတွေ စိတ်ဒဏ်ရာရမှုတွေ စိတ်မွန်းကျပ်တာတွေ ကြုံတွေ့လာရင် အာနာပါန ကျင့်စဉ်ကို ငါးမိနစ်လောက်ပဲ စူးစိုက်မှတ်ကြည့်လိုက်၊ စိတ်တွေ ရှင်းလင်း သွားလိမ့်မယ်၊ တကယ်တော့မရယ် လူ့ဘဝဆိုတာ ခဏလာလည်ရတဲ့

www.burmeseclassic.com



ဘုံဘဝပါ၊ လောကဆီက များများယူထားရင် များများပြန်ပေးဆပ်ရတယ်၊ နည်းနည်းယူရင် နည်းနည်းပဲပြန်ပေးဆပ်ရတယ်၊ ဒါကြောင့်မို့ သူတောင်စင် သူတော်မြတ်တွေက ချီးခြံခြွေတာတဲ့အကျင့်နဲ့ လောကဆီက အတတ် နိုင်ဆုံးမယူရအောင် ကြိုးစားနေကြတာပေါ့"

ကျွန်တော့်ကို လှစုကျော့က အံ့အံ့ဩဩလေးကြည့်လာတယ်။ ကျွန်တော်က ခေါင်းလောင်းထိုးနေလိုက်တယ်။

"မင်းပြောသလိုဆို လောကကြီးက ငွေတိုးပေးစားတဲ့သူကြီးလို ပါပဲလား"

"ဟုတ်တယ်လေ. . . မမကိုပဲကြည့်၊ ချမ်းသာချင်လို့ ပိုကြိုးစား တယ်၊ ချမ်းသာသထက်ပို ပိုပြီးချမ်းသာချင်နေတဲ့လောဘတွေ ဖြစ်ရတယ်။ တက်တဲ့အချိန်မှာ ကြိုးစားသလောက်ဖြစ်ထွန်းနေတယ်၊ ကျတဲ့အချိန်မှာ မဖြစ်လာတော့ စိတ်ကျရောဂါရရော၊ အမှန်တကယ်ချမ်းသာမှုအစစ်ဆိုတာ ရွှေငွေစည်းစိမ်ဂုဏ်ရှိန်ဂုဏ်ဝါတွေ မဟုတ်ပါဘူး။ တရားနဲ့နေထိုင်ခြင်းပါ၊ သီလဆောက်တည်ပြီး တရားနဲ့နေထိုင်တဲ့ ကိုယ်ကျင့်အဘိဓမ္မာသာ ချမ်း သာရာအစစ်ပါ"

လှစုကျော့က သဘောတော်ကျပြီး တစ်ဖက်လှည့်ပြုံးနေတယ်။ လှစုံကျော့ရဲ့ ပြုံးခဲ၊ တည်ခဲလှတဲ့မျက်နှာ။ အခုလိုအပြုံးနဲ့ ကြည်လင်နေ တာတွေ့ရတော့ တကယ်ကို ကြည်နူးဝမ်းသာမိတယ်။ ကားပါကင်ထိုးလို့ ရတဲ့ မုန့်ဖက်ကမဆင်းတော့ဘူး။ ရေတာရှည်လမ်းထဲမှာ ကားထိုးခဲ့တာ ကိုး။ အရှေ့ဖက်မုန့်ကနေ ပြန်ဆင်းဖြစ်ကြတော့ ကျွန်တော် ခြေချော်တော့ မလိုဖြစ်သွားတယ်။ လှစုကျော့က လှမ်းထိန်းလိုက်တယ်။

"ကျေးဇူးပါပဲ မမ"

"အပြန်အလှန်ပေါ့၊ ကျေပြီလေ၊ ဒီအတိုင်းဆိုရင်တော့ ထိုလို့ လက်ကိုမင်းချိတ်ရဲလား"

www.burmeseclassic.com



"ဗျာ"

"အအ,ကြီးလို တဗျာဗျာနဲ့လုပ်မနေနဲ့၊ မင်းရှိုးတယ်ဆိုတာ တို့မယုံဘူး။ လူရိုးက သချိုင်းမှာပဲရှိတယ်။ ဘယ်လိုလဲ"

"အဲ. . .အဟဲ. . . ချိတ်ရဲတာပေါ့၊ မမရဲ့အသိအကျွမ်းတွေထဲက တစ်ယောက်ယောက်မြင်သွားရင် မမကာမိန်းကလေးသိက္ခာပဲ့ရာကြနေမှာ စိုးလို့ပါဗျာ"

"ကိုကိုကျော်ရှေ့မှာ တစ်ခါတွဲဖူးပြီးပြီ။ အခုတစ်ခါထပ်တွဲပြဖို့လိုလာပြီလေ။ ဟိုမှာ တက်လာကြတဲ့စုံတွဲကို လှမ်းကြည့်လိုက်ပါဦး။ မသိမသာလေးကြည့်နော်။ တို့တွေကြည့်မှန်း သူတို့သိသွားရင် မာန်ကြွသွားဦးမယ်"

"ဟိုက်. . .ကိုကိုကျော်နဲ့ အပျံစားကောင်မလေးတစ်ယောက်ပါလား၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ"

"ကဲ. . .လက်ချင်းချိတ်မလား၊ မချိတ်ဘူးလား"

"ချိတ်ပါတယ်၊ သိပ်ချိတ်တာပေါ့၊ ချိတ်ရုံတင်မဟုတ်ဘူး၊ ပိုပြီး ပီပြင်အောင် လုပ်ပြဦးမယ်"

ကျွန်တော်က လှစုကျော့နဲ့ လက်ချင်းချိတ်လိုက်တယ်။ ကျွန်တော်တို့စုံတွဲကို ကိုကိုကျော်လှမ်းမြင်တော့ မျက်နှာကွက်ခနဲပျက်သွားတယ်။ ကျွန်တော်က မမရဲ့မေးစေ့နုနုလေးကိုပါ အသာကိုင်လှုပ်ပစ်လိုက်မိတယ်။ မေးစေ့လေးက နုနယ်မွတ်စင်အိထွေးနေတာပဲ။ မမက လိုတာထက်ပိုသွားတဲ့အိုက်တင်ကိုလျှော့ဖို့ မျက်စောင်းလေးခဲကြည့်ပြီး အံ့စေ့ပြတယ်လေ၊ ကိုကိုကျော်နဲ့ တွဲကပ်ပါလာတဲ့ကောင်မလေးကို ကျွန်တော်သေသေချာချာကြည့်လိုက်မှ ဘုရားတမိသွားရတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ညီမဝမ်းကွဲ။ ကျွန်တော့်အဖေရဲ့ညီမ အနန္တီမျိုးမွေးထားတဲ့ သားသမီးသုံးယောက်ထဲက အလယ်မ။ အစ်ကိုတစ်ယောက်၊

www.burmeseclassic.com



မောင်တစ်ယောက်ကြားထဲက နို့ညှာမ ပေရယ်ဖြစ်နေလို့ပေါ့။

ပေရယ်ရဲ့အစ်ကိုက ဖိုးဂျွန်တဲ့ ပေရယ်ရဲ့မောင်က ဖိုးဝါခေါင်တဲ့။ ပေရယ်က အူမြူးလာတာ။ ကျွန်တော့်ကိုတောင်မတွေ့ဘူး။ မိုးမမြင်လေမမြင်နဲ့ပေါ့။ ကိုကိုကျော်က ဘီလူးဖရဲသီးပုပ်စားရတဲ့မျက်နှာနဲ့။ ကျွန်တော့်ကို မိုက်ကြည့်ကြည့်နေတယ်လေ။

ကျွန်တော့်ဘဝမှာ ဒီတစ်ခါလောက် စိတ်ရှုပ်ထွေးပြီး စိတ်ကျဉ်းကျပ်ရတာမျိုး တစ်ခါမှမကြုံဖူးဘူး။

ညီမဝမ်းကွဲ တွဲခုတ်လာတာကို ဒေါကန်ရမလား?

ကိုကိုကျော်ရန်စောင်တာကို ပြန်လှောင်ပြချင်တယ်။ ဒေါ်စီးပြချင်တယ်။ ဘုရားမှာမို့ စိတ်လျှော့ပြီး ပျော့ပျော့ကလေးနေပြရမလား။ လှစုကျော့နဲ့ တွဲခွင့်ခဏရလို့ မာန်တက်ပြရမလား။ ဟန်ဆောင်ခဏမို့နောက်တော့ ဘာမှလဲမဟုတ်တာကိုသိလို့ ဟင်းခနဲပင့်သက်မှုတ်ရမလား။ ဘာလုပ်လို့ဘာကိုင်ရမှန်းကိုမသိတော့ဘူး။

ကိုကိုကျော်တို့စုံတွဲ ဘုရားပေါ်အတက်။ ကျွန်တော်နဲ့လှစုကျော့တို့စုံတွဲ ဘုရားပေါ်ကအဆင်း။

ဖြတ်သွားတဲ့ခဏ ပွတ်ကာသီကာလေးဖြစ်သွားတာကိုက ရင်ထဲကလိုင်းကလန်ကြီးလိုဖြစ်လို့။ လှည့်မကြည့်တော့ဘူး။

ဆင်သွားတဲ့လမ်း ဆင်သွားစတမ်း။ ဆိတ်သွားတဲ့လမ်း ဆိတ်သွားစတမ်းပေါ့။

စောင်းတန်းအောက်ဖက်ရောက်တော့မှပဲ အသက်ရှူချောင်တော့တယ်။ လှစုကျော့က အံ့ရင်လက်တွဲဖြုတ်ပြီးသွားပါပြီ။

"ကျွန်တော် တစ်ခုလောက်မေးပါရစေ၊ စပ်စုတယ်လို့တော့မထင်နဲ့"

"ကိုကိုကျော့်အကြောင်းလား"

"ဟုတ်တယ်"

www.burmeseclassic.com



"မသိချင်ပါနဲ့"

"မသိလို့မဖြစ်တော့ဘူး"

"ဘာကြောင့်လဲ"

"အဲ့ဒီလူ ခုနတွဲသွားတာ ကျွန်တော့်ညီမဝမ်းကွဲဖြစ်နေလို့"

"အို. . . တကယ်"

"အဟုတ်ပါမမ"

"ရှုပ်ကုန်တော့မှာပဲ"

"ကျွန်တော်ရှင်းတတ်ပါတယ်ဗျာ"

"ကိုကိုကျော့်အကြောင်းသက်သက်ပဲ သိချင်တာမဟုတ်လား"

"ပြည့်စုံရင်တော့ပိုကောင်းတာပေါ့"

"အဲ့ဒါဆိုရင်တော့ ရှေ့နားကကြံရည်ဆိုင်မှာ ခဏထိုင်စကားပြောမှဖြစ်လိမ့်မယ်"

ကြံရည်ဆိုင့်မှာဝင်ထိုင်ပြီး ကြံရည်နှစ်ခွက်မှာသောက်ဖြစ်တယ်။ မမရဲ့ရုပ်သွင်က တည်ငြိမ်နေတယ်။

"ကိုကိုကျော်ဟာ မင်းသားခေါင်းဆောင်းထားတဲ့ဘီလူးဆိုလဲ ဟုတ်တယ်၊ ပြီးတော့ ဘီးလူးခေါင်းဆောင်းထားတဲ့မင်းသားဆိုလည်း ဟုတ်နေပြန်တာပဲ"

လုစုကျော့ရဲ့ မတင်မကျစကားကြောင့် ကျွန်တော်ဘဝင်မကျဖြစ်သွားမိတယ်။

လုစုကျော့က ကြံရည်ကိုတစ်ငုံသောက်လိုက်တယ်။

"ကိုကိုကျော်နဲ့တို့နဲ့ ရည်ငံခဲ့ဖူးပါတယ်၊ တစ်ယောက်နဲ့တစ်ယောက်မုန်းပြီး လမ်းခွဲသွားရတဲ့အကြောင်းက (၂)ချက်ရှိတယ်၊ ပထမအချက်က ကိုကိုကျော်က မျက်နှာများတယ်၊ သစ္စာမတည်ဘူး၊ ဒါကြောင့်မုန်းတယ်၊ နောက်တစ်ချက်ကတော့ အရှက်မဲ့တဲ့ကိစ္စတွေကို အဆင်ခြင်

www.burmeseclassic.com



မဲ့လုပ်တတ်တာကြောင့်ပဲ''

ကျွန်တော်နားမရှင်းသေးဘူး။ ဒါကို လှစုကျော့ သိနားလည်တယ်။

''မျက်နှာများတာကတော့ ရည်းစားများတာကိုဆိုလိုတာ၊ အရုက် မရှိဘူးဆိုတာက ခုနက ဘုရားစောင်းတန်းအတက် ဖိနပ်ချွတ်တဲ့နေရာကို တွေ့တယ်မဟုတ်လား''

ကျွန်တော်ခေါင်းညိတ်ပြလိုက်တယ်။ လှစုကျော့က ရယ်ချင်ပက် တို့မျက်နှာနဲ့။

''ကိုကိုကျော်နဲ့တို့နဲ့ ဘုရားလာဖူးသေးတယ်၊ ဖိနပ်ချွတ်မှာ ဖိ နပ်ချွတ်တော့ အမူမဲ့အမှတ်မဲ့နဲ့ ဖိနပ်ကုန်းချွတ်နေတဲ့ ကိုကိုကျော်ရဲ့တင် ပါးနောက်မှာ တို့မျက်နှာအပ်မိသလိုဖြစ်သွားတယ်၊ တို့ကလဲ ဖိနပ်ကုန်း ချွတ်နေတာကိုး၊ အဲ့ဒီမှာတင် ကိုကိုကျော်ပေါ့၊ လေလည်ထည့်လိုက်တာ တို့မှာ မွန်ထူသွားတာပဲ၊ အသံကျယ်ကြီးနဲ့လေ၊ နံလိုက်ရွံလိုက်တာ မပြောပါနဲ့တော့''

ကျွန်တော်ပါရယ်ချင်သွားတယ်။ လှစုကျော့က နှာခေါင်းလေးရှုံ့ ပြီး ဆက်ပြောပြန်တယ်။

''တို့နဲ့ကိုကိုကျော် စကားများတော့တာပေါ့၊ သူမရှက်ပေမယ့် တို့ရှက်တယ်၊ တစ်ခါတစ်လေ တွဲသွားတဲ့အခါလဲ လူကြားထဲမရှောင်ဘူး အသံကျယ်ကြီးနဲ့ကပေါက်ချထည့်လိုက်တယ်၊ အဲ့ဒီအကျင့်ဆိုးကြီးကိုမြင်လို့ အကြိမ်ကြိမ်ပြောပေမယ့်မရဘူး၊ အချစ်နဲ့လေလည်ခြင်းကို အောင့်ထား လို့မရဘူး၊ မင်းကော လေမလည်ဘူးလားဘာလားနဲ့ လုပ်လာတယ်၊ သူ့ ကို တော်တော်စိတ်ပျက်သွားမိတယ်၊ တို့က အဲ့ဒီကိစ္စမှာ မိုးနဲ့မြေနဲ့တို မှန်းတာ၊ တို့အသွားမှာ အရင်ယောက်ျားနှိုးဖူးတယ်၊ ခြင်ထောင်ထဲမှာ လေလည်တာတဖွတ်ဖွတ်နဲ့၊ တို့အသွားက နှလုံးမသန့်ဘူး အဲ့ဒီအထိကို ခံနိုင်လို့၊ ကွဲသွားကြတာ၊ တို့လဲ နှလုံးမသန့်ဘူး ဒီအထိတောင်မျှော်

www.burmeseclassic.com



ပြတာကို ကိုကိုကျော်က ကြိတ်လွှတ်တဲ့လေလည်မှုက ပိုပြီးနံစော်ပုတ်ဟောင်တယ်ဆိုပြီး တို့ကို လူကြားထဲမှာ ပြန်အော်ပြောတယ်၊ အဲ့ဒါနဲ့ အရှက်ကြီးရှက်ပြီး အဲ့ဒီလူကို မုန်းပစ်လိုက်တာပဲ"

"မျက်နှာများလို့မုန်းတာ မဟုတ်ဘူးပေါ့"

"အဲ့ဒီအကြောင်းကြောင့်လဲ ပါတာပေါ့"

"အဓိကကတော့ ဂက်(စ်)ခါတ်ငွေ့လွှတ်တဲ့ဒဏ် မခံနိုင်လို့ပေါ့"

လှစုကျော့ ခပ်ပါးပါးလေးပြုံးတယ်။ ကျွန်တော်က . . .

"ဒါဆို မမနဲ့ကျွန်တော်နဲ့ အကျင့်တူတယ်"

"ဘာကိုလဲ"

"ကြိတ်လွှတ်တတ်တဲ့နေရာမှာလေ"

လှစုကျော့က ကြံရည်နဲ့ကောက်ပက်မယ့်ဟန်လုပ်လို့ ကျွန်တော့်မှာ ခုံအောက်ကိုခေါင်းလျှိုပြီး ဝပ်နေလိုက်ရတော့တယ်။

"ဟေ့ . . . ပြန်ထစမ်း . . . ထမလား . . . မထဘူးလား"

"ထပါ့မယ်၊ ကြံရည်နဲ့ပဲ အပက်ခံတော့မယ်"

"အောက်မှာခေါင်းထိုးထားချိန် မမက ဂတ်(စ်)ဖွင့်လွှတ်လိုက်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဟယ် . . . ဒီကောင်လေးတော့ ပေါက်ကရတွေ တို့က သေတောင်အဲ့ဒါမျိုးမလုပ်ဘူး"

အဲ့ဒီအချိန်မှာပဲ လေကြွမ်းကြွမ်းတစ်ချက်ဝေ့လိုက်တယ်။

"ပြောရင်းနဲ့နံတောင်လာပြီ၊ မမ တကယ်ဖောက်ခွဲလွှတ်လိုက်တယ်၊ နံလိုက်တာဗျာ"

"ဟယ် . . . သူ့ခြိုးက လူပြန်ဟစ်နေသေးတယ်၊ မင်းလွှတ်တာတို့ အဲ့ဒါမျိုး လုံးဝမလုပ်တတ်ဘူး၊ ဟုတ်တယ်၊ နံလိုက်တာ၊ အကျင့်ယုတ်တယ် . . . ကောင်စုတ်ကလေး"

www.burmeseclassic.com



"ဟာဗျာ. . . မမပါဗျာ၊ ဒီနားမှာ ကျွန်တော်တို့(၂)ယောက်ပဲ ရှိတာ၊ ကျွန်တော်မဟုတ်ရင် မမပဲ၊ ကျွန်တော်မဟုတ်မှန်း ကိုယ်ဘာသာ ကြိမ်းသေသိနေတာကို။ ဖူး. . . ပြောရလို့ အနံ့တွေ ပါးစပ်ထဲဝင်ကုန်ပါ ပြီ"

"ဟင်းနော်. . . ငါမဟုတ်ဘူး၊ မင်းမညာနဲ့၊ ငါမဟုတ်တာကြိမ်း သေတယ်၊ အဲ့ဒီလိုမျိုး စနောက်တာမကြိုက်ဘူးနော်၊ နံ့စော်နေတာပဲ၊ မင်းတို့ယောကျ်ားတွေက မသေခင်ကတည်းက ပုပ်နေကြတာ"

"ဟောဗျာ"

နှစ်ယောက်သား နှာခေါင်းတွေပိတ်ပြီး ငွေအမြန်ရှင်းကာ ထရပ် လိုက်တယ်။ ကြံရည်ဆိုင်ကလူက . . .

"မြောင်းပုပ်နံ့က တစ်ချက်တစ်ချက် နံတတ်တယ်၊ အားနာ တယ်ဗျာ"

"ဗျာ. . . ဒါ မြောင်းပုပ်နံ့လား"

"ဟုတ်တယ်လေ"

ကျွန်တော်နဲ့လုစုကျော့တို့ နှာခေါင်းကိုလက်နဲ့အုပ်ရင်း ပြိုင်တူ ဆုံကြည့်မိလိုက်တယ်။

အီးဘွတ်တရားဟောဆိုပြီး တရားခံရှာရင် တစ်ယောက်တရားခံ ဖြစ်တော့မယ်။ မြောင်းပုပ်နံ့ဆိုမှ ဝေးရာကိုအမြန်လျှောက်လာမိကြတယ်။ လုစုကျော့က ရေသန့်တစ်ဗူးဝယ်ပြီး အာလုပ်ကျင်းတယ်၊ နှာခေါင်းထဲ ကိုလည်း ရေစွတ်ပြီး သန့်ရှင်းရေးလုပ်တယ်။ ရေသန့်တစ်ဗူးလုံး ငုံထိုက် ထွေးလိုက်လုပ်ပြီးတော့မှပဲ သူမကိုယ်သူမ သန့်တယ်ထင်သွားတယ်"

လူတော်တော်များများကတော့ ရုပ်ရှင်ရုံထဲ၊ ဇာတ်ပွဲထဲမှာ ထေ လည်တဲ့အနံ့ရရင် "ဟင်း. . . နံလိုက်တာဆိုပြီး" အရှိန်မိတာ ဒီအတိုင်း ပဲနေလိုက်ကြတယ်၊ လုစုကျော့ကမရဘူး။ တော်တော်ကို နှလုံးသန့်တား

www.burmeseclassic.com



ဒါကြောင့်လဲ ကိုကိုကျော်ကိုမုန်းခဲ့တာပေါ့။ လူတစ်ကိုယ်စရိုက်တစ်မျိုးစီ ရှိကြတာပဲလေ။

အထူးအသာတိပြုဆင်ခြင်ရမယ့်အချက်ကို ကျွန်တော်တွေ့လိုက်ပါပြီ။ မမအနားကပ်တဲ့အခါ လေလည်ချင်ရင်တောင် အောင့်ထား။ ကွယ်ရာကြမှသာ အသကုန် ဖောက်ခွဲထုတ်ပစ်လိုက်ပေတော့။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၁၉)

ကျွန်တော်ကတော့ ဒီဇာတ်ဝင်ခန်းမှာ ဗီလိန်လူကြမ်းကြီးဖြစ်နေပြီလေ။ ပေရယ်တစ်ယောက် လူကြီးတွေဝိုင်းဆူလို့ မျက်ရည်ဘူးသီးလုံးလောက်ကြီးတွေကျပါပေါ့။ ရုပ်ရှင်၊ ဗီဒီဒီနဲ့ ဗီဒီယိုထဲက မြန်မာမင်းသမီးတွေလို အချစ်အတွက်နဲ့ အသက်ပင်သေသေဆိုတဲ့ အိုဗာအိုက်တင်တစ်ခွဲသားကို အသဲယားအောင်လုပ်ပြနေလိုက်သေးတယ်။

"သမီး ကိုကိုကျော်ကိုမခွဲနိုင်ဘူး။ ကိုကိုကျော်ကလဲ သမီးကိုမခွဲနိုင်ဘူး။ ချစ်ခြင်းကိုမခွဲပါနဲ့၊ ချစ်ခြင်းနဲ့အသက်ဆက်နေတဲ့ နှလုံးသားလေးကို သေရာပါအောင်မလုပ်ကြပါနဲ့ရှင်"

"တော်စမ်း. . . ဒသသဂီရိလိုမျက်နှာများပြီး မယားငယ် မယားကြီး အယားလတ် မယားအမြှောင်ထားမယ့်ကောင်ကို နင်မို့လို့စိတ်ကူးတယ်၊ အဲ့ဒီကို ကိုကျော်ဆိုတာ ဆိုဒ်စုံသုံးတဲ့ကောင်၊ နည်းမျိုးစုံသုံးပြီး ငါ့သမီးကို အယုံသွင်းလှည့်စားနေတာ၊ မေမေတို့ကတော့ ဘယ်လိုနည်းနဲ့

www.burmeseclassic.com



မှ သဘောမတူဘူး။ သမီးဖြတ်လိုက်ပါ၊ သမီးမဖြတ်ရင် အဲ့ဒီကိုကိုကျော်ကို မေမေကိုယ်တိုင်သွားဖြတ်ပစ်မယ်''

''ရှင်''

''ဓာတ်လမ်းဖြတ်ပစ်မယ်ပြောတာဟဲ့''

''မေမေရယ် စက်ရက်တော့မှာလား၊ အဲလေ. . . ရက်စက်တော့မှာလား။ ခေါင်းအုံးထက်ကာမျက်ရည်တွေ သက်သေပြလိုက်ချင်တယ်၊ ကိုယ်ပိုင်အသည်းကို မပိုင်တဲ့ဘဝ၊ ကံဆိုးမိုးမှောင်မကျပါစေနဲ့ရှင်''

မိခင်က ရင်ဖိုမောလှိုက်သွားတယ်။ ဖခင်ကဒေါသမောင်းတင်ပြီး. . .

''တိတ်စမ်း. . . ယေင်ကျူးပြီး အလွမ်းသယ်မနေနဲ့၊ နားငြီးတယ်၊ မိုက်လိုက်တဲ့သမီး။ ဒသသဘီလူးလိုကောင်မျိုးကိုမှ ရွေးကြိုက်ရတယ်လို့၊ တော်တော့ ရပ်တန်းကရပ်တော့၊ ငါ့သမီးမှာ ရွေးစရာရှားချင်အဖေကိုယ်တိုင် သတို့သားလောင်းကောင်းကောင်းရှာပေးပါ့မယ်၊ အေး. . . အဲ့ဒီလိုရှာပေးပြီးရင်တော့ ငါ့မျက်နှာကိုထုံးမသုတ်နဲ့၊ မိဘက ကောင်းစေချင်လို့နှတ်ပြည့်တင်ပေးတာ၊ တင်ပါးအေးတယ်ဆိုပြီး ပြန်ခုန်မချနဲ့၊ ဘဝပျက်သွားမယ်၊ သမီးဟာ မိန်းကလေး၊ ဟိုကောင်ကိုကိုကြောင်ကလွဲရင် အဲလေ ကိုကိုကျော်ကလွဲရင် ကျန်တဲ့သူ ဘယ်သူမဆိုပေးစားမယ်''

ဒီစကားကြောင့် ပေရယ် ရင်ထုမနာဖြစ်သွားတယ်၊ သူမရဲ့အစ်ကိုဖိုးဂျွန်ကတော့ သူညီမဖြစ်နေတာကို စိတ်မကောင်းခြင်းကြီးစွာနဲ့ ပြောလာတယ် ''သေပေါ့'' တဲ့။ အငယ်ဆုံးမောင်ဖိုးဝါခေါင်ကတော့ သူ့အစ်မမျက်ရည်သုတ်ဖို့ လက်နှီးစုတ်ကြီးသွားရှာပေးတယ်။

''မငိုပါနဲ့ဟာ၊ ဘယ်သူမှမသေသေးပါဘူး၊ အဖေနဲ့အမေကကောင်းစေချင်လို့ပြောတာပါ အစ်မရာ၊ ယောက်ျားမယူဖြစ်ရင် နင်တော်သက်သာသေးတယ်၊ မိန်းမဖြစ်ရတဲ့အထဲမှာ ကလေးမွေးရတာကို ငါတော့

www.burmeseclassic.com



တွေးတွေးပြီးကြောက်မိတယ်"

ဖိုးဝါခေါင်စကားကြောင့် မိဘနှစ်ပါး မျက်လုံးတွေပြူးသွားတယ်။ ပေရယ်ကတော့ စိတ်ဆင်းရဲခြင်းကြီးနေလို့ နှပ်တွေသုပ်ရအောင် လက်နီးစုတ်ကို လှမ်းဆွဲယူပြီးသုတ်လိုက်တယ်။ သွားပြီ။

လက်နီးစုတ်ကအိုးမဲတွေ သူမနှာခေါင်းနဲ့ပါးဘေးတွေမှာ ပေရေကုန်ပြီ။ ဟာစ်တလာရဲ့နှုတ်ခမ်းမွှေးနဲ့ ဆက်ဒမ်ဟူစိန်ရဲ့နှုတ်ခမ်းမွှေးနှစ်ခုချက်ချင်း သူမမျက်နှာပေါ်မှာ ပေါက်လာတဲ့ပုံစံကြီးနဲ့ပေါ့၊ ဒါကိုတွေ့တော့ ဖိုးဂျွန်နဲ့ဖိုးဝါခေါင်တို့ ဟီးဟီးဟဲဟဲတွေဖြစ်ကုန်ကြတယ်။ ပေရယ်ရဲ့မိဘတွေကတော့ ရယ်ရခက်တဲ့မျက်နှာတွေနဲ့။

အတို့အထောင်လုပ်တဲ့ကျွန်တော့်ကို ပေရယ်က လူကြီးတွေအလစ်မှာ မျက်စောင်းတထိုးထိုးနဲ့ပေါ့။

"ကိုကိုကျော့်အကြောင်းလည်းသိနေပြီ၊ ဒီလောက်ပြောထားရဲ့သားနဲ့ ဆက်တွဲနေမယ်ဆိုရင်တော့ တွေ့တဲ့နေရာမှာ ငါဆုံးမရလိမ့်မယ်"

"နင်ဆုံးမစရာမလိုဘူး၊ ငါ့အစ်ကိုအရင်းတစ်ယောက်လုံးရှိတယ်"

"ဟဲ့ကောင်မလေး နင်ရိုင်းလှချည်လား၊ လုလင်ကလဲ နင့်အစ်ကိုပဲ၊ အမြင်မတော် ထောင့်မတည့်တာတွေ့ရင် ပိုင်ခွင့်ရှိတယ်၊ ငါတို့မိဘတွေကိုယ်တိုင် အပ်ထားတာ"

ဖိုးဂျွန်ကလဲ . .

"ဟုတ်တယ် . . ဒါက ကုမ္ပဏီမှာအလုပ်ဝင်လုပ်နေတာ၊ ငါ့အဆင့်ငါ့ရာထူးနဲ့ သိပ်အားတာမဟုတ်ဘူး၊ နင်က လတ်လျားလတ်လျားလုပ်နေတဲ့သူ၊ လုလင်ကလဲ အလုပ်မရှိ ချစ်တီးခေါင်းသန်းရှာနေတဲ့ကောင်၊ နင်တို့(၂)ယောက်ပဲ ကီးကိုက်တယ်၊ လုလင်ဆုံးမတာနာခံစေ"

"ဟာ. . . ကိုဂျွန်ကလဲ ကျွန်တော်အလုပ်ရနေပါပြီဗျ ပြောလိုက်ရင် ပိသသလေးနဲ့ဘေးပစ်လိုက်တဲ့အတိုင်းပဲ"

www.burmeseclassic.com



"တုတ်လား. . . အဲ့ဒါဆိုလဲကောင်းတာပေါ့၊ ငါက နောက်ရွတ်ပြောတာပါ၊ ငါ့ညီပဲ ပေရယ်ကိုစောင့်ကြည့်ပေး၊ အလုပ်အားရင်ပြောပါတယ်"

ဖိုးဝါခေါင်ကပါ တစ်စခန်းထလာတယ်။

"အစ်မရှိတာ သိပ်မျက်နှာပူတာပဲ၊ ကျွန်တော်က အစ်မကို ပြန်ဆုံးမခွင့်မရှိဘူး၊ ပြီးတော့ ကျူရှင်တွေသင်တန်းတွေ ဒေါင်ချာဆိုင်းအောင်တက်နေရတာ၊ ကိုလုလင်ပဲ တာဝန်ယူတာကောင်းတယ်၊ အမေနဲ့အဖေကလဲ အလုပ်များတယ်လေ"

ဒီလိုပြောလိုက်တော့ ပေရယ်တစ်ယောက် သူ့ခေါင်းသူထုရင်း . . .

"ကောင်းတယ်. . . လုပ်ကြပါ၊ ငါ့ကို သေမင်းလက်ဝကွက်အပ်နေသလိုပဲ၊ နင်တို့က ဒီလိုသဘောထားကြမှတော့ ငါ့ဖက်ကပြတ်သားရတော့မှာပေါ့"

"ဟဲ့. . . သမီး. . . ဘာပြတ်သားမှာလဲ"

"ဒီကောင်မလေးတော့ကွာ၊ ပြောလေကဲလေမန်းလေပြလေပဲ၊ ငါ့အဖေတစ်ယောက်လုံးရှေ့မှာတောင် ဒီစကားမျိုးပြောထွက်ရဲသေးတယ်၊ ဟော့. . . ဒီမှာလုလင် ဒီတစ်ခါ အဲ့ဒီလိုတွဲလာတာမြင်လို့ကတော့ လူကြားသူကြားရှောင်မနေနဲ့၊ နရင်းသာဆွဲအုပ်ပစ်လိုက်၊ ငါတို့စိတ်မဆိုးဘူး"

ပေရယ်ရဲ့ဖခင်က အာဏာကုန်အပ်နှင်းလိုက်တော့ ပေရယ်ဆိုတာ ငြူစူခြေဆောင့်သွားတယ်၊ ကျွန်တော်မျိုးကြီးလုလင်ကတော့လက်သီးဆုပ်ကာ အရှိအသေပေးရင်း အာရဝမ်းသာ ပြန်လျှောက်တင်လိုက်ပုံက. . .

"အမိန့်တော်မြတ်အတိုင်းပါဖုရား"

♡ ♡ ♡

နီးလာပြည့်စာပေ

www.burmeseclassic.com

## အခန်း (၂၀)

အလုပ်ပိတ်ရက်ဟူသည် အလုပ်သမားတိုင်းအလိုရှိကြသော နားရက် (ရွှေနေ့ငွေနေ့)ဖြစ်ပါလိမ့်မယ်။ ကျွန်တော့်အတွက်တော့ အလုပ်ပိတ်ရက်ဟာ (အလွမ်းနေ့) ဖြစ်နေပါလေရော။

လှစုကျော့ကိုလွမ်းတယ်။ တစ်ညကလေးဝေးနေရတာနဲ့ ရက်ပေါင်းခုနှစ်ရာပူဆွေးရတဲ့ ဟိုငှက်မောင်နှံကို ငိုတယ်လို့မထင်တော့ပါဘူး။ အချစ်ကို လွမ်းရတာလဲ အရသာတစ်မျိုးပေါ့။

လှစုကျော့ရဲ့စကားသံလေးတွေကို လွမ်းတယ်။

လှစုကျော့ရဲ့လည်တိုင်လေးကို လွမ်းတယ်။

လှစုကျော့ရဲ့ ဖော့ဖယောင်းလိုပျော့ပျောင်းတဲ့ လက်ချောင်း[illegible]တွေကိုလွမ်းတယ်။ (လက်သန်းမပါ။ နုပ်ချေးခွါသောကြောင့် ဖြစ်ပါတယ်)

လှစုကျော့ရဲ့ဆံနွယ်လေးတွေကို လွမ်းတယ်။

လှစုကျော့ရဲ့နှုတ်ခမ်းဖူးဖူးလေးကို လွမ်းတယ်။

www.burmeseclassic.com



လှစုကျော့ရဲ့ မဟာဆန်တဲ့နဖူးပြောင်ပြောင်လေးကို လွမ်းတယ်။

လှစုကျော့ရဲ့ ပခုံးသားလေးကိုလွမ်းတယ်။ (ကျောက်ဆေးထိုးနှံထားတဲ့ အမာရွက်သုံးခုမပါ)

လှစုကျော့ရဲ့မျက်လုံးလေးတွေကို လွမ်းတယ်။

လှစုကျော့နဲ့ သွားခဲ့တဲ့နေရာလေးတွေ၊ စားခဲ့တဲ့ဆိုင်ကလေးတွေကို လွမ်းတယ်။

လွမ်းရလွန်းလို့ အလွန်းတောင်ပို့ကြီးတောင်ပေါက်နေပြီနဲ့ တူပါရဲ့။ အိမ်မှာ ကျွန်တော်မနေနိုင်ဘူး။ လှစုကျော့တို့နေထိုင်ရာမြို့နယ်ရောက်ဖို့ ဘတ်(စ်)ကားမှတ်တိုင် နှစ်ဆယ်ကျော်ကိုဖြတ်သန်းပြီး လှစုကျော့ရဲ့ အရိပ်အယောင်လေးပဲ တွေ့ရတွေ့ရဆိုပြီး ရောက်အောင်လာခဲ့မိတယ်။

ညှို့သည်တစ်ယောက်အနေနဲ့ ဝင်တွေ့လို့ရပေမယ့် သူမအနားယူတဲ့ရက်မှာ စိတ်စနောင်းစနင်းများ ဖြစ်သွားလေမလား။

ကိုယ့်အရေးထက် ချစ်ရသောသူ ဘယ်လိုတွေးပြီးစိတ်ပျက်သွားလေမလဲဆိုတာကို ကမ္ဘာပျက်မှာထက်တောင် တွေးပူမိသေးတယ်။ ဟိုက်ရှားဘား။

ကျွန်တော့်အတွေးကိုသာ ကုလသမဂ္ဂဓာပုဂ္ဂိုလ်တွေကြားသွားရင် ကမ္ဘာ့နာဗူးဘုရင်လို့သတ်မှတ်ပြီး ဂရစ်နစ်စံချိန်စာအုပ်ကြီးမှာ မှတ်တမ်းတင်ထားမှုအခက်ရယ်။

ဟယ်ရီကျော်စွာလေးတစ်ယောက် အရင်လိုအပြင်ထွက်လာတာလဲမတွေ့ရဘူး။ လှစုကျော့တို့တိုက်ခန်းနားကို အရဲစွန့်ပြီးသွားကြည့်တော့ သော့ပိတ်ထားတယ်။ အပြင်သွားကုန်ကြပြီ။ ရင်ထဲလပ်ဟာသွားတယ်။ ဒီအရပ်မှာ ချစ်သူမရှိဘူးဆိုတာသိလိုက်တာနဲ့ ကျွန်တော့်မှာ အထီးကျန်ဆန်သွားလိုက်တာ သစ်ခြောက်ပင်အိုကြီးလို ကုန်းကုန်းကိုင်းကိုင်းကြီးကိုဖြစ်လို့။

www.burmeseclassic.com



တစ်ကိုယ်တော်လေလွင့်ခြင်းပေါ့။ ခြေဦးတည့်ရာလျှောက်ထွက်လာမိတယ်။ ခေါင်းထဲမှာတော့ လုစုကျော့တို့ ဘယ်ကိုသွားနိုင်မလဲ၊ ဘာသွားလုပ်လဲ။ အရေးပေါ်လား။ အလည်အပတ်လား။ ပန်းခြံထဲတွေ အပန်းဖြေသွားတာလား။ ဘုရားသွားဖူးတာလား။ ဖြစ်နိုင်ချေရှိတာတွေ တရစပ်လျှောက်တွေးနေမိတယ်။ ကိုကိုကျော်နဲ့သွားတွေ့တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ ကိုယ့်ဘာသာကိုယ်အားတင်းပြီး ယုံကြည့်လိုက်ရတယ်။

ကြုံရာကားတက်စီးတယ်။ ရောက်ချင်ရာရောက် ဆင်းချင်တဲ့မှတ်တိုင် ကောက်ဆင်းလာလိုက်တယ်။ လက်ဖက်ရည်ဆိုင်သန့်သန့်လေးတွေ့တယ်။ ပန်းခြံထိပ်မှာ ပန်းခြံထဲကရှုခင်းတွေကို လှမ်းမြင်နေရတယ်။ မြို့နယ်ပန်းခြံလေးပေါ့။

ခပ်လှမ်းလှမ်းမှာ ဆိုင်ကယ်(လ်)စီးသင်နေတဲ့ စုံတွဲတစ်တွဲကို လှမ်းတွေ့ရတယ်။ အဖော်မိန်းကလေးတွေရော လူကြီးသူမတွေရော ရှားရှားအလုပ်ပိတ်ရက်မို့ မြို့နယ်ပန်းခြံမှာ လာရောက်ပြီးပျော်ပွဲစား (ပစ်ကနစ်) ထွက်ကြတယ်နဲ့တူပါရဲ့။

ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပုံရတဲ့လူရဲ့ ဆူပါကပ်ဆိုင်ကယ်(လ်)အသစ်စက်စက်လေးကိုတက်ခွပြီး အစီးသင်နေတဲ့ကောင်မလေးက နေကာမျက်မှန်နဲ့၊ ဆံပင်ဖားလျားနဲ့။

တရုတ်ဆိုင်ကယ်(လ်)အသစ်ကျပ်ချွတ် ဖွတ်ချက်ဖုတ်ချက်တလေးစီးပြီး ကျွန်တော်ထိုင်နေတဲ့လက်ဖက်ရည်ဆိုင်ရှေ့လမ်းကနေ ပတ်မောင်းလာတယ်။ အသေအချာကြည့်လိုက်မှ ....

"ဟိုက်"

ခင်သဇင်။ ဆိုင်ကယ်(လ်)အစီးသင်နေတဲ့မချောက ခင်သဇင်ဖြစ်နေတယ်။ ကျွန်တော့်ကိုမတွေ့ဘူး။ ပြုံးပြုံးရွှင်ရွှင်နဲ့ ပန်းခြံထဲပတ်မောင်းနေရတာကို အရသာတွေ့နေရှာတယ်။ ပြဿဒါးမထွက်ဘူးထင်တို့ လက်

www.burmeseclassic.com



ကျွန်လက်ဖက်ရည်ကို ကောက်မော့လိုက်တယ်။

ငွေရှင်းဖို့စားပွဲထိုးခေါ်နေတာ တော်တော်နဲ့မလာဘူး။ လက်ဖက်ရည်မှာတုန်းကလဲ တစ်နှစ်လောက်ကြာမတတ်ပဲ။ စားပွဲထိုးလေးတွေက T.V5 ကလာတဲ့ဇာတ်လမ်းကို မော့ငေးနေကြတယ်လေ။

"ပြွတ်. . . ပြွတ်. . . ပြွတ်. . . ငွေရှင်းမယ်"

ဒေါင်. . . ဒေါင်. . . ဒေါင်. . . (ရေနွေးအိုးခေါက်ခေါ်သံ)

ချွင်. . . ချွင်. . . ချွင်. . . (ဇွန်းနဲ့ခွက်ခေါက်ခေါ်သံ)

အဲ့ဒီအချိန်မှာ ခင်သဇင်က ဆိုင်ကယ်(လ်)ငါးပတ်လောက်ပတ်ပြီးပြီ။ ပန်းခြံကကျဉ်းတာကိုး။ နောက်တစ်ပတ်ပတ်လာတော့ ခင်သဇင်ရဲ့မျက်နှာ ပြုံးပြီးရွှင်ရွှင်မဟုတ်တော့ဘူး။ ဆိုင်ကယ်(လ်)အရှိန်ကလဲ များနေပြီ။ အကွေ့မှာ မမှောက်အောင်မနည်းထိန်းနေရပြီ။ ဆိုင်ကယ်(လ်) အစီးသင်ပေးတဲ့လူက ခင်သဇင်နောက်ကနေ ပြေးလိုက်ပြီး ဆိုင်ကယ်(လ်)ကိုရပ်ဖို့ကြိုးစားတယ်။ မမှီပဲ ခလုတ်တိုက်မှောက်လဲနေလို့ ဘေးလူတွေ ပြေးထူနေရတယ်။

ခင်သဇင်တစ်ယောက် ဆိုင်ကယ်(လ်)စီးပြီး ပြန်မရပ်တတ်တော့ဘူး။ ဘေးလူတွေလဲ လိုက်မဆွဲရဲဘူး။ ဘရိတ်အုပ်နိုင်းတယ်။ အော်ပြောတယ်။ ကြောက်လန့်တကြားနဲ့ သွေးပူထူပြီး အခုမှ ဆိုင်ကယ်(လ်)စ,စီးဖူးသူဆိုတော့ ကြောင်နေတာနဲ့ ဘရိတ်ဘယ်လိုအုပ်ရမယ်ဆိုတာတောင် လန့်မေ့မေ့နေပုံရတယ်။

ကျွန်တော်သာမကယ်ရင် ဒီကလေးမ ဒုက္ခရောက်ရတော့မယ်။ ပန်းခြံထဲမှာ လူတစ်ရပ်လောက်မြုပ်တဲ့ရေကန်လည်း ရှိနေတယ်။ ဘာရမလဲ။ ကျွန်တော့်ခေါင်းထဲ အကြံလက်ခနဲပေါ်သွားတာနဲ့၊ ခင်သဇင်ရဲ့ဆိုင်ကယ်(လ်)လာမယ့်လမ်းမှာ တည့်တည့်ပိတ်ရပ်လိုက်တယ်။ တိုက်ကာမှတိုက်ရော အရဲစွန့်လိုက်တယ်။

www.burmeseclassic.com



လမ်းလယ်မှာတည့်တည့်ရပ်ပြီး မော်တော်ပီကယ်လို လမ်းကြောင်း အသစ်ညွှန်ပေးလိုက်တယ်။

ဆိုင်ကယ်(လ်)ပေါ်မှာဖောချွေးပျံပြီး အသည်းအသန်ကြောက် လန့်နေတဲ့ ခင်သဇင်တစ်ယောက်။ ကျွန်တော်ဆိုတဲ့လူကို ဟိုက်မိရင် ပို ပြစ်မှုကြီးတော့မှာမို့လို့ ကျွန်တော့်လက်ဆန့်တန်းညွှန်ပြရာ လမ်းလွှဲထဲကို အရှိန်နဲ့ ဆွဲကွေ့ဝင်သွားလိုက်တာ . . .

"အုန်း"

"အောင်မလေး"

"ဝုန်း"

"ဗွမ်း"

ရေကန်အုတ်ဘောင်ကိုဝင်တိုက်ကျော်ခွပြီး လူရောဆိုင်ကယ်(လ်) ပါ ရေကန်ထဲကို ပစ်ကျသွားလိုက်တာ စပိန်နွားရိုင်းတွေအဝှေ့ခံလိုက်ရ လို့ မြောက်တက်သွားတာကြနေတာပဲ။ ရုပ်ရှင်ထဲကစတန့်တွေလို ကြည့် လို့တကယ်ကောင်းတယ်။ ရေကန်ထဲကို မရှုမလှပြုတ်ကျသွားတဲ့ ခင် သဇင့်ရဲ့အဖြစ်ကိုကြည့်ပြီး . . .

"အင်း. . . အခြေအနေအရတော့ အသက်ရှည်ဦးမှာပါလေ။ ဆယ်မနေတော့ပါဘူး"

"ကယ်တော်မူကြပါ. . . ကယ်ကြ. . . ဂူး. . . ဖရူး"

ခင်သဇင်ရဲ့အမျိုးအဆွေတွေ အုံလိုက်ကြီးပြေးလာပြီး ကန်ဘောင် မှာ ပတ်ပိုင်းထားကြတယ်။ လူများပြီးပွဲမစည်ဘူး။ ဘယ်သူမှဆင်းမကယ် ရဲဘူး။ မမိုမကမ်းနဲ့ လက်တွေကမ်းပေးကြတယ်။

ဒုက္ခပဲ။ လူတစ်ရပ်မြုပ်ရုံလေးနစ်တာကိုတောင် ခြေဖျားထောက် ပြီး ကန်ဘောင်ရောက်အောင်မလာတတ်တဲ့ ကလေးမ။ ယောကျာ်းတွေတို့ အပြစ်ရှာမုန်းဖို့ကြတော့ ဘယ်သူမှသင်မပေးရဘဲ တတ်လိုက်တာမှ နံပါတ်

www.burmeseclassic.com



**တစ်။ ဆိုင်**ကယ်(လ်)တောင်မရုပ်တတ်မှတော့ ရေမကူးတတ်၊ ကန်ဘောင် **ဘောဆီ**မသွားတတ် ဖြစ်တော့မှာပေါ့။

"ခင်ဗျားတို့ ဘာလုပ်နေကာလဲ၊ ဆင်းဆယ်ကြလေဗျာ"

"ရေမကူးတတ်ဘူးကွ"

"ဟုတ်တယ်၊ ရေမှမကူးတတ်တာ၊ ဘယ်လိုဆယ်မလဲ"

"ပန်းခြံစောင့်ကိုသွားခေါ်ခိုင်းထားတယ်၊ လာလိမ့်မယ်"

"အဲ့ဒီအစောင့်ရောက်တဲ့အချိန်ထိ စောင့်မနေနဲ့၊ ကြာပါတယ်၊ ခင်ဗျားတို့ပါ ရေကူးသင်ပေးမယ်"

တစ်ယောက်နဲ့တစ်ယောက် ကောက်ရိုးတမျှင်ကို အရဖမ်းဆွဲသလို မိရာဖမ်းဆွဲထားလိုက်တာ အဓိကနေရာကုပ်မိလို့ မျက်ဖြူဆိုက်တဲ့လူက ဆိုက်နဲ့။ သူတို့တစ်တွေ အပေါ်ပြန်မရောက်ခင်မှာ ကျွန်တော်ကနောက်ဆုတ်ပြီး သုတ်ခြေတင်ရတော့တယ်လေ။

♡ ♡ ♡

www.burmeseclassic.com



## အခန်း (၂၁)

ကျွန်တော့်အဖြစ်ကတော့ ခင်သဇင်နဲ့ကြုံတွေ့ရတိုင်း ကံမကောင်းတဲ့လူ့ဘဝကို ရောက်ရတာချည့်ပဲ။ မနေ့က ပန်းခြံဝင်းကာကန့်ထဲကို ခင်သူဇာနဲ့ပါလာတဲ့လူတွေ ကုန်ချပြီး ရယ်ချင်ပက်ကျိနဲ့ တစ်ယောက်ထဲ စွတ်ပြေးခဲ့တာ နောက်လှည့်ကြည့်ရင်းပြေးမိတယ်လေ။ နောက်က ဘယ်သူတွေလိုက်လာမလဲဆိုပြီးတော့ အကြာကြီးလှည့်ကြည့်မပြေး ထွက်ပြေးလိုက်လို့ ပန်းခြံရှေ့မှာတတ်တိုင်ကြီးနဲ့ ဝင်အောင်းမိတာ။ နဖူးကွဲပြီး နှာခေါင်းရိုးနာသွားတယ်။ ဆေးခန်းဝင်ပြရတာ ~ ပါ။ နမော်နမဲ့နိုင်မိလို့ ဆေးဖိုးပါ အိတ်ထဲက စိုက်လိုက်ရတယ်လေ။

ပတ်တီးကြီးနဲ့နှာခေါင်းမှာလဲ ပလပ်စတာနဲ့ရုံးတက်လာတော့ ကျွန်ုပ်တာစင်တာကကောင်မလေးတွေက ကြိတ်ရယ်ကြတယ်။ လုပ်ငန်းခွင်တစ်ခုလုံးကလူတွေက ကျွန်တော့်မြင်ရင် ပြုံးစိပြုံးစိနဲ့။

www.burmeseclassic.com



လူစုကျော့ရောက်လာတော့ ကျွန်တော့်ပုံစံကိုကြည့်ပြီး ခေါ်မေးတော့တာပေါ့။

"အလုပ်နားရက်မှာ ဒီလောက်တောင် ဒဏ်ရာတွေရလိုက်ရတာလဲ၊ နှခေါင်းက ဘယ်ကောင်မလေး ခေါက်ထီးနဲ့ဆော်သွားတာလဲ၊ မှန်မှန်ပြောစမ်း"

အဝတ်လွှဲခံရမှာစိုးတာနဲ့ နှုတ်သံနှောပြီး အခြောက်တိုက်ကြီးပြောပြလိုက်ရတယ်။ ဖြစ်ရပ်မှန်တော့မဟုတ်ဘူးပေါ့။

"လမ်းပေါ်မှာ ကလေးတစ်ယောက်ကို ခွေးရူးလိုက်လို့ ဝင်ကယ်တာ၊ ခွေးရူးက ကျွန်တော့်ကိုအတင်းလိုက်လို့ ထွက်ပြေးရင်းနဲ့ ဓာတ်တိုင်နဲ့ဝင်ကျုံးမိသွားတာ၊ သူတော်ကောင်းကိုနတ်ကောင်းမလို့ မသေမပျောက်ဖြစ်ခဲ့ရတာလေးပါ အဲဆစ်ပြောလိုက်တယ်"

အဲဒီတော့ လူစုကျော့က . . .

"အဲ့ဒါဆို မင်း ဒီနေ့နားမှုဖြစ်မှာပေါ့၊ လုပ်ငန်းခွင်ထဲ ဒီလိုပုံစံကြီးနဲ့လိုက်လို့ ဘယ်ဖြစ်မလဲ၊ ခွင့်တင်ပြီးပြန်တော့"

"အဲ့ . . . အဲ့ဒီလိုတော့မလုပ်ပါနဲ့၊ ကျွန်တော်က အလုပ်ဝင်ကတည်းက ပျက်ရက်မရှိခဲ့ဘူး"

"ဘာလဲ . . . စံပြလုပ်သားကောင်းဆုကို လိုချင်လို့လား၊ အထက်ကိုတင်ပြပေးပါ့မယ်၊ မင်းအနေနဲ့ မဖြစ်သာလွန်းလို့ ခွင့်ယူရတာပါလို့"

"မမ . . . မတင်ပြနဲ့"

"ဘာရယ် . . . တို့တင်ပြတာကို လူကြီးတွေက . . ."

လူစုကျော့က သူ့စကားသူပြန်စဉ်းစားလိုက်တယ်။ မျက်မှောင်ကြုတ်သွားတယ်။ တည်တင်းတဲ့မျက်နှာပေးနဲ့ . . .

www.burmeseclassic.com



"မင်းစကားကဘာအဓိပ္ပါယ်လဲ၊ နှစ်ခွမလုပ်နဲ့နော်"

"ရိုးရိုးပြောတာပါ၊ ရယ်ကုန်မှာစိုးလို့ပါ၊ ကျွန်တော့်အဖြစ်က ရယ်ချင်စရာကြီးကိုး"

လှစုကျော့က မျက်စောင်းထိုးတယ်။ ကျွန်တော်က ကုမ္ပဏီမှာပဲ ဟိုဟာဒီဟာလုပ်ပေးပါရစေ ခွင့်တောင်းတော့မှ အခွင့်ပေးတယ်။ စတိုခန်းထဲကပစ္စည်းတွေ ဟိုရွှေ့ဒီရွှေ့ပေါ့။ သဘော်ာဆိပ်ကို ကွန်တိန်နာရောက်နေလို့သွားကြည့်တော့ ကျွန်တော့်ကိုထားရစ်ခဲ့တယ်။ ဒီပုံစံကြီးနဲ့မတင့်တယ်လို့ နေမှာပေါ့။ ကြေကွဲလိုက်ရတယ်။

"ပတ်တီးခေါင်းပေါင်းနဲ့ နှစ်လုံးလမ်းကြောင်းမှာ ကျွန်းခံနေတဲ့လူကြီး. . . လာလေ. . . MD မရှိတုန်း ထမင်း အတူစုစားကြရအောင်"

စာရေးမတွေကခေါ်ကြတယ်။ ကိုအေးမင်းတို့က အလုပ်ခွင်ထဲရောက်နေကြပြီ။ တစ်ယောက်ထဲနေရင် ပိုပြီးအထီးကျန်ဆန်လို့ စာရေးမတွေနဲ့ဝိုင်းဖွဲ့ပြီး ထမင်းစားဖြစ်မိတယ်။ လက်ပံပင်ဇရက်အုပ်ကျသလိုပဲ။ ထမင်းစားရင်းစကားမပြောရဆိုတဲ့ လူမှုနီတိကိုလဲ သူတို့မသိကြဘူး။ တံတွေးတွေစင်လိုက်တာ။ သွားဖုံးပေါ်တဲ့အပျိုကြီး ဒေါ်စန္ဒာလမင်းဆိုရင် အဆိုးဆုံးပဲ။ ဒီအပျိုကြီးကို စတိုခန်းသော့ကိုင်တဲ့အောင်မြင့်ထွန်းက "စန္ဒာလ" လို့ခေါ်မိလို့ ပြဿနာတက်ခဲ့ဖူးသေးတယ်။

"ငါ့ကို တမင်ချိုးဖဲ့ပြီးခေါ်တာမဟုတ်လား သေနာကောင်ရဲ့"

"မဟုတ်ပါဘူးဗျာ၊ နောက်က "မင်း"ဆိုတဲ့တစ်လုံး မေ့ကျန်ခဲ့လို့ပါ၊ စိတ်မဆိုးပါနဲ့"

"ဆိုးတယ်. . . အစည်းအဝေးကျမှ ဒီကိစ္စကိုတိုင်ပြောမယ်"

အောင်မြင့်ထွန်းတစ်ယောက် အလုပ်ပြုတ်မှာစိုးလို့ ဒူးထောက်

www.burmeseclassic.com



ပြီးတောင်းပန်လိုက်မှ ကြေအေးသွားတယ်၊ တကယ်မလွယ်တဲ့အပျိုကြီး ပေါ့၊ အခုလည်းကြည့် ၊ တံတွေးစက်သေနတ်ဆွဲပြီး ထမင်းစားရင်းစကား ပြောနေတယ်။

"မရဲ့မောင်လေးဖာတ်ကားကို ပြန်ရိုက်ရင်ကောင်းမယ်နော်၊ မမ က မျက်နှာမျှားတဲ့ကောင်းကင်ဇာတ်ကားရိုက်သွားတော့ မောင်လေးခမျာ အပြင်းစားရိုက်ချက်ဒဏ်ခံလိုက်ရပြီး ငိုအားထက်ရယ်သားသန်ရမလား၊ အင်း. . . ပြန်ပြောဖို့တော်တော်ခက်နေတော့တာပါပဲ"

ကျွန်တော်နဲ့လုစုကျော့တို့အကြောင်းကို ရိပ်ဖမ်းသံဖမ်းသိထား လို့ ခနဲ့နေတာလေ၊ သူ့ခွင်ထဲဝင်ပြီကိုး၊ ခပ်ရှက်ရှက်နဲ့ရယ်ပြနေလိုက် တယ်။ ကျွန်တော်ထဲပါတဲ့ဟင်းတွေ သူတို့ချိုင့်ထဲကို ထည့်ပေးလိုက်တယ်။

"စားကြ. . . စားကြ"

"စားရမှာပေါ့၊ မောင်လေးရဲ့စေတနာဗရပွနဲ့ ကျွေးတဲ့ဟင်းပဲ၊ အင်း. . .(ဝါးစားသံ) ကောင်းတယ်ဟဲ့၊ ဘာဟင်းလဲမသိဘူး၊ စားကြည့် ကြစမ်း"

ဘာပြောကောင်းမလဲ၊ စာရေးမတွေ၊ ကွန်ပျူတာကိုင်တဲ့မချော တွေ တစ်ယောက်တစ်ဖွမ်းခပ်တွယ်လိုက်ကြတာ အကပ်အဲသပ်တောင် မကျန်ဘူး။ ဒေါ်စန္ဒာလ. . . အဲလေ. . . ဒေါ်စန္ဒာလမင်းကဆို ချိုင့်ထဲက ဆီကိုတောင် ထမင်းနဲ့လူးပြီး အားရပါးရ တီးပစ်လိုက်သေးတယ်။

စားသောက်ပြီးကြတော့မှ ဒေါ်စန္ဒာလမင်းက . . .

"ကောင်းလိုက်တာဟယ်၊ ကေနှ MD လုစုကျော့က သူ့ရဲ့ရွှေ မောင်လေး အနာတရဖြစ်နေချိန်မှာ ကောင်းကောင်းအဟာရဖြစ်အောင် စားနိုင်ဖို့ မီကာဆာဟိုတယ်(လ်)က သိုးသားဟင်းဝယ်ထည့်ပေးထားတာနဲ့

www.burmeseclassic.com



တူတယ်၊ ဟီဟိ. . . စားရခဲ့တယ်၊ စားဖူးသွားပြီ၊ ကောင်းမှကောင်း။ ဖွစ်ရှယ် ဂွဒ်တယ် လုလင်ရေ့''

ကျွန်တော်က မချိသွားဖြဲဟန်လေးနဲ့ ခပ်ငြိမ်ငြိမ်လေးပြန်ပြောလိုက်တယ်လေ။

''အဲ့ဒါ. . . မီကာဆာဟိုတယ်(လ်)က သိုးသားဟင်းမဟုတ်ပါဘူး ဗျ အိမ်က ထမင်းချိုင့်နဲ့တွက်လာတော့ လမ်းမှာ ကျွန်တော့်အသိတစ်ယောက်နဲ့တွေ့တယ်၊ စကားပြောရင်းနဲ့ ကျွန်တော့်ချိုင့်ထဲ ဟင်းထည့်မလာတဲ့အကြောင်းပြောလိုက်မိတော့ သူ့အိမ်မှာချက်ထားတဲ့ဟင်းတွေအတင်းလိုက်ထည့်ပေးတယ်၊ မယူဘူး၊ အတင်းငြင်းတာမရတာနဲ့ အားနာနာနဲ့ ယူလာခဲ့ရတယ်ဗျာ''

''ဟယ်. . . ဟုတ်လား။ ဘာဟင်းတွေထည့်ပေးလိုက်တာလဲဟင်''

အဲ့ဒီဟင်းပိုင်ရှင်က ပေါက်ကရတွေချက်စားတဲ့လူဗျ၊ တောက်တဲ့နဲ့ပုတ်သင်ညိုကို အရေခွံခွဲဆုတ်၊ အသားနွှင်ပြီး ကြော်ချက်ဆီပြန်လေးချက်ထားတာ၊ ကော်ရည်ကုန်နေလို့ဆိုပြီး တီကောင်အကောင်(၂၀)ကို တောက်တောက်စင်းပြီး ရောမွှေထားတဲ့ဟင်းလေ''

ဘာပြောကောင်းမလဲ။ စားပြီးတဲ့မချောတွေ အကုန်လုံး ဘေစင်ကိုပြေးပြီး တဝေါ့ဝေါ့နဲ့ လက်ထိုးအန်ကုန်ကြတော့တာပဲ။ အအန်ပြိုင်ပွဲကြီးကျင်းပနေတာကြနေတာပဲ။ ဆုပေးမယ်ဆိုရင်တော့ ဒေါ်စန္ဒာလ(ခေါ်)ဒေါ်စန္ဒာလမင်းက ရွှေဆုံးကပေါ့။ မျက်လုံးကြီးပြူးအစ်နေအောင် သူ့လည်ပင်းသူညှစ်ပြီး အာခေါင်ထဲလက်ငါးချောင်းပြုံထည့်ပြီး ထိုးအန်လိုက်တာ ရေပန်းတွေပေါက်ထွက်သလိုပဲ။ မှတ်ကရော။

www.burmeseclassic.com



အမုန်တော့ ကြက်သားနဲ့ပုဇွန်ကို တောက်တောက်စင်းပြီးကြော် လာတဲ့ ဆီပြန်ကြော်ဟင်းပါ။ ဒေါ်စန္ဒာလတို့အဖွဲ့ကို ပညာပြချင်လို့ ပေါက် တရတွေ ဖြီးဖြန်းပြောပစ်လိုက်တာ ခမျာတို့အဖွဲ့တွေ နေ့လည်စာစား ထားသမျှလေးတွေ အကုန်ပြန်အန်ထုတ်ကုန်ကြရလို့ မျော့မျော့ပဲကျန် တော့တယ်။ သဒ္ဒါလို့ကျွေးရင် သေဆေးတောင်စားရတယ်ဆိုတဲ့ မြန်မာ စကားကိုများ လိုက်နာကျင့်သုံးခဲ့လေရော့သလား ဒေါ်စန္ဒာလနဲ့အဖွဲ့တွေ ရယ်။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၂၂)

"လုလင်"

နောက်ကခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ညီမဝမ်းကွဲ ပေရယ်ဖြစ်နေတယ်။ ဘေးမှာပါလာတဲ့အဖော်ကိုကြည့်လိုက်တော့ ကိုကို ကျော်။ ကျွန်တော် ဒေါသထောင်းခနဲထွက်သွားမိတယ်။

ကြည့်စမ်း. . . မိပေရယ်. . . တော်တော်မျက်နှာတိုက်ကောင်း။

ကိုကိုကျော်နဲ့ မတွဲဖို့ အပြင်းအထန်ဖိအားပေးခဲ့တာတောင် မျက်နှာပြောင်တိုက်ပြီး တွဲပြတဲ့အပြင် ဒဲ့ဒိုးကြီးကိုစိန်ခေါ်သလိုလုပ်လာ တယ်လေ။ ကိုကိုကျော်ရဲ့မျက်နှာပေးက "ဘယ့်နှယ်ရှိစ" ဆိုတဲ့ပုံစံမျိုး။ ပေရယ်ရဲ့မျက်နှာက ဘာကိုမှဂရုမစိုက်တဲ့ ရုပ်သွင်။

"နင် ဘာအချိုးချိုးတာလဲပေရယ်၊ ငါ့ကို စိန်ခေါ်လိုက်တာလား။ နင် ငါ့ကို အရွဲ့တိုက်ပြလိုက်တာလား"

"ကျွဲ. . . လုလင်ကလဲ၊ ရှင်းပြတာလေးနားထောင်ပါဦး"

ညီမဝမ်းကွဲတော်စပ်ပေမယ့် (မြ)လလောက်ပဲကြီးတာမို့ ပေရယ် တ

www.burmeseclassic.com



ကျွန်တော့်ကို နင်နဲ့ငါနဲ့ပဲနက်နေတယ်။ မိဘတွေ ဘယ်လိုသင်ပေး ပေး အစ်ကိုလို့မခေါ်ဘူး။ လျှာယားလို့တဲ့။

"ဘာရှင်းမှာလဲ"

လမ်းဘေးဖလက်ဖောင်းပေါ်မှာမို့လို့ တိုရှင်းမေးလိုက်တယ်။ လက် ကယားနေပြီ။ နဘမ်တီးပစ်ချင်တာ အူပါယားလာတယ်။ ကိုကိုကျော့်ရဲ့ကားကို ကားရပ်နားလို့ရတဲ့လမ်းဘေးမှာ ထိုးရပ်ထားတယ်။ လမ်းမပေါ် ကားနဲ့ဖြတ်သွားရင်း ကျွန်တော့်ကိုတွေ့လို့ ကားရပ်ပြီး နောက်က ခပ် သွက်သွက်လိုက်လာတာဖြစ်မယ်။

"ကိုကိုကျော်က လုလင်ထင်ထားသလို မကောင်းတဲ့လူမဟုတ် ပါဘူး။ လုလင်နဲ့တွဲနေတဲ့ ကိုကိုကျော့်ရဲ့ရည်းစားဟောင်းက ကိုကိုကျော် ပေရယ်နဲ့တွဲနေတာကို မနာလိုဖြစ်ပြီး ကိုကိုကျော့်ရဲ့ဂုဏ်သိက္ခာကို နင်းချေ တဲ့စကားတွေပြောပြီး လုလင်ကို အယုံသွင်းခဲ့တာပဲ။ လုလင်က ပေရယ့် ကိုတွေ့တော့ လုလင်ရဲ့ညီမလို့ လုစုကျော့ကို ပြောပြခဲ့တယ်မဟုတ်လား။

ကျွန်တော် ကြောင်တွေသွားမိတယ်။ အနားမှာရပ်ပြီး စတိုင်(လ်) ဘောင်းဘီထဲ လက်နှစ်ဖက်ထည့်ရင်း ဂိုက်တွေဆိုက်တွေပေးနေတဲ့ ကိုကိုကျော်က မချိုမချဉ်မျက်နှာထားနဲ့။

"ပေရယ်ပြောတာအမှန်ပါ၊ ကိုယ့်အကြောင်းကို ကိုယ့်ပတ်ဝန်း ကျင်မှာ လိုက်စုံစမ်းလို့ရပါတယ်၊ လုလင်ကို ကိုယ်တစ်ခုမေးချင်တယ်၊ လုစုကျော့အကြောင်းကို ဘယ်လောက်အထိသိထားသလဲ?"

ကျွန်တော်က ကိုကိုကျော့်ကိုစေ့စေ့ကြည့်ပြီး ဟက်ခနဲရယ်လိုက် တယ်။ ရယ်ရုံးနဲ့ မျက်နှာတစ်ဖက်လွှဲနေလိုက်တယ်။

"ဥပုမ်စောင့်တဲ့ကျားကတော့ သနားစဖွယ်တွေပြောလာကုန်ပြီ၊

www.burmeseclassic.com



ဒီမှာ ကိုကိုကျော် . . . သိုးရေခြုံထားတဲ့ဝံပုလွေအကြောင်းကို ကျွန်တော်မသိ သိတယ်၊ မဆိုင်တာလာမမေးနဲ့"

"လုလင် ကိုယ့်ကိုအထင်သိပ်မှားနေပြီ၊ အေးလေ . . . ဟိုမိန်းမက သွေးထိုးထားတာကို၊ လုလင်ကိုခန့်မှန်းကြည့်ရတာ လူစုကျော့အကြောင်း ခရေစေ့တွင်းကျသိပုံမရဘူး၊ သိထားသင့်တယ်ထင်လို့ ကိုယ်ကပြောပြမှာ၊ အယ်လိုလဲ . . . နားထောင်မလား"

"လူစုကျော့ကဘာဖြစ်နေလို့လဲ၊ ခင်ဗျားက သွေးထိုးမှာမဟုတ်လား၊ ကျုပ်ညီမအနားကို ခင်ဗျား ဆက်ပူးကပ်နေဦးမယ်ဆိုရင် ခင်ဗျားနံရိုးတွေကို ပတ္တလားတီးပစ်မယ်၊ ရုံတွေစောင်းပြီး တစ်ချောင်းချင်းချိုးပစ်မယ်၊ လက်ပြန်နဲ့ ဘက်ကန်လိုက်လို့ အသက်မှန်မှန်မရှူနိုင်ပဲဖြစ်သွားမယ်"

ကျွန်တော့်ရဲ့လေသိုင်းပညာကြောင့် ကိုကိုကျော်တွန့်သွားတယ်၊ ပေရယ်က . . .

"လုလင် . . . ရှင်းပြပြောပြတာကို နားမထောင်ဘူး၊ နင်က ရန်စောင်နေတာ၊ ငါတို့ရှင်းပြပြီးလို့မှ မကျေနပ်ရင် နင်ကြိုက်သလိုလုပ်၊ အဲ့ဒီလိုမှမဟုတ်ပဲ တမင်ရစ်နေရင် နင်နဲ့ငါနဲ့ အရင်းပွဲသွားမယ် . . . တွန့်"

"ဘာ . . . နင်က အငယ်၊ နင့်ကို ငါ နဘမ်ကျင်းပိုင်ခွင့်ရှိတယ်လေ . . . ငါလုပ်လိုက်ရ ဖြစ်သွားတော့မယ်"

ကိုကိုကျော်က မျက်နှာကြောကိုနည်းနည်းလျှော့ပြီး . . .

"ကိုယ်ပြောပြတာကို ဆုံးအောင်နားထောင်ပါကွာ၊ ပြီးတော့မှ မကျေနပ်ရင် ကြိုက်သလိုလုပ်နိုင်တယ်"

"ရှင်းပြရမှာ ရှည်လားတိုလား"

"မတိုမရှည်ပဲ"

www.burmeseclassic.com



"အဲဒါဆို လာ. . .ဟိုရှေ့မှာ ဆိုင်ရှိတယ်၊ မင်းကပြောချင်တာ ဆိုတော့ မင်းအကဲခံ"

"ရပါတယ်ကွာ၊ ယောက်ဖတစ်ဝမ်းကွဲကြီးကို ပြုစုပေးရမှာပေါ့"

"အောင်မာ. . .ကြုံပြီးစရုံရှိက်နေသေးတယ်၊ ပိတ်ထည့်လိုက်ရ အရိုးနဲ့အသားတော့ တခြားစီဖြစ်တော့မှာပဲ"

ကိုကိုကျော်နဲ့ပေရယ်က အရင်လျှောက်သွားတယ်၊ ကျွန်တော် နောက်က မကြည်မလင်နဲ့လိုက်ရပြီပေါ့၊ ဆိုင်ရောက်တော့ တစ်ဂျားမှာတယ်။ တောက်တောက်ကြော်မှာတယ်။ အသားလုံးကြော်နဲ့ ငါးမုန့်ကြော်ပါမှာပေး တယ်။ အကြိုက်တွယ်တဲ့။

ကစ်တာပေါ့. . .ဘယ်ရမလဲ။ ပြောချင်တာပြောတော့။

"လှစုကျော့ဟာ အိမ်ထောင်ကျသလိုဖြစ်ဖူးတယ်"

"အဲဒါအာထူးဆန်းလို့လဲ၊ သူ့မှာ ကလေးတောင်ရှိတာပဲ"

"အဲဒီကလေးက သူ့ကလေးလိုလို မွေးစားထားတာလိုလိုနဲ့"

"ဟုတ်လား"

"တစ်နှစ်ကျော်လောက် မြို့ပေါ်ကနေ လှစုကျော့ပျောက်သွား သေးတယ်၊ လွန်ခဲ့တဲ့ငါးနှစ်အတွင်းလောက်ကပေါ့"

ကိုကိုကျော်က အစာညီအခန့်နဲ့ပြောနေတယ်။ ကျွန်တော် မတုန် လှုပ်ပါဘူး။ အရေးမထားသလိုနေပြလိုက်တယ်။

"ကိုယ်နဲ့လှစုကျော့တို့ မန္တလေးကို အလုပ်ကိစ္စနဲ့ ခရီးအတူ သွားဖူးတယ်။ ကိုယ်က ဟိုတယ်(လ်)တွေ၊ ကုမ္ပဏီတွေမှာ ငီးအလှဆင်တဲ့ ဒီဇိုင်နာအလုပ်ကို လှစုကျော့နဲ့တွဲလုပ်ခဲ့ဖူးသေးတယ်၊ အဲဒါ မန္တလေးက ဟိုတယ်(လ်)တစ်ခုအတွက် အလုပ်လက်ခံပြီး ခရီးအတူသွားဖြစ်ကြတာ လေ"

အမြည်းတစ်ဖက်ကို တူနဲ့ညှပ်နေတဲ့ကျွန်တော့်လက်တွေ တန့်

www.burmeseclassic.com



သွားမိတယ်။ တုန်လှုပ်စပြုလာပြီ။ ဒါကို ကိုကိုကျော်ရိပ်မိသွားပုံရတယ်။ နှုတ်ခမ်းထောင့်စွန်းလေး တွန့်ရုံကွေးသွားတယ်။ ကျွန်တော်က . . .

"ဘယ်လိုနေခဲ့ကြတာလဲ၊ မိတ်ဆွေတွေလိုလား"

"လှစုကျော့ရဲ့ဂုဏ်သိက္ခာကိုတော့ အားနာတယ်၊ လှစုကျော့ အိမ်ထောင်ကျဖူးသလိုလို အသံထွက်ခဲ့တာက ကိုယ်နဲ့ပဲ"

ဒီနှုတ်ခမ်းရင်ဆို့သွားစေတဲ့စကား။ ဒီငနဲကြီးကို ထမထိုးမိအောင် ဝဲ ကိုယ့်စိတ်ကိုယ် ဘရိတ်အုတ်လိုက်ရတယ်လေ။ လှစုကျော့ ဘာလို့ များ ဒီလိုငနဲကြီးကို ချစ်ခဲ့ရတာပါလိမ့်။

"သိပ်အံ့သြသွားသလားလှလင်"

"မအံ့သြပါဘူး၊ သူများသမီးပျိုအပေါ် အောင်ပွဲခံလိုက်ရလို့ ခင်ဗျားလက်မထောင်နေတာ တစ်လုံးချိုင့်အမှုအကျင့်ပဲ"

"လှလင် . . . ဘာပြောလိုက်တယ်၊ တစ်လုံးချိုင့်လုပ်လား"

"ဟုတ်တယ်လေ . . . တစ်လုံးချိုင့်ဆိုတာ အဆင့်မှမရှိတား ခင်ဗျားလဲဒီလိုပဲ၊ လှစုကျော့အလှည့်ပြီးတော့ ပေရယ်ရဲ့အလှည့်ပေါ့၊ အဲ့ဒါ မျိုးလား"

"မဟုတ်ဘူးလှလင်၊ ပေရယ်ကို ကိုယ်တကယ်လက်ထပ်ယူမှာ ဖါ မကြာခင်မှာ ကိုယ့်အိမ်ကလူကြီးစုံရာနဲ့ စေ့စပ်ကြောင်းလမ်းဖို့ စီစဉ် မှာပါ စိတ်ချပါ"

"တမာဖူးကို သကာလူးကျွေးနေတာပဲ၊ ပေရယ် . . . ဒီလူစား ကို နင်ယုံလား၊ လှစုကျော့လိုမိန်းမမျိုးကိုတောင် ကြောရှုံကြလာတဲ့ လူစား၊ နင်မှားမယ်နော်"

"အို . . . လှလင်ကလဲ လှစုကျော့ကလှစုကျော့ပဲ ပေရယ်က

www.burmeseclassic.com



ပေရယ်မဲ။ ဘာမှမဆိုင်ဘူး။ မဆိုင်တဲ့အပေါက်ကို ဂလိုင်နဲ့မခေါက်နဲ့၊ ပေရယ်က ကိုကိုကျော့်ကို အကြွင်းမဲ့ယုံပြီးသား"

"ဟင်. . . နင်. . . နင်. . ."

"မနင်စေရပါဘူး။ ဆီပြန်ဟင်းစားတဲ့လူတွေ လျှောခနဲ လျှော ခနဲ အဆင်ပြေသွားမှာပါ လုလင်၊ လူစုကျော့ကို ကြွံရှယ်နေရင်သာ ကိုယ့်လူအမှားကြီးမှားမှာပါ၊ လူစုကျော့နဲ့ပတ်သက်ပြီး မောင်ရင် ကြို စဉ်းစားနိုင်အောင်လို့ပါ၊ ပြောသာပြောရတယ်၊ သိပ်မထင်ပါဘူး။ ကိုယ့်လူ လို လခစားဝန်ထမ်းအဆင့်ကို MD တစ်ယောက်က လက်ထပ်တယ်ဆို တာ တံတားပေါ်ကလျှောက်လို့ရတဲ့အဆင့်ကနေ ဗွက်ထဲခုန်ဆင်းပြီး လျှောက်တဲ့အဆင့်ရောက်သွားမှာ၊ အများကဲ့ရဲ့တဲ့ဒဏ် လူစုကျော့ ခံနိုင် မှာမဟုတ်ဘူး။ ပြီးတော့ လူစုကျော့က ခေါင်းသုံးတတ်တယ်၊ စဉ်းစားဆင် ခြင်နိုင်တယ်၊ မသကာ လုလင်ကိုတွဲရင်လည်း စိတ်ပြေလက်ပျောက် အပျော်သဘောပဲဖြစ်လိမ့်မယ်"

ကျွန်တော် ဝုန်းခနဲမတ်တပ်ရပ်ပြီး ရှေ့ဆီပန်းကန်နဲ့ ကိုကို ကျော့ကို ပိတ်ပေါက်ပစ်လိုက်တယ်။ ရက်အင်းဒီးယန်း ကိုကိုကျော့ရုပ်ပေါက် သွားတာပေါ့။

"လုလင်. . . နင်. . . နင် မိုက်ရိုင်းလှချည်လား"

ပေရယ်ကပါ ဝုန်းခနဲထပြီး ကျွန်တော့်ကို ချဉ်ငံစပ်အရည်နဲ့ ပြန် ပက်ဖို့ပြင်တယ်။ ကျွန်တော်က သူမရဲ့နှာခေါင်းချွန်လေးကို ဆွဲညှစ်ပြီး လိမ်ထားလိုက်တယ်။ ဘေးဝိုင်းတွေက ဝိုင်းကြည့်လို့ပေါ့။ စားပွဲထိုးတွေလည်း ကြောင်ကြည့်နေကြတယ်။

"အား. . . နာတယ် အမေရေ့ လုလင်. . . အယုတ်တမာ ငါ့နှာ ခေါင်းကိုလွှတ်. . . အား"

www.burmeseclassic.com



"နှင့်လက်ထဲက ပန်းကန်ကိုအောက်ပြန်ချလိုက်၊ ငါ နဘမ်းကျင်းတာ နင် ကံကောင်းတယ်မှတ်ပါ၊ သင့်ကြောင့် မီးမလောင်ပါစေနဲ့ နာခေါင်း မီးတောက်တဲ့ ငြိမ်းရအခက်ဆုံးပဲ"

ပြောပြီး ကျွန်တော်လွှတ်ပေးလိုက်တယ်။ ခပ်တည်တည်နဲ့ ဆိုင်ထဲကထွက်လာလိုက်တယ်။ လူစွမ်းကောင်းလို တည်ကြည်ခန့်ငြားမှု အပြည့်နဲ့ ဂိုက်ပေးပြီးလျှောက်လာကာမှ. . .

"ဟ. . . ဟပ်. . . ဟပ်. . . ဟပ်ချိုး ဟပ်ချိုး ဟပ်ချိုး"

နှာချီပစ်လိုက်တာ ပုံစံပျက်ကုန်ရော။ နှပ်တွေပါထွက်လာလို့ နီးရာဗိုင်းက တစ်ရှူးကိုလှမ်းအယူမှာ အဲဒီဗိုင်းကမတ်တပ်ထရပ်တဲ့လူရဲ့ ခါးကို မတော်တဆသွားထိုးမိတယ်။

"အောင်မငေး. . . နန္ဒာလှိုင်၊ ဆုရှန်းလဲ့၊ နန်းဆုရတီစိုး၊ အေးဝတ်ရည်သောင်း၊ နှင်းဝတ်ရည်သောင်း၊ ငါနဲ့ပေါင်း. . . လန့်ပြီးယောင်သွားလိုက်တာ လိပ်ပြာရယ် ကလူး ကလူး ကလူး"

"ယောင်တတ်တဲ့လူကြီး ဆောရီးဗျာ၊ ခင်ဗျားယောင်တာကလဲ အနှစ်တွေချည့်ပဲ"

"ရပါတယ်၊ အရင်က ယောင်ရင်ဆဲတာဆိုတော့တွေချည့်ပဲ အသံထွက်နေလို့ အခုလိုယောင်ရင် လူကြားကောင်းအောင် ယောင်တာကျင့်ထားရတာ လက်နဲ့ခါးကိုထိမိရင် သိပ်ယောင်တာပဲဗျာ"

"ဟုတ်လား. . . စမ်းကြည့်မယ်. . . ကဲ"

"အောင်မလေးက မင်းနှမနဲ့ ငါနဲ့ရ ယောက်ဖ"

"ဟိုက်. . . မလွယ်ကြောပါလား၊ ထပ်စမ်းမယ် ရော့"

"အောင်မငေး မင်းကြီးတော်"

"တော်ပြီ ခင်ဗျားယောင်တာကြီးကလဲ. . . ကြာရင် ကျုပ် ထမင်း ထုံးတစ်မျိုးလုံးကုန်တော့မယ်"

www.burmeseclassic.com



ကျွန်တော်ပြောရင်း နောက်ကိုငဲ့ကြည့်လိုက်တော့ ပေရယ်နဲ့ ကိုကို ကျော်တို့ ဒေါ်တွေကန်ပြီး ငွေရှင်း ထလိုက်လာတာကို တွေ့လိုက်ရတယ်"

ယောင်တတ်တဲ့လူကြီးဘေးမှာ အသာရပ်ပြီး သူတို့နှစ်ယောက် အနားရောက်လာအောင် စောင့်နေလိုက်တယ်။

အနားရောက်မှ

"ဟေ့. . . ရပ်စမ်း"

ကျွန်တော်က ပြောလဲပြော၊ လက်ညှိုးနဲ့လဲ ယောင်တတ်သူရဲ့ခါး ကို ပိတ်ထိုးလိုက်တယ်။ ယောင်တတ်သူလဲ ခါးတို့ခံရလို့ တွန့်ခနဲဖြစ်ပြီး

"ဟေ့. . . ရပ်စမ်း. . . မသန်း. . . အဲ. . . ဟုတ်ပါဘူး"

"ရပ်လို့ပြောနေတယ်လေ"

"အင့်. . . ရပ်လို့ပြောနေတယ်လေ. . . မအေ. . . အဲ. . ."

"လက်ကာထားလိုက်"

"အင့်. . . ထားလိုက်ပြီ"

ယောင်တတ်သူက လက်နှစ်ဖက်ကာထားနေတယ်။ ကျွန်တော် ခါးတို့ပြီး ဘာမဆိုခိုင်းလို့ရနေပြီ။

"အဲဒီနှစ်ယောက်ကို အတင်းဖက်ချုပ်ထား"

"အင့်. . . ချုပ်ပြီ. . . ချုပ်ပြီ"

ယောင်တတ်သူကြီး လက်နှစ်ဖက်နဲ့ဖက်ချုပ်ထားလို့ ပေရယ်နဲ့ ကိုကိုကျော်တို့ ဒုက္ခကိုဖြစ်ကုန်ကြရော။

"ဟေ့လူ ဖယ်စမ်း"

"မဖယ်ဘူးလို့ပြော"

"ဖယ်ဘူးကွ"

ထပ်မံဖက်ချုပ်ထားတယ်။ ဘာပြောကောင်းမလဲ ကေရယ် အတင်း ရုန်းပြီး ဘာလုပ်တော့မယ်ဆိုတာသိလို့ ကျွန်တော် တန်းသုတ်လာခဲ့လိုက်

www.burmeseclassic.com



တယ်။ နောက်ပိုင်းကအသံတွေ ကြားလိုက်ရတယ်။

"ဖြန်း"

"ဖြန်း"

ဒီအသံကြောင့် ယောင်တတ်သူကြီးကို ဆုတောင်းပေးမိတယ်။

"ဩော်. . . ခုံကို လက်ဝါးနဲ့ရိုက်တဲ့အသံပဲဖြစ်ပါစေလို့"

www.burmeseclassic.com

## အခန်း (၂၃)

အခါတော်ပေးတာက. . . နတ်ရေးငယ်ရွှေစာ. . . သာသနာရောင် လင်း. . . ကောင်းခြင်းခု ဒီချိန်ခါ. . .။

ကျွန်တော်ရယ်ချင်နေတယ်။ မရှယ်ပဲနဲ့ စော်ကဲမင်းဖြစ်တယ်ပြော ရမလား။ မင်္ဂလာခမ်းမကြီးထဲမှာ ကျွန်တော်နဲ့ခင်သဇင်တို့ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေရှေ့မှာ လျှောက်လမ်းအတိုင်း လျှောက်လှမ်းလာနေ ဖြစ်ကြတယ်။

မင်္ဂလာသတို့သမီးနဲ့ မင်္ဂလာသတို့သားတို့ ခြေလှမ်းတွေနှယ်။ ဒါအိပ်မက် ယောင်မှားမက်နေတာမဟုတ်ပါဘူး။ တကယ်ဖြစ်နေတာပါ။

ကျွန်တော်တို့လမ်းထဲက ဆေးကျောင်းဆင်းလေး ဆရာဝန် လောင်းလေး အောင်ကျော်သူပေါ့။ ဘွဲ့တောင်မယူရသေးဘူး။

မင်္ဂလာဆောင်ဖိတ်စာထဲမှာ ဒေါက်တာအောင်ကျော်သူဖြစ်နေပြီ။ ဒီငနဲက ကျွန်တော့်ကို အကူအညီတောင်းလို့ သတို့သားအရံလိုက်လုပ်ပေး

www.burmeseclassic.com



ရတယ်လေ။ လမ်းထဲမှာ ဥပမိရှစ်သန့်တာဆိုလို့ ကျွန်တော်နဲ့ ဇင်မင်း ထွန်းပဲရှိတယ် ထင်ပုံရတယ်။ ဇင်မင်းထွန်းကတော့ အောင်ကျော်သူရဲ့ သူငယ်ချင်းအရင်းအချာကြီး။ ကျွန်တော်က တွေ့ရင်ပေါင်း၊ မတွေ့ရင် မပေါင်းနဲ့ဆိုတဲ့ သူငယ်ချင်းမျိုး။ ကပ်ခွာသူငယ်ချင်းပေါ့။ လိုရင်ကပ်၊ မလို ရင်ခွာ။

တစ်လမ်းထဲနေသူတွေဆိုတော့ အကူအညီပေးတဲ့အနေနဲ့ သတို့ သားအရံလုပ်ပေးရတာပေါ့။ တစ်ဖက်က သတို့သမီးအရံလုပ်ပေးမယ်သူ ဘယ်သူတွေမှန်းမသိဘူး။ မင်္ဂလာပွဲရက်ကြမှပဲ လူချင်းဆုံရတာ။

ဆုံတွေ့တော့ ပြူးကြောင်ကုန်ကြတာပေါ့။ ခင်သဇင်က ခံထားရ လို့နဲ့တူတယ်။ ခါးခါးသီးသီးကုန် ငြင်းဆန်တော့တာပဲ။

"မေသူဇာရယ်. . . ဒီတစ်ကြိမ်တော့ ကိုယ့်ကိုခွင့်လွှတ်ပါကွာ၊ ကိုယ်နဲ့တွဲရမယ့် အဲ့ဒီလူက ကိုယ့်အတွက် နတ်ဆိုးဖြစ်နေတယ်။ ကိုယ် လုံးဝမတွဲချင်ဘူး။ ပြဿနာတက်ရလွန်းလို့ ကိုယ့်အမျိုးတွေ အရှက်ရ အောင်လုပ်ခဲ့တာ အဲ့ဒီလူပေါ့"

"ဟယ်. . . မှာတ်လား၊ အဲ့ဒါဆိုဘယ်လိုလုပ်မလဲ၊ ဝတ်စုံဆင်တူ ရွေးတုန်းကဒီလိုပြောခဲ့ရင် လူစားထိုးရှာဖို့လွယ်သေးတယ်။ အခုလို မင်္ဂလာ အချိန်နီးကပ်နေမှ ဘယ်လိုမှမလွယ်တော့ဘူး၊ ဒီလိုလုပ်ပါလား ခင်သဇင်"

"ပြောလေ. . . အဲ့ဒီလူနဲ့မတွဲရဘူးဆိုရင် မီးပုံထဲ ခုန်ဆင်းဆိုလဲ ဆင်းရဲတယ်"

"အေးပါ. . . ပုလဲတို့အတွဲနဲ့ ချိန်းဒေါင်းလုပ်လိုက်၊ ပုလဲနဲ့ ဇင် မင်းထွန်းတို့အတွဲကို ဖျက်ပြီး လုလင်ကို ပုလဲနဲ့တွဲနိုင်းလိုက်၊ ခင်သဇင် က ဇင်မင်းထွန်းနဲ့တွဲပေါ့"

"ရတယ်. . . ဖြစ်တယ်. . . အဲဒါဆိုတွဲမယ်"

ပြင်ဆင်ခန်းထဲမှာ ကြဲဖန်ပြဿနာတက်နေတာကို ကျွန်တော်

www.burmeseclassic.com



ပြီးလိုက်မိတယ်။ ဒါကြောင့် . . .

"ကျွန်တော်ကလဲ မယ်ကုဝဏ်နဲ့မတွဲချင်ပါဘူး။ ပုလဲလို မိုးကျ နတ်မယ်နဲ့ပဲတွဲမယ်၊ မိုးကျရွှေကိုယ်နဲ့ မိုးကျနတ်မယ်ပဲ လိုက်ဖက်တော့ မှာပေါ့"

"အောင်မာ . . . ကောင်စုတ် ငါ့မျှားမယ်ကုဝဏ်ဘီလူးမနဲ့ နိုင်း နှိုင်းရဲသေးတယ်၊ သူသာ အာဠာဝကဘီလူးကြီး။

ကျွန်တော်နဲ့ခင်သဇင် ရန်ဆောင်မလိုဖြစ်နေတာကို သတို့သား ဒေါက်တာအောင်ကျော်သူက တောင်ရှည်ကြီးထမမနဲ့ အတင်းဝင်တားနေ တယ်။ ဘိုလိုလေးကြားညှပ်ပြီး ဝင်တားသံလေးက ငိုသံပါလေးနဲ့။

"အိုကေ . . . အိုကေ . . . အားလုံး အဆင်ပြေသွားမှာပါ၊ ပြဿ နာတော့မတက်လိုက်ပါနဲ့၊ မင်္ဂလာယူခါနီးကြီးမှာ ဒုန့်တောကင်း . . . နိုး . . . စပီကင် . . . အိုင်နုန်း . . . နိုးပရော်ပလန် . . . အိုကေ"

အဲဒီအချိန်မှာ မအိုကေနိုင်တဲ့သူက တစ်စခန်းထလာပြန်တယ်။ ဇင်မင်းထွန်းပေါ့။ ဒီငနဲက ဥပမိရှုပ်ပေးသာသန့်တာ၊ စကားပြောတော့ ခွေး အကြီးလှည်းနင်းထားသလို အ,ထစ်အ,ထစ်နဲ့။

"နေ . . . နေ . . . နေပါဦးဗျာ . . . ကျွန် . . . ကျွန် . . . ကျွန်တော် . . . ပ . . . ပ . . . ပတ် . . . ပုလဲနဲ့ပဲ တွဲ . . . တွဲ . . . တွဲမယ် . . . ပ . . . ပတ် . . . ပုလဲ နဲ့ ကျွန် . . . ကျွန် . . . ကျွန်တော်နဲ့က . . . ခစ် . . . ခစ် . . . ချစ်သူတွေ ဗျ . . . န . . . န . . . နမိတ်ကောင်းအောင် . . . မ . . . မ . . . မင်္ဂလာယူပါရ စေ . . . ခု . . . ခု . . . ခုလိုအချိန်မှာ . . . မ . . . မ . . . မတွဲရပဲ . . . ကွဲ . . . ကွဲ . . . ကွဲလိုက်ရရင် . . . န . . . န . . . နောင်ဆို . . . ခွဲ . . . ခွဲ . . . ခွဲခံရမှာ စိုး . . . စိုး . . . စိုးလို့ပါ"

"ဟင်း . . . မင်းစကားနားထောင်ရတာနဲ့ တစ်နာရီလောက်တောင်

www.burmeseclassic.com



ပြီးမယ့်ပုံမပေါ်ဘူး ဇင်မင်းသွန်းရာ၊ အယူမသီးစမ်းပါနဲ့၊ ခဏလေး ချီး တွဲလိုက်စမ်းပါ"

"မ. . . မတ်. . . မရဘူးအောင်ကျော်သူ၊ ငါ. . . ငါက ဒါ. . . ဒါဆို ဒါပဲ၊ မူး. . . မူးဆို ဖ. . . ဖရုံမသီးဘူး။ မင်း. . . မင်း. . . ငါ. . . ၏ အကြောင်း သိ. . . သိပါတယ်"

သတို့သား ခေါင်းတချင်းချင်းကုတ်ရပြီ။ သတို့သမီးလည်း လက် မှိုင်ချရပြီ။ သတို့သမီးမေသူဇာနဲ့ ခင်သဇင်တို့က သူငယ်ချင်းအရင်းခေါက် ခေါက်ကြီးတွေ။ သတို့သားက သူ့သူငယ်ချင်းဇင်မာတွန်းရဲ့အကြောင်းကို သိလို့ ဘာမှဆက်မပြောနိုင်ပေမယ့် သတို့သမီးကတော့ ခင်သဇင်ကို . . .

"ခင်သဇင်ရယ်. . . ဒီတစ်ကြိမ်လေး သည်းခံခွင့်လွှတ်လိုက်ပါ ဟယ်၊ အလွန်ဆုံးကြာ နာရီဝက်တစ်နာရီပေါ့၊ တွဲသွားတဲ့ခဏဆိုတာက လည်း ထန်ကုန်ကြာရင် ငါးမိနစ်ပါ၊ စင်ပေါ်မှာ တစ်ကွဲစီထိုင်ရမှာပါ။ အောင့်အည်းပြီးတော့တွဲပေးပါဟယ်၊ အချိန်က သိပ်နီးကပ်နေလို့ပါနော် . . . နော်လို့. . . နော်"

သတို့သမီးက မျက်နှာငယ်လေးနဲ့ တောင်းပန်နေတော့ ခင်သဇင် ပျော့ပျောင်းသွားရပြီပေါ့။

"အေးလေ. . . နင့်မျက်နှာကြောင့် ငါတွဲလိုက်ပါ့မယ်၊ စိတ်ထဲ ကတော့ နှမ်းစေ့လေးတောင်မပါဘူး။ အဲ့ဒီလူကိုက သိပ်အမြင်ကပ်ဖို့ ကောင်းတယ်. . . ဟွန့်"

"အံမယ်. . . ဒီမှာအမိ. . . ခင်များကတွဲနိုင်ပေမယ့် ကျုပ်က မတွဲ နိုင်ဘူးဗျ"

"ဟာ. . . လုလင်. . . မလုပ်ပါနဲ့ကွာ၊ ဦးနှိမ်ပွဲထောင်၊ ပုံနှိမ်ဦး ထောင်နဲ့၊ ကြာရင် ငါတို့နစ်ရမယ့်ကိန်းဆိုက်တာမျိုး အဖြစ်မခံချင်ဘူး။ လုပ်ပါကွာ"

www.burmeseclassic.com



"အင်း. . . ဒီလိုဆိုရင်တော့ သတို့သားမျက်နှာကြောင့် တွဲပေးလိုက်ပါမယ်။ စိတ်ထဲကတောင် မြူတစ်မှုန်တောင်မပါဘူး။ အဲ့ဒီကောင်မလေးကိုကြည့်ရတာ မီးလိုပူတယ်. . . ဟင်း"

ဘုန့်ဘောက်ထဖြစ်မလိုဖြစ်သေးတယ်။ နောက်ဆုံးတော့ သတို့သားနဲ့ သတို့သမီးတို့ အချော့ကောင်းတာနဲ့ ဘောက်နဲ့တိုက်ခိုက်သလို ကျွန်တော်ကလည်း အံကြိတ်ပြုံးမိတယ်။ သတို့သားအရံအနေနဲ့ ကျွန်တော် သတို့သမီးအရံအနေနဲ့ ခင်သဇင်တို့ လျှောက်လှမ်းပေါ်မှာ လျှောက်လှမ်းနေဖြစ်ရခြင်းအကြောင်းရင်းကတော့ ဤသို့သာပင်။

ညည်းပရိသတ်ထဲမှာ ပွဲတက်လာတဲ့ ကျွန်တော်ရင်အခုရဆုံးသူတစ်ယောက်ရှိတယ်။ ကုတ်အင်္ကျီနဲ့ဖက်ရှင်ဒီဇိုင်းအမျိုးမျိုးကို စကတ်၊ လေဒီရှူးနဲ့ ဝတ်လိုက်၊ စကတ်ထမိနဲ့ ကြိုးသိုင်းဒေါက်ဖိနပ်ဝတ်လိုက်၊ ဖန်ဒေါက်ဖိနပ်နဲ့ ဘောင်းဘီရှည်တွဲဝတ်လိုက်သာ အဝတ်များတဲ့ မမလှစုကျော့ပေါ့။ ဒီနေ့တော့ မြန်မာဆန်ဆန် ပန်းရောင်အဆင်ရိုးရိုးယဉ်ယဉ်လေးနဲ့ ရွှေမင်းသမီးလေးလို နုချော့မွတ်စင်နွဲ့နှောင်းယဉ်ကျော့နေလေရဲ့။

လူချက်ကတော့ စက်စက်ယိုနေတယ်။ ဒီပွဲကို မမလှစုကျော့မတက်လို့မဖြစ်ဘူးလေ။ မမတို့လုပ်ငန်းစုရဲ့ရှယ်ယာမန်းရဲ့ သမီးဆောင်တဲ့မင်္ဂလာပွဲပဲဟာ။ မေသူဇာနဲ့ လှစုကျော့ကလည်း ညီအစ်မလိုခင်မင်ရင်းနှီးကြတဲ့သူတွေ။ အသက်အရွယ်အရ သတို့သမီးအရံလုပ်လို့ မသင့်လို့သာပေါ့။ နို့မို့ လုပ်နေရပြီလေ။ မင်္ဂလာပန်းကျဲခိုင်းတော့လည်း မေသူဇာရဲ့တူမ နန့်နန့်တက် ဆယ်ကျော်သက်မလေး "ယဉ်သူဇာလှယမင်း" ဆိုတဲ့ ကလေးမကို အမျိုးအဆွေတွေက ဝိုင်းပြီးပွဲထုတ်ကြတာနဲ့ လှစုကျော့မလုပ်ဖြစ်လိုက်ဘူး။ MDတစ်ယောက်အနေနဲ့လည်း ဒါတွေက မလိုက်ဖက်တော့ဘူးပေါ့။

ဟော. . . မမလှစုကျော့က ကျွန်တော်တို့စုံတွဲကို မမိုတ်မသုန်

www.burmeseclassic.com



လှမ်းကြည့်နေတယ်။ ဘယ်လိုစိတ်ခံစားမှုမျက်နှာထားနဲ့ ကြည့်နေသလဲ ဆိုတာ တည်တန့်ပြီး အတွေးလွန်တဲ့အကြည့်မျိုးနဲ့ပေါ့။

လူစုကျော့ရဲ့အကြည့်က ကျွန်တော့်ကိုတစ်လှည့် ခင်သဇင့်ကို တစ်လှည့် စူးစိုက်ပြီးတော့ကိုကြည့်နေတာ။ ခင်သူဇာကတော့ မျက်လွှာလေးချပြီး ခြေတစ်လှမ်းကို ကုန္ဒြေဆယ်သန်းတန်အောင် လှမ်းပြနေတယ်။ လူကြီးစုံရာရှေ့မှာ လူမှုကျင့်ဝတ်စည်းကမ်းတွေအရ ဒီလောက်သေဝပ် လိမ္မာပြနေတာလေ။ ဒီမိန်းမလား။ လူကွယ်ရာမှဆို မြင်းလိုကဆုန်ပေါက်ပြီး မျောက်မူးသေအောင်ဆော့မယ့်ဟာမျိုးပေ့ါ။

မင်္ဂလာထိုင်ခုံပေါ်မှာ သတို့သားနဲ့ သတို့သမီးတို့ စုလျားရစ်ပတ်ကြ။ ခရုသင်းတွေမှုတ်ကြ။ ထုံးတမ်းစဉ်လာ ဘာညာကွိကွတွေ လုပ်နေကြချိန်ကြာလို့ ညောင်းချိလာတယ်။ ခင်သဇင်က လက်ဝါးလေးကွယ်ပြီး မကြာခဏ သမ်းဝေနေတယ်။ အဲ့ဒီအချိန်မှာ ဘယ်လိုကနေဘယ်လို ရောက်လာမှန်းမသိတဲ့ ပိုးဟပ်တစ်ကောင်က ကျွန်တော့်ပုဆိုးထဲဝင်ဖို့ ကြိုးစားနေတယ်။ ကျွန်တော့်လက်နဲ့ယက်ထုတ်လိုက်တော့ ခင်သဇင့်ထမီအနားထဲ ဟိုတိုးဒီတိုးလုပ်နေပြန်တယ်။

"အဲ . . . ဘုရားရေ . . . ကယ်ပါဦး"

ခင်သဇင်က ပိုးဟပ်မြင်မှ မျက်လုံးပြူးပြီး ထခုန်မယ့်ဟန်ပြင်နေတယ်။ ကျွန်တော်က . . .

"ပိုးဟပ်လေးပါ၊ မကြောက်ပါနဲ့၊ ဟိုဖက်ကိုမောင်းထုတ်လိုက်"

"ဟင့်အင်း . . . ကျွန်မ အသည်းယားဆုံးနဲ့အကြောက်ဆုံးက ပိုးဟပ်ပဲ၊ လုပ်ပါဦး"

"မင်း ငြိမ်နေလိုက်"

"ထမီထဲကိုဝင်သွားမှာပေ့ါ"

"ငါ လက်နဲ့အုပ်ဖမ်းပေးပါ့မယ်"

www.burmeseclassic.com



ကျွန်တော်လှမ်းဖမ်းတယ်။ မမီဘူး။ ထမီအောက်ထဲဝင်သွားလို့ ထမီကို အသာလှန်မ,ပြီးရှာရတယ်။ အဲ့ဒီအချိန်မှာပဲ ပရိသတ်ထဲက ရယ်သံတချို့ထွက်လာတယ်။ ဟောဗျာ။ စင်အောက်ကကြည့်ရင် ကျွန်တော် တစ်ယောက် အပျိုရိုရဲ့ထမီအနားကို လှန်ကြည့်တာ ဟာသဖြစ်စရာ၊ သရုပ်ပျက်စရာကြီးပေါ့။ ဘေးက ဇင်မင်းထွန်းက ပိုးဟပ်ရောက်လာကတည်းက စောင့်ကြည့်နေလို့ အခြေအနေမှန်ကိုသိတယ်။ လူတွေရယ်တာကိုလဲ သဘောပေါက်တယ်"

"လု. . . လု. . . လု"

"ဟောက်. . . ပိုးဟပ်ပျောက်လို့ရှာမတွေ့ရတဲ့ကြားထဲ မင်းက ဘာတွေလာလုနိုင်းနေတာလဲကွ"

"ငြိမ်. . . ငြိမ်. . . ငြိမ်ငြိမ်နေလို့ ပြော. . . ပြောမလို့ကွ. . . ပိုး . . . ပိုး. . . ပိုးဟပ်ပဲ. . . ထား. . . ထား. . . ထားလိုက်ပေါ့"

ခင်သဇင်တစ်ယောက်လည်း ပိုးဟပ်ဘယ်ထဲဝင်သွားမှန်းမသိလို့ မရိုးမရွဖြစ်နေတယ်။ ကျွန်တော်လဲ ဂဏှာမငြိမ်ဘူး။ ခဏနေကြတော့ ဇင်မင်းထွန်း ထဖောက်ပါလေရော။

"အဟင့်. . . အဟီးဟီး. . . အဟဲဟဲဟဲ. . . ခီးခီးခီး"

"ဟေ့ကောင်. . . ဘာအူတက်နေတာလဲ၊ စင်မြင့်ပေါ်မှာနော်၊ သတိလည်းထားဦး"

"ထား. . . ထားတယ်. . . ပိုး. . . ပိုးဟပ်. . . ငါ့. . . ငါ့အကျႌကြားထဲ. . . ရောက်. . . ရောက်နေလို့. . . ယား. . . ယား. . . ကိုကိုနဲ့ အဟီးဟီ. . . အဟိုးဟိုး. . . အဟားဟား"

ဩဘာစာဖတ်ကြားနေတဲ့လူကြီးကလဲ လျှာတစ်မိုင်လောက်ကို ရှည်နေတယ်။ ဇင်မင်းထွန်းအသံအုပ်အုပ်နဲ့ ရယ်တော့ မျက်မှန်ပေါ်က မသိမသာကျော်ကြည့်လိုက်သေးတယ်။

www.burmeseclassic.com



သတို့သားနဲ့ သတို့သမီးကလဲ မသိမသာနောက်လှည့်ကြည့် တယ်။ ကျွန်တော်က ဇင်မင်းထွန်းရဲ့ရင်အုံကို ဖြတ်ရိုက်ပြီး ပိုးဟပ်ကိုသတ်လိုက်ရတော့တယ်။ ပိုးဟပ်သေပေမယ့် ဇင်မင်းထွန်းအကျႌမှာ နံ့စော်အနံ့စွဲပြီး စွတ်စိုကုန်ပြီပေါ့။

မင်္ဂလာသဘင်ပွဲဆင်နွှဲပြီး သတို့သားနဲ့သတို့သမီးတို့ ပရိသတ်ထဲလိုက်ညှော်ခံတော့မှပဲ အသက်ရှူချောင်တော့တယ်။ မျက်နှာမှာ မိတ်ကပ်တစ်ပိဿလောက်လိမ်းထားတဲ့ ခေတ်မှီအဘွားကြီးတွေကို ညှော်ခံရတာ စိတ်အပိန်ဆုံးပဲ။ ဥစ္စာစောင့်မတွေတောင် သူတို့လောက် စိန့်ရွှေလက်ဝတ်ရတနာတွေ မဝတ်ကြဘူး။ ကြွားလိုက်တဲ့ကြွားလုံးတွေကလဲ နားနဲ့မဆန့်အောင် ကြီးကျယ်လွန်းတယ်။ ဘိုဆန်မှ၊ နိုင်ငံခြားမှာပညာတော်သင်၊ စီးပွားရှာနေထိုင်နိုင်မှ အဆင့်အတန်းရှိတယ် ထင်နေပုံရတယ်။

ကျွန်တော်က မမလှစုကျောထိုင်တဲ့ဝိုင်းကို သွားတာပါ။ အဲ့ဒီမှာ ကတော်ဆယ်ပါးမှာ ဖြူတစ်ပြူတစ်ဝင်မယ့်ထင်ရတဲ့ မယ်တော်ကြီးတွေ စုထိုင်တဲ့ဝိုင်းဖြစ်နေတယ်။

"အီတလီအစားအစာကျွေးသင့်တာ စပါဂတ်တီဖြစ်ဖြစ် ပီဇာနဲ့ အအေးဖြစ်ဖြစ် ဥရောပဆန်သွားတာပေါ့၊ တိ ီးက အီတလီမှာလေ ဒီမှာ မင်္ဂလာပြန်ဆောင်ရင် အီတလီစာကျွေး ယ်၊ ဟင်းဟင်းဟင်းဟင်း"

"သြော်. . . ယူ့သမီးလိုပဲ အိုင့်သားက ပြင်သစ်မှာ၊ ကမ္ဘာပေါ်မှာ ပြင်သစ်ဝိုင်အကော ဆုံးပဲသိလား၊ အိုင့်သားရဲ့မင်္ဂလာပွဲကြရင် ဝိုင်အကောင်းစားတိုက်မယ်၊ ခစ်ခစ်ခစ်ခစ်"

"အက်စသာတို့ဟယ်လင်တို့သားနဲ့သမီးလိုပဲ၊ တို့သားက ဂျာမဏီမှာ ဆရာဝန်လေ၊ ဘွဲ့လွန်တွေထပ်တက်နေတာ၊ လူသေအလောင်းတွေကိုခွဲစိတ်ပြီး မှတ်တမ်းပြုစုပေးရတယ်၊ လစာသိပ်ကောင်းတာ၊ ရဲ တိုက်လိုအိမ်ကြီးဝယ်ထားပြီးပြီ၊ ရှေ့လဆိုရင် ဟိုက်စကီးဝယ်စီးတော့မှာ

www.burmeseclassic.com



ကြူရှင် ရှာမထဲကို အလယ်ခေါ်သွားဦးမှာ၊ သွားတဲ့စရိတ်စကတော့ ကိုယ့်အာသာကိုယ်ခံကြပေါ့နော်"

အမြိုင်အဆိုင်ကြွားကြ၊ ကွယ်ရာမှာ အချင်းချင်းလက်တို့ပြီး မနာလိုတဲ့လို့ကို မေးငေါ့ရှုံ့မဲ့အတင်းတုပ်ကြနဲ့။ မမလှစုကျော့အနားကပ်ရှိသေးတယ်။

"ဟော့ကောင်လေး . . . မင့် ငါ့ကို ပြဿနာရှာသွားတာ မှတ်မိသေးလား နောလေးရဲ့"

"ဟား . . . ယောင်တတ်တဲ့ကိုယ်တော်ကြီး၊ ပန်းခြံထဲက လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တာလေ၊ ဟုတ်တယ်ဟုတ်"

"ဟုတ်မှဟုတ်ပဲ၊ သတို့သမီးက ငါ့ဆရာရဲ့သမီး၊ ဒါကြောင့် ဖိတ်ကြားခံရတာနဲ့ လာရတာပေါ့"

အဲ့ဒီအချိန်မှာ ဇင်မင်းထွန်းက ပြာယီပြာယာနဲ့ရောက်လာပြီး ကျွန်တော့်ကို လက်ညှိုးနဲ့လှမ်းကုတ်ခေါ်မယ်အလုပ်မှာ ညှော်ခံနေတဲ့ စားပွဲထိုးနဲ့တိုက်မိပြီး သူ့ကိုယ်ပေါ် ကာလဝ်ဖန်ခွက်ထဲကဖျော်ရည်တွေ မှောက်ကျကုန်တယ်။

"ဟား . . . တွား . . . ဟွား . . . ပါဘီ . . . တွား"

"မတော်လို့ခင်ဗျာ၊ ဆောရီးနော်"

ဇင်မင်းထွန်းက စားပွဲထိုးကိုကြည့်ပြီး ကျွန်တော့်ကို လှမ်းလက်ကုတ်တာ။ ယောင်တတ်တဲ့လူကြီးရဲ့ခါးကို လက်ညှိုးသွားထိုးမိတယ်။ ထငယောင်ပါလေရော။

"အဲ့ . . . နန္ဒာလှိုင်နဲ့ငါနဲ့ရ၊ ဆုရွှန်းလဲ့က ငါ့မိန်းမ"

ဇင်မင်းထွန်းက သူ့အင်္ကျီမှာစွန်းသွားတဲ့ ဖျော်ရည်တွေကို လက်နဲ့ခါထုတ်ရင်း ကျွန်တော့်ကို ထပ်ထိုးတယ်။ ပါးစပ်ကလဲ . . .

"ညှစ် . . . ညှစ် . . . ညှစ်"

www.burmeseclassic.com



ယောင်တဲ့လူကြီးရဲ့ခါးကို တို့မိပါလေရော။ ပါးစပ်ကလဲ ညှစ် ညှစ် ညှစ်ခိုင်းတော့ ယောင်တဲ့လူကြီးလည်း နီးစပ်ရာ ဆံပင်တို့ မိတ်ကပ်တစ်ပိသာလိမ်း၊ နှုတ်ခမ်းနီထူလပျစ်နဲ့ မင်းကတော်လိုလို မယ်တော်လိုလိုရုပ်ပေါက်နေတဲ့ (ပေါင်းတင်မှု အကြိမ်တစ်ထောင်လောက်လုပ်ထားလို့ မျက်နှာအသား ဖြူရော်ပွစိနေတဲ့) မိန်းမကြီးရဲ့လည်ပင်းကို အားရပါးရ ထညှစ်ပါလေရော။

"ညှစ်တယ်ကွာ၊ ညှစ်တယ်၊ ညှစ်တယ်"

"အမငီး. . . ဂစ်. . . ဂစ်. . . ဂစ်"

"ဟာဟ. . . လုပ်ကြပါဦး၊ ခွဲကြပါဟ"

"ကယ်ကြပါဦးရှင်၊ ဒီမှာ ကျွန်မသူငယ်ချင်း အက်စသာကို လူမိုက်ရုပ်နဲ့လူတစ်ယောက် လည်ပင်းညှစ်ပြီး အနုကြမ်းစီးနေပါတယ်၊ လာကြပါဦး"

မင်္ဂလာခန်းမထဲ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်တော့တာပေါ့။

♡ ♡ ♡

www.burmeseclassic.com

အခန်း (၂၄)

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်ယောင်တတ်လို့ပါ၊ ဒီမျက်နှာ မိတ်ကာဝ်ထူလပိန်းလူးထားတဲ့ သတို့သားအရံလုပ်တဲ့လူက ကျွန်တော့်ခါးကိုပြီး ညှစ် ညှစ် ညှစ်နဲ့အော်လို့ ကျွန်တော် ယောင်ပြီး ဒီက အက်စသာကို ညှစ်မိညှစ်ရာ ညှစ်လိုက်မိတာပါ၊ ဒီမှာ မေးစေ့က ကွာကျသွားတဲ့မှဲ့တု၊ စောင်းသွားတဲ့ ဆံပင်ဟုစွပ်ထားတာကိုလဲ ပြန်တည့်ပေးလိုက်ပါပြီ"

ပြဿနာက ဖင်မင်းထွန်းဖက်ကိုရှည့်လာတော့ ဖင်မင်းထွန်း လည်းပျာပျာသလဲနဲ့ . . .

"မ. . . မဟုတ်ဘူး. . . ကျွန်. . . ကျွန်တော့်အပေါ်. . . ဖျော်. . . ဖျော်ရည်တွေ. . . ဖိတ်. . . ဖိတ်ကုန်လို့. . . ညှစ်. . . ညှစ်. . . ညစ်ပတ်နေပြီလို့. . . ပြော. . . ပြောတာ. . . လက်. . . လက်တို့တာကလဲ. . . လု . . . လုလင်ကို. . . လာ. . . ခေါ်တာ. . . ဟို. . . ဟိုဖက်ဝိုင်းမှာ. . . ညှိ

www.burmeseclassic.com



. . . ညည်း . . . ဟင်လို့ . . . တပ် . . . တဲ . . . တမင်လုပ်တာ . . . မ . . . မ . . . မဟုတ်ပါဘူး"

အက်စသာဆိုတဲ့အန်တီကြီးက ပုဖွန်မျက်လုံးလိုပြူးထွက်ပြီး ထိတ်ထိတ်လန့်လန့်နဲ့ မတ်တပ်ထရပ်တယ်။

"တော်ပြီ . . . ပြန်တော့မယ်၊ ကြောက်တယ်၊ ဘယ်သူမှ မမှား ဘူးဆိုရင် ကျွန်မပဲမှားတာ၊ ကျွန်မကံနိမ့်နေလို့ထင်တယ်၊ မနက် အိမ်က ထွက်တုန်းက ခွေးချေးပုံနင်းလာမိတာ၊ ဟင်လင်ကပြောတော့ အဲ့ဒါ လာဘ်ဆို၊ ခုတော့ လည်ပင်းပြတ်အောင် မညှစ်ပစ်တာပဲ ကျေးဇူးတင် ရတော့မယ် . . . အဟင့် . . . ဟင့်"

သတို့သားနဲ့ သတို့သမီးတို့ပါ အက်စသာကြီးကို ဝိုင်းဝန်းတောင်း ပန်ကြတယ်။ မမလှစုကျော့နဲ့ခင်သဇင်တို့ အကြည့်ချင်းယှက်လိမ်နေ တာကို ကျွန်တော် သတိပြုမိလိုက်တယ်။ ခင်သဇင်က အခုမှ လှစုကျော့ ကို တွေ့သွားပုံရတယ်။ စွန်ကြီးညှိသလိုမျိုးပေါ့။ တင်းကြီးနဲ့လျှော့ကြီး။ တင်းကြီးကဆွဲတယ်။ လျှော့ကြီးက လျှော့ပေးတယ်။ ကြိုးလိမ်ယှက်ပြီး ငြိနေသလိုပဲ။

အဲ့ဒီအချိန်မှာ အခုမှ မင်္ဂလာခန်းမထဲရောက်လာပုံရတဲ့ ညည်း သည်တော်တစ်ဦးကို တွေ့လိုက်ရတယ်။ အနောက်တိုင်းပွဲတက် (တပ်စီဒို) ဝတ်စုံနဲ့ မြန်မာမင်္ဂလာဆောင်မှာ ဒီလိုပုံစံကြီးဝတ်လာတာကတော့ အမြင် တလော်လွန်းလှတယ်။ အသက်က ငါးဆယ်ကျော်လောက်ရှိမယ်။ မျက် နှာအရေးအကြောင်းတွေမပေါ်အောင် ခွဲစိတ်ပြုပြင်ထားပုံပဲ။ ဇရာရဲ့ သင်္ကေတကလည်း စလုတ်နဲ့နတင်ဆံရင်းသားမှာ ဖြူရော်နေတာ ထွစ် ဖြနေသလိုပဲ။ ခန့်ငြားတည်ကြည်တဲ့ရုပ်ပါ။ မိန်းကလေးနဲ့တွေ့တော့ သကာ ပုံပေါ် မျက်နှာမှောက်လဲလိုက်သလိုပဲ။

"ဟယ်လို . . . ဟန်နီကျော့"

www.burmeseclassic.com



"အို. . . ဦးဦးကျော်သာပါလား၊ အန်ကယ်(လ်)[illegible] သမီးမင်္ဂလာဆောင်အတွက် စိန်လက်စွပ်နဲ့စိန်ဘယက် လက်ဖွဲ့မယ်လို့ကြားတယ်၊ ဖွဲ့ပြီးပြီလား"

"ပြီးသွားပြီဟန်နီ၊ ရှယ်ယာမန်းတွေဆိုတော့ ဒီလိုပဲအပြန်အလှန်ပေါ့၊ ကိုယ့်မွေးနေ့တုန်းက ရွှေဟမ်းချိန်းနဲ့ ရွှေဆွဲကြိုးကို လက်ဆောင်ပေးထားတယ်လေ၊ ကိုယ်က လူပျိုကြီးဆိုတော့ မွေးနေ့ပွဲပဲ လက်ဆောင်မျှော်ရကိန်းရှိတယ်၊ ကျန်တဲ့လူတွေက သားသမီးတွေရှိတော့ သူတို့ပွဲတိုင်းမှာ ကိုယ်က ပွဲတိုင်းကျော်ကြီးဖြစ်အောင် လက်ဖွဲ့ရကိန်းရှိသေးတယ်၊ ကိုယ်တပန်းရှုံးတာပေါ့၊ ဒါကြောင့်မို့ ဟန်နီ့ကို တိုက်တွန်းနေရတာ၊ စဉ်းစားမယ်ဆိုရင် အရှေးမဖှားအောင် ကိုယ့်ကိုပဲစဉ်းစားပါဆိုတာလေ၊ ဟဲဟဲဟဲ"

"အို. . . ဦးဦးကျော်သာကလဲ လူကြားထဲမှာ"

လှစုကျော့နဲ့အကြည့်ဆိုက်နေတဲ့ ဦးဦးကျော်သာဆိုတဲ့လူကြီးကို ကြိုးဝိုင်းပေါ်တင်ပြီး ကျွန်တော့်စိတ်ကူးတွေနဲ့ပစ်ထိုးပစ်တယ်။ လှစုကျော့က အဲ့ဒီလူကြီးနဲ့တွေ့ကတည်းက ကျွန်တော့်ကို တစ်စက်ကလေးတောင် အရေးမလုပ်တော့ဘူး။ ဥပေက္ခာပြုထားရော့လေသလားပဲ။ ကျွန်တော် အနားသွားရပ်တော့ လှစုကျော့က ဦးဦးကျော်သာရဲ့လက်ကိုဆုပ်ကိုင်ပြီး ခန်းမအပြင်ကို ပြန်ထွက်သွားတယ်။ ကျွန်တော့်ရင်ထဲ ကျွဲခတ်ခံရသလိုပဲ။ နောက်ကလိုက်သွားကြည့်တော့ ဟိုတယ်(လ်)ရဲ့တစ်ဖက် စားသောက်ခန်းမထဲကဝိုင်းမှာ ပြုံးပျော်ရွှင်မြူးစွာထိုင်ပြီး စကားတွေ အိုင်ဖွဲ့နေကြတဲ့ လှစုကျော့နဲ့ ဦးဦးကျော်သာရယ်လေ။

လှစုကျော့က တမင်လျစ်လျူရှုလိုက်တာပါ။ ကျွန်တော့်ရင်ထဲ ပေါက်ကွဲသွားမိတယ်။ ဒေါသနဲ့ပြချလောက်အောင် ပြောပြဖို့ လှစုကျော့တို့ဝိုင်းကို သွားမယ်ပြင်လိုက်တော့ သတို့သားက အမောတကောလိုက်လာတယ်။

www.burmeseclassic.com



"ဟာဗျာ. . . ညည့်သည်တွေကို ဝိုင်းညည့်ခံပေးဖို့တောင်းဆိုထားရဲ့နဲ့၊ ပျောက်နေလို့လိုက်ရှာရတာ၊ ဘာအကြောင်းကြောင့် ဒီကိုရောက်နေရတာလဲ ကိုလှလင်ရယ်"

"အေးပါကွာ၊ ငါညည့်ခံပေးမှာပါ၊ ခန်းမထဲမှာ သတို့သားပျောက်နေလို့မဖြစ်ဘူး၊ ဘာပြဿနာမှ ထပ်မဖြစ်ပါဘူး၊ စိတ်ချ"

သတို့သားကိုချော့မော့နှစ်သိမ့်ပြီး ခန်းမထဲကိုပြန်ပို့လိုက်တယ်၊ လှစုကျော့တို့ဝိုင်းကိုသွားဖို့ ပြန်လှည့်လိုက်တော့ စားသောက်ခန်းမထဲက နေ လှစုကျော့နဲ့ ဦးဦးကျော်သာဆိုတဲ့ ငတိကြီးတို့ ပြန်ထွက်လာကြတယ်။ မင်္ဂလာခန်းမထဲကိုဝင်မလို့ လျှောက်လာနေကြတာ။ ရှေ့တည့်တည့်ကြီးမှာ ရပ်ကြည့်နေတဲ့ ကျွန်တော့်ကို လှစုကျော့က မမြင်ချင်ယောင်ဆောင်နေတယ်။ ဦးဦးကျော်သာဆိုတဲ့လူကြီးက လှစုကျော့ကို ကျွန်တော်ခေါ်တော့ ကုလားတစ်သောင်းဖို့အားနဲ့ လှမ်းရှိုးနေလို့ "ဘာလဲဟာဒီကောင်" ဆိုတဲ့အကြည့်မျိုးနဲ့ ဘုကြည့်ကြည့်လာတယ်။

"မမ. . . ကျွန်တော်ပြောစရာရှိလို့"

"မျက်နှာသာပေးလို့ ရွှေရေးပန်းကန်တက်သလို ရောင့်တက်မလာနဲ့လှလင်၊ ဒီမှာ အရေးကြီးတဲ့ပုဂ္ဂိုလ်နဲ့ ဆွေးနွေးစရာရှိတယ်၊ မင်းအလုပ်မင်းသွားလုပ်"

ခက်ထန်မာပြတ်တဲ့စကား။ ကျွန်တော့်ရင်ကို စုံကန်ခံလိုက်ရသလိုပါပဲ။

လှစုကျော့ ဘာကြောင့်များ ဒီလောက်တောင်ပြောင်းလဲသွားရတာလဲ?

ကျွန်တော်နားမလည်နိုင်တော့။ နာလိုခံခက်အမျက်ထွက်ပြီး ဖြစ်ချင်ရာဖြစ် လှစုကျော့ရဲ့လက်မောင်းကို လှမ်းဆွဲလိုက်တယ်။

"အဲ့ဒါ ဘာလုပ်တာလဲ၊ အခုလွှတ်စမ်း၊ အရိပ်သုံးပါးနားမလည်

www.burmeseclassic.com



တဲ့လူစား ပြောနေတယ်လေ”

“မလွှတ်ဘူး၊ ကျွန်တော့်ကို အဲ့ဒီလိုဆက်ဆံတာမကြိုက်ဘူး”

“အလုပ်ရှင်နဲ့အလုပ်သမား ဒီလိုပြတ်သားတဲ့ဆက်ဆံရေးမျိုးမှပဲ ကောင်းလိမ့်မယ်၊ မင်း ဒီလိုလုပ်တာ ကိုယ့်အထက်အရာရှိကို စော်ကား လိုက်သလိုပဲ၊ လက်ကိုလွှတ်ပြီး ခုချက်ချင်းပြန်တောင်းပန်ပါ”

“ကျွန်တော်မမှားတဲ့အတွက် မတောင်းပန်နိုင်ဘူး”

ဦးဦးကျော်သာက အခြေအနေကို အကဲခတ်နေတယ်။ လှစုကျော့ က အဲ့ဒီလူရှေ့မှာ ကျွန်တော့်ကို သိသိသာသာကြီးနှိမ့်ချဆက်ဆံနေတယ်။ ကျွန်တော် မခံမှန်းသိတော့ သူမကို ပိုအရှက်ရသွားစေလို့လားမသိဘူး။ သူမလက်ကိုဆောင့်ရုန်းပြီး ဆက်ခနဲ လက်ပြန်တက်ချက် လွှင့်ထွက်လာ တယ်။ ကျွန်တော် လည်ထွက်သွားတယ်။ ပါးစပ်ကိုရှုပ်ထိလို့ ထူစပ်နာ ကျဉ်သွားတယ်။ လှစုကျော့က မောက်မာခက်ထန်တဲ့မျက်နှာလေးသံနဲ့. . .

“မင်းရဲ့အချိုးက ဆိပ်ဆိုးဝါးနေပြီ၊ ဒီလိုဆုံးမလိုက်တာ ပဏာမ ပဲရှိသေးတယ်၊ မနက်ဖြန် အလုပ်ဖွင့်ရက်မှာ ထွက်စာတင်နိုင်တယ်၊ လာ. . . ဦးဦးကျော်သာ၊ ဒါ မိုင်နာကေစ့်တွေပါ၊ ခေါင်းထဲမထားနဲ့၊ မင်္ဂလာ ခန်းမထဲပြန်သွားရအောင်”

ခေါင်းငိုက်စိုက်ချပြီး နာခံနေမိတဲ့ကျွန်တော့်အပါးကနေ ခြေဖဝါး နစ်စုံ လှည့်ထွက်သွားတယ်။ ရှူးဖိနပ်နဲ့ ခုံမြင့်ဒေါက်ဖိနပ်ကလေး၊ ကျွန် တော့်ကိုယ်ကျွန်တော် သတ်သေချင်လောက်အောင်ကို စိတ်ဓာတ်ကျသွား မိတယ်။ ခန်းမထဲကို ပြန်မဝင်ချင်တော့ဘူး။ တိုက်ပုံကိုဆွဲချွတ် ပခုံးပေါ် တင်ပြီး အချစ်ရှုံးသမားကြီးပုံစံနဲ့ ဟိုတယ်(လ်)ဆင်ဝင်အောက်ကို လျှောက် လာခဲ့မိတယ်။ ကျွန်တော် အသဲကွဲနေတယ်။ အားလုံး ဘေးဖယ်ထားကြ ပါ။ ရှေ့တည့်တည့်မှာ ဘာရှိရှိလျှောက်မယ်။ အိမ်ပြန်ရောက်ဖို့ကို အငှား ယာဉ်တစ်စီးတော့ ခေါ်ခိုင်းလိုက်ရတာပေါ့။

www.burmeseclassic.com



အငှားယာဉ်နဲ့ ကျွန်တော်ပြန်ထွက်လာတဲ့အချိန်မှာ ကောင်းကင်ကြီးပါ အုံ့ဆိုင်းမှိုင်းမှုံနေတယ်။ ရာသီဥတုက ကိုယ့်ဖက်ပါပြီး လိုက်ငိုပေးမှာနဲ့တူတယ်။

"ဝုန်း. . . ဂျိမ်း"

ကြည့်စမ်း။ ရင်ထဲမှာ မိုးတွေထထစ်ချုန်းပြီး မိုးကြိုးပစ်သံတွေတောင် နားကွဲလုမတတ်ထွက်ပေါ်လာပြီး အပြင်မှာတော့ အဲဒီလိုမဖြစ်စေချင်ဘူး။

"မိုးနဝင်မင်းကြီးရယ် မိုးကြိုးမပစ်ပါနဲ့"

"ကိုယ့်ဆရာ ကားပေါ်ကဆင်း။ ပြဿနာတော့တက်ပြီ၊ ရှေ့ကားရဲ့နောက်မြီးကို ကျုပ်ကားက ဝင်အောင်းပစ်လိုက်မိပြီဗျ၊ ဘီရိတ်ပေါက်ပြီးအောင်းတာ"

"ဩော်. . . ခုနက ဝုန်း. . . ဂျိမ်းဆိုတာ အဲ့ဒါကိုး"

www.burmeseclassic.com

## အခန်း (၂၅)

ဝင်တိုက်မိတဲ့ကားဆရာနဲ့ အတိုက်ခံရတဲ့ကားဆရာနှစ်ယောက် လျှော်ကြေးကိစ္စနဲ့ကြေးညှိပြီး အဆင်မချောလို့ စကားတွေများနေကြတယ်။ နှစ်ယောက်စလုံးက "ဆိုင်းဘုတ်"ဆရာတွေ။ အတိုက်ခံရတဲ့ကားပေါ်မှာ ပါလာတဲ့လူတစ်ယောက်က ဒေါသတွေကန်နေတယ်။ အဲ့ဒီကားပေါ်မှာပါလာတဲ့ ပါစင်ဂျာခုံနောက်တစ်ဦးကိုကြည့်လိုက်တော့ ဟိုက်ရှားဘား ခင်သဇင်မှ ခင်သဇင်အစစ်။ သတို့သမီးအရုံဝတ်စုံ ဇာပန်းပေါက်ကလေးတွေနဲ့။ ဆံထုံးတောင်မဖြုတ်ရသေးဘူး။ နောက်ခန်းမှာ ခွေးခွေးလေးအိပ်ပျော်လိုက်ပါလာတယ်။

ခင်သဇင့်ကိုခေါ်လာတဲ့ငနဲက တိုက်ပုံအကျႌဝတ်ထားပေမယ့် မသေမသပ်နဲ့။ သိုးယောင်ဆောင်ထားတဲ့ ဝံပုလွေပုံစံပေါက်နေတယ်။ ပွလောင်ရှုပ်ပြာနေတဲ့ အဲ့ဒီငနဲကို ကျွန်တော်မသက်သာဘူး။ မင်္ဂလာခန်းမထဲမှာ အအေးဖျော်ရည်တိုက်တုန်းက တစ်ခုခုခပ်ထည့်ပြီး မှေးသိပ်ကာ ခင်

www.burmeseclassic.com



သဇင်ကို ခေါ်လာပုံရတယ်။ ဘေးလူတွေအမြင်မှာ ခေါင်းမူးလို့၊ နှလုံးလေဟပ်လို့ ဘာညာနဲ့ အကြောင်းပြအကြောင်းရှိကြီး ခေါ်ထုတ်လာမှာပေါ့။

ကျွန်တော့် ဒီငနဲကြည့်ရတာ ခင်သဇင်နဲ့ အရင်ကတည်းက ရင်းနှီးကျွမ်းဝင်ပုံရတယ်။ ဒါကြောင့် ဝိုင်းမှာခေါ်ထိုင်ခိုင်းပြီး အအေးတိုက်နိုင်တာပေါ့။ ဒါမျိုးဆိုတာ အယုံသွင်းပြီးတိုက်မှရတယ်။ အတင်းတိုက်လို့မရနိုင်ဘူးလေ။ လူပုံအလယ်မှာ။ ပြီးတော့ ခင်သဇင်ရဲ့အမျိုးအဆွေ (သို့) အသိအကျွမ်းတွေ အများကြီးတက်ရောက်နေတဲ့နေရာ။

ဒီငနဲကို ခင်သဇင်အရေးပေးထားလို့သာ ဒီလိုခေါ်ထုတ်ခွင့်ရလာနိုင်တာပဲဖြစ်ရမယ်။ ကားအနားကပ်ပြီး . . .

"ခင်သဇင်ပါလား၊ ဘာဖြစ်သွားတာလဲမိတ်ဆွေ"

အဲ့ဒီငနဲက ထိတ်လန့်ပြူးပြာနေတဲ့ပုံစံနဲ့ ကျွန်တော့်ကိုပြန်ကြည့်လိုက်ပြီး . . .

"ဟုတ်တယ်၊ ခေါင်းမူးပြီးလဲကျမလိုဖြစ်လို့ အဲ့ဒါ သူ့အိမ်ကိုပြန်ပို့ပေးမလို့"

"ကျွန်တော့်မှာ အမူးအမောပြေတဲ့ရှူဆေး ပါတယ်"

ဖြီးကြည့်လိုက်တယ်။ ငနဲက ဘုဆတ်ဆတ်ပြန်ကြည့်ရင်း . . .

"ရှူဆေးလောက်နဲ့မရဘူး"

"နောင်ကြီးနဲ့ခင်သဇင်က သူငယ်ချင်းတွေလား"

"ဟုတ်တယ်၊ ဆယ်တန်းကတည်းကနေ ကျောင်းပြီးတဲ့အထိ အတူတူတက်ခဲ့တာဗျ"

"နောင်ကြီးနာမည်က ဘယ်လိုခေါ်သလဲ"

"ဘာလုပ်မလို့လဲ၊ ခင်ဗျားကဘယ်သူလဲ"

"ကျွန်တော့်ကိုမသိဘူးလား။ ခင်သဇင်က လျှို့ဝှက်ထားတယ်နဲ့

www.burmeseclassic.com



တူတယ်၊ ကျွန်တော်က ခင်သဇင်ရဲ့ရည်းစား"

"ဘာ. . . မင်းဘာပြောတယ်. . . ဘာရည်းစားလဲ"

"မယုံရင် နှိုးမေးကြည့်လိုက်ပါလား"

"မူးလို့အိပ်ပျော်နေတာ ဘယ်လိုလုပ်နှိုးမှာလဲ၊ ပေါက်ရတွေ"

"အမှန်တွေပြောနေတာ ကိုယ့်လူ၊ ဆေးခတ်တဲ့ခင်ဗျားကို ကျုပ်စောင့်ကြည့်ပြီး နောက်ယောင်ခံလိုက်တဲ့လူပဲ၊ မင်းရဲ့မှုမမှန်တဲ့လုပ်ရပ်က ရာဇဝတ်မှုမြောက်နေပြီ၊ ဒီတော့. . ."

ကျွန်တော်က မှင်သေသေနဲ့ဟောက်စားလုပ်ပြီး တိုက်ပုံအကျႌအိတ်ထဲက တစ်စုံတစ်ရာဆွဲထုတ်မလိုလုပ်လိုက်တယ်။ ကျီးကန်းတောင်းမှောက်သလို ကျီးလန့်စာစားဖြစ်နေတဲ့ငနဲ။ ကျွန်တော့်ခန့်မှန်းတာနဲ့ သူ့လုပ်ရပ် ကွက်တိမှန်သွားလို့ တန်းခနဲ သုတ်ခြေတင် ပြေးထွက်သွားတော့တာပဲ။

ကျွန်တော်က တိုက်ပုံအကျႌထဲက စနိုးတာဝါကို ထုတ်ကာဖြဆုတ်ပြီး ပဝါကိုဆွတ်တယ်။ ခင်သဇင်ရဲ့နှာဝကို ပဝါကပ်ပြီး ခင်သဇင်ကို ခပ်ဆတ်ဆတ် ပါးပုတ်နှိုးလိုက်တယ်။

"ခင်သဇင်. . . သဇင်ငင်. . . အိုးဗျ. . . မသဇင်ခင်. . . အဲ . . . မခင်သဇင်. . . ထစမ်းပါဦး"

"အင်း. . . အဲ. . . အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

"ဘယ်လိုလဲ ခေါင်းတွေကိုက်နေပြီမဟုတ်လား"

ခင်သဇင်က မျက်လုံးကို အတင်းဖြဲကြည့်တယ်။ အလင်းစူးတဲ့ဒဏ်မခံနိုင်လို့ ပြန်ပိတ်တယ်။ သူမရဲ့နားထင်က သွေးကြောတွေကို လက်ညှိုးလေးနဲ့ထောက်ပြီး မူးတဲ့ဒဏ်ကို ပြေအောင်ဖြေနေတယ်။ စကားများနေတဲ့ ဆိုင်းဘုတ်ကားဆရာ(၂)ယောက်လဲ လှည့်ကင်းကားမြင်လို့ ဘာမှမဖြစ်ချင်ယောင်ဆောင်နေရာက ကျွန်တော်ဖြေရှင်းလိုက်တဲ့ပြဿနာကို

www.burmeseclassic.com



အစကနေအဆုံးအထိ ကြားသိသွားတယ်။ ခင်သဇင်စီးလာတဲ့ကားဆရာက . . .

"တော်သေးတာပေါ့၊ နေရင်းထိုင်ရင်း အမှုပတ်တော့မလို့၊ ဟိုလူက ခွင်ဆင်ပြီးခွင်ဖန်လာတာပဲ၊ ဒီမိန်းကလေးရဲ့ဘဝ ရေတိမ်နစ်တော့မလို့၊ ဒီကညီလေး ကယ်လိုက်ပေလို့သာပေါ့"

ခင်သဇင်က အိပ်ချင်မူးတူးဖြစ်နေရာက ပြူးပြဲကြည့်လာတယ်။

"ဟင်. . . ကျွန်မ ဘယ်ရောက်နေတာလဲ၊ ဘာဖြစ်တာလဲ၊ ဘာတွေလဲဟင်၊ ဘာတွေလဲ"

TAXI (ဆိုင်းဘုတ်)ဆရာ(၂)ယောက်က ဝိုင်းဝန်းပြီးရှင်းပြလိုက်တယ်။ ဒီတော့မှ ခင်သဇင်ခမျာ အခြေအနေမှန်ကို သဘောပေါက်သွားပြီး သူမကိုလုပ်ကြံတဲ့ငနဲကို ရေရွတ်ကျိန်ဆဲတယ်။

"သေနာ စိုးထိုက်ဝင်း၊ ငါ့ကို နှမချင်းကိုယ်ချင်းမစာ ကြံစည်ရက်တယ်၊ ဒါ. . . ကားတင်ပြေးတာလား၊ ကြောရုံကြံဖို့ကြိုးစားတာလား။ တစ်ခုခုပဲ၊ ဟင်း. . . ဒင်းကိုတော့ ကမ္ဘာမကြေဘူး. . . ဟွန့်"

"အဲ့ဒီစိုးထိုက်ဝင်း တဏှာကောင်ကို ကမ္ဘာမကြေအောင် မုန်းသင့်သလို ကယ်ဆယ်လိုက်တဲ့ ဟော့ဒီညီလေးကိုလည်း ကမ္ဘာတည်သရွေ့ ကျေးဇူးတင်နေသင့်တယ် ညီမလေး"

ကားဆရာရဲ့အပြောကြောင့် ခင်သဇင်က ကျွန်တော့်ကို မရဲတရဲနဲ့ ပြန်မော့ကြည့်လာတယ်။ နှုတ်ခမ်းစူစူလေးနဲ့။

"ငါ့ကိုကယ်တင်ပေးတာ ကျေးဇူးပဲ"

ကားဆရာက အာဝင်ချောင်ပြန်တယ်။

"နို့. . . ညီမနဲ့ ဒီညီလေးက ချစ်သူတွေဆို၊ ခု ငါ့ဆက်ဆံပုံမျိုးကြတော့လဲ သူစိမ်းဆန်လိုက်တာ"

"ဘာရယ်. . . ချစ်သူတွေလို့ ဘယ်သူပြောခဲ့တာလဲရှင့်"

www.burmeseclassic.com



"ဒီညီလေးပြောခဲ့တာပဲ၊ ခုဏာတုန်းကတွေ့ခဲ့တဲ့ တဏှာကောင် စိုးထိုက်ဝင်းရဲ့ရှေ့မှာပေါ့"

"အို. . . မဟုတ်တာ"

"ဟုတ်ပါတယ် ခင်သဇင်"

"ဘာဟုတ်တာလဲ၊ ရှင်နော်. . . ရှင်"

"ဟုတ်တယ်ဆိုတာက စိုးထိုက်ဝင်းရှေ့မှာ ညာပြောလိုက်တာပါ၊ ဒီကောင် ရှိန်သွားအောင်လို့ပေါ့"

ခင်သဇင် နှုတ်ခမ်းစူစူနဲ့ မျက်ဝန်းကြည်လဲ့နဲ့ ပြန်ကြည့်ရင်း. . .

"ကျွန်မ မင်္ဂလာခန်းမထဲ ပြန်သွားမှရမယ်၊ အဲ့ဒီစိုးထိုက်ဝင်း ဆိုတဲ့ကောင်ကို နောက်မှပဲအရေးယူနိုင်းတော့မယ်၊ ကျွန်မကို ဟိုတယ်(လ်) ထဲက မင်္ဂလာခန်းမဆီ ပြန်ပို့ပေးကြပါရှင်"

"မသွားရဘူး"

"အံမယ်. . . ရှင်က ဘာမို့လို့ ကျွန်မကိုတားရတာလဲ"

"ဒါက. . . မင်းရဲ့ကျေးဇူးရှင်လေ၊ မင်း အဝတ်အစားတွေ ဒီလောက်တွန့်ကြေနေတာ၊ နှုတ်ခမ်းနီတစ်ဝက်လဲပျက်နေပြီ၊ ဆံထုံးကြီးကလဲ စောင်းအိပ်ထားလို့ ရွဲ့စောင်းနေပြီ၊ ပျံပျက်ပန်းပျက်နဲ့ဝင်သွားရင် လူတွေက မင်းကို သို့လောသို့လောနဲ့ အနက်အဓိပ္ပါယ်အမျိုးမျိုး ခန့်မှန်း ဖွင့်ဆိုကုန်ကြမှာပေါ့၊ အကောင်းပြောခံရဖို့ နည်းတယ်၊ မကောင်းပြောခံ ရမှာများတယ်၊ ခုတောင် လက်မတင်လေးလွတ်ခဲ့ရတာ၊ တစ်ရက်က နှစ်ရက်မဖြစ်စေနဲ့၊ သင်ခန်းစာရစမ်းပါ"

"ဟင့်အင်း အလှပြင်ခန်းထဲဝင်ပြီး ပြင်ဆင်သွားမှာပါ၊ ကိုယ်ကောင်းရပ်ခေါင်းမရှေ့ဘူး၊ ကျွန်မပြန်သွားမယ်"

ကျွန်တော်က ကားထဲဝင်ထိုင်လိုက်တယ်။ ဘာမပြောညာမပြောနဲ့ ခင်သဇင်ကို ဆွဲဖက်ပစ်လိုက်တယ်။

www.burmeseclassic.com



"အို. . . အဲ. . . ရှင်. . . ဒါဘာလုပ်တာလဲ"

'အခြေအနေအရကွာ၊ ပေါ့ဟိုမှာ စိုးထိုက်ဝင်းတစ်ယောက် သူ့ရဲ့အဖော်(၂)ယောက်ခေါ်ပြီး ကိုယ်ပြောလိုက်တာကိုမယုံသက်လို့ လာပြန်ကြည့်နေကြပြီ"

ကားဆရာ(၂)ယောက်က ဆက်လက်အငြင်းပွားဖို့ပြင်နေပြီးမှ ကျွန်တော့်စကားကြောင့် တစ်ဖက်လမ်းကကူးလာတဲ့ လူသုံးယောက်ကို လှမ်းကြည့်ပြီး အင်္ကျီလက်မောင်းပင့်တဲ့လူကပင့်၊ ပုဆိုးတိုတိုပြင်ဝတ်တဲ့လူကဝတ်တွေ ဖြစ်ကုန်တော့တာပဲ။

"အသာနေ. . . ငါတို့ရှင်းမယ်၊ အဲ့ဒီလိုကြံစည်တတ်တဲ့ လူသားစားတွဲကျားတွေကို ငါတို့လိုကားဆရာတွေက ဆုံးမချင်နေတာကြာပြီ၊ လာခဲ့စမ်း"

စိုးထိုက်ဝင်းတို့(၃)ယောက်သား ဒီဖက်ပလက်ဖောင်းရောက်လာတော့ ခပ်လှမ်းလှမ်းကနေ ကားထဲလှမ်းကြည့်ကြတယ်။ ကျွန်တော်နဲ့ ခင်သဇင် အကြည်ဆိုက်ပြလိုက်တယ်။ ကားဆရာတွေကလဲ ရှေ့မှာပိတ်ခံရပ်ပြီး မိုက်ကြည့်ကြည့်ပေးကြတယ်။ စိုးထိုက်ဝင်းနဲ့အဖော်(၂)ယောက် ဝင်မကာပ်ရဲဘူး။ ကျွန်တော်စီးလာတဲ့ကားဆရာက စိုးထိုက်ဝင်းကို လက်ညှိုးငေါက်ငေါက်ထိုးရင်း . . .

"မုဒိမ်းကောင်. . . တဏှာရာဂကောင်၊ ဒီကောင့်ကိုဖမ်းပြီး ရဲလက်အပ်ရမယ်"

ကားဆရာ(၂)ယောက် သူ့ကားကိုယ့်ကားထဲက သံတုတ်တွေလည်းဆွဲထုတ်ရော ငနဲသုံးကောင် လစ်ပြေးကုန်လိုက်တာမှ စိုးထိုက်ဝင်းက ရှေ့ဆုံးက။

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၂၆)

"ထွက်တယ်၊ ခင်ဗျားကိုယ်ခင်ဗျား သိပ်မာန်တက်မနေနဲ့၊ ကလေးအမေ ကိုကိုကျော်နဲ့မလွတ်ခဲ့တဲ့မိန်းမ၊ မင်းသမီးမျက်နှာဖုံးတပ်ထားလဲ ကျုပ်က လုံးဝအထင်မကြီးဘူး။ ဒီနေ့လည်း ဒီကုမ္ပဏီကထွက်တယ်၊ ဘာနစ်နာကြေးမှပေးစရာမလိုဘူး"

ကျွန်တော့စကားတွေက လှစုကျော့ရဲ့မျက်နှာကို လက်ပြန်နဲ့ဖြတ်ရိုက်ချလိုက်သလိုပါပဲ။ နီရဲခက်ဖြာသွားတဲ့ နာလိုခံခက်မှုတွေ၊ သူမရဲ့မျက်နှာပေါ်မှာ နှင်းဆီရိုင်းတွေ တဖော်လုံးကြွေသွားပါပြေ့။

"ခဏနေဦး၊ မင်းတို့ကိုစော်ကားတယ်၊ ကိုကိုကျော်နဲ့ဘာကိုမလွတ်ကင်းတာလဲ၊ ရှင်းရှင်းပြောစမ်း"

ကျွန်တော်လည်း လှစုကျော့နဲ့ပတ်သက်သမျှ ကိုကိုကျော်ပြောခဲ့တာတွေကို အကုန်ဖွင့်ချလိုက်တယ်။ လှစုကျော့ခမျာ သွေးဆုတ်ဖြူရော်တဲ့မျက်နှာနဲ့ နားထောင်ရင်း ထိုင်နေရာက ဝုန်းခနဲထရပ်လိုက်တယ်။

www.burmeseclassic.com



"တောက်. . . အရမ်းစော်ကားတယ်၊ ဒါ အသရေဖျက်မှုပဲ၊ ဟယ်ရီကျော်စွာဆိုတာ တို့ရဲ့မွေးစားသား၊ ကိုကိုကျော်နဲ့ ဘာမှမငြိစွန်းခဲ့ဘူး။ ရန်ကုန်ကပျောက်သွားတာလဲ တို့အကြောင်းနဲ့တို့ပါ၊ ဒီအချိန်မှာ ကွယ်ဝှက်မထားဘူး၊ ကုမ္ပဏီရဲ့ဥက္ကဋ္ဌကြီး ဦးကြည်မင်းရဲ့ဖနိုး ခေါ်ခင်လေး တစ်ယောက် အနီကွက်တွေပေါ်လို့ ဆေးစစ်ကြည့်ရာက အနာကြီးရောဂါ စ,ဖြစ်မှန်းသိရတယ်၊ ခေါ်ခင်လေးခမျာ အသိုင်းအဝိုင်းဂုဏ်ကိုထောက်ပြီး အိမ်ကနေ တစ်ယောက်တည်းထွက်သွားပြီး ဖာတ်မြုပ်နေမိုင်ပြီး အနားမှာ အဖော်ပြုပေးခဲ့တယ်၊ အမှန်တော့ ဦးကြည်မင်းနဲ့ လျှို့ဝှက်တိုင်ပင်ပြီး လိုက်စောင့်ရှောက်ပေးခဲ့တာပါ၊ နောက်တော့ အစွမ်းထက်တဲ့ အနာကြီးရောဂါဆေးတွေပေါ်လာလို့ အဲ့ဒီဆေးတွေ စွဲသောက်နိုင်းရင်းက ရောဂါအရှင်းပျောက်တော့မှ ရန်ကုန်ကိုပြန်ခေါ်လာတယ်၊ အနစ်နာခံပြီး လုပ်ကိုင်ပေးတဲ့တို့ကို ဦးကြည်မင်းက ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ လက်ရှိရာထူးကို လွှဲပေးခဲ့တာပဲ၊ အမှန်တော့ တို့အရည်အချင်းနဲ့လဲ ဒီရာထူးကိုရနိုင်ပါတယ်၊ ပြိုင်ဖက်တွေက တို့ထက် ပလာစတာကောင်းတယ်လေ၊ အဓိက ဦးကြည်မင်းဆိုတော့ တို့ဒီရာထူးရတာမြန်သွားတယ်၊ ရန်ကုန်ကပျောက်သွားရတဲ့ အကြောင်းရင်းက အဲ့ဒါပဲ၊ အရင်ကနုတ်လုံစောင့်စည်းပြီး ဒီအကြောင်းတွေ တော်တန်ရုံလူကိုမပြောပြဘူး၊ ခုရှုပ်နေတဲ့ကိစ္စ ပိုရှုပ်ထွေးသွားမှာစိုးလို့ အခုလိုဖွင့်ပြောလိုက်တာ"

ကျွန်တော် မှန်သက်နေမိတယ်။ လူစုကျော့က . . .

"ကိုကိုကျော်နဲ့ အပြတ်စာရင်းရှင်းမှရတော့မယ်။ သွားဆုတ်လေလွင့်လျှောက်ပြောနေတဲ့ ဒင်းပါးစပ်ကို ဂျပန်လိုရိုက်ပြီး နှုတ်ပိတ်ပစ်ရမယ်. / . ဟင်း"

"ဒါဆို ဟယ်ရီကျော်စွာလေးက ဘယ်သူ့ရဲ့ကလေးလဲ"

"သံပ်သိချင်နေရင်တော့ ပြောရဦးမှာပေါ့၊ မင်းနဲ့တွဲပြီး သတို့

www.burmeseclassic.com



သမီးအရုံလုပ်ခဲ့တဲ့ခင်သဇင်လေး၊ ဟယ်ရီကျော်စွာဟာ ခင်သဇင်ရဲ့ကလေး ပဲ ဘယ်သူနဲ့ရလို့ တိတ်တိတ်မွေးလာတယ်ဆိုတဲ့အထိတော့ တို့လဲမပြော တတ်ဘူး။ ဒီကလေးကိုချီပြီး လူတွေကိုမွေးစားဖို့ လိုက်ပေးနေတဲ့ ဒေါ်ဒန် ရှည်ဆိုတဲ့ အရပ်လက်သည် မိန်းမကြီးပြောပြလို့ တို့လဲ တအံ့တသြနဲ့ သိခဲ့ရတာ၊ ဒီကလေး (၄)လသားအရွယ်ကလေးကို သူ့မိခင် ခင်သဇင် လက်ထဲကနေ တို့ယူမွေးခဲ့တာ၊ ဒေါ်ဒန်ရှည် သက်သေအနေနဲ့ရှိခဲ့တယ်၊ ဒီမိန်းမကြီးက ဟင်္သာတနားကရွာမှာနေတာ သူ့ရွာအမည်နဲ့တို့သိတယ်''

ကျွန်တော် အံ့အားသင့်လို့မဆုံးအောင် ဖြစ်နေမိတယ်။ ကြေဖန် ပြီး ဆက်နွယ်ပတ်သက်လာပုံကိုက အံ့သြကုန်နိုင်ဖွယ်ရာ။

''ဒါဆို ခင်သဇင်ဟာ. . .''

လှစုကျော့ ခနဲ့ပြုံးပြလိုက်ပြီး . . .

''ညည်းခံပွဲမှာ မင်းသိပ်သဘောကျနေတဲ့ခင်သဇင်ကမှ အပျိုစင် မဟုတ်တာ။ တို့က ဟယ်ရီကျော်စွာကို မွေးစားခဲ့ပေမယ့် ဒီနေ့အထိ မှဲ့ တစ်ပေါက်မစွန်းသေးတဲ့ အပျိုစင်အစစ်ကွ''

ကျွန်တော် ဆွံ့အသွားမိတယ်။ လှစုကျော့က . . .

''မှန်တဲ့စကားဆိုတာ တစ်လုံးချင်းကြားရုံနဲ့ ခါးသီးတုန်လှုပ်ဖွယ် ရာဖြစ်နေပြီလား၊ အင်း. . . ဒေါ်ဒန်ရှည်ကို ခင်သဇင်ကောင်းကောင်းသိပါ တယ်။ တွေ့တဲ့အခါ သေချာအောင် ခင်သဇင့်ကိုမေးကြည့်ပေါ့၊ တို့က မင်းကို လူရှေ့သူရှေ့မှာ အရှက်ခွဲလိုက်သလိုဖြစ်သွားတယ်၊ တို့အနေနဲ့ အဲ့ဒီလိုမှ မပြောမဆိုမလုပ်ခဲ့ရင် မင်းက အဲ့ဒီထက်ပိုဆိုးတော့မှာကိုး။ ဦးဦးကျော်သာက ကုမ္ပဏီမှာအရေးပါတဲ့ ရှယ်ယာမန်း၊ သူက MD နေရာ ကို ယုံလို့အပ်နှင်းထားတာ ရှုပ်ယှက်တာမကြိုက်ဘူး၊ အထူးသဖြင့် ယောက်ျားလေးတွေနဲ့ပဲ သူ့ရှေ့မှာမှ မင်းနဲ့ကြည်နေပြလို့ဘယ်ဖြစ်မလဲ၊ မင်းကိုက အနေအထိုင်မတတ်ဘဲ၊ ကျားရှေ့မျောက်ရက်လဲတာ၊ အင်းလေ

www.burmeseclassic.com



အဲ့ဒါပဲကောင်းပါတယ်၊ MD တစ်ယောက်အနေနဲ့ သာမန်ဝန်ထမ်းတစ်ယောက်နဲ့ လက်ထပ်လိုက်ရင် ဘာဖြစ်သွားမလဲ၊ ဒါကြောင့် ခပ်ရင့်ရင့် စိမ်းပစ်လိုက်ရတာပဲ"

"ကောင်းမယ်ထင်သလိုသာလုပ်ပါ၊ ကျွန်တော့်အနေနဲ့ ကိုယ်ပိုင်လုပ်ငန်းပဲထူထောင်နိုင်ဖို့ ကြိုးစားတော့မယ်၊ MD ဗီဗီ ရှေ့အဆင့်ကို ကြို တွေးပြီး ရင်မလေးမနေပါနဲ့တော့၊ ရည်းစားစကားပြောမယ့်စိတ်ကူးတွေ ခေါက်ချိုးခြေမွလိုက်ပါပြီ. . . တာ့တာ"

www.burmeseclassic.com

## အခန်း (၂၇)

ခင်သဇင့်ကို စိုးထိုက်ဝင်းလက်က ကျွန်တော်ကယ်တင်လိုက်နိုင်လို့ ခင်သဇင်တစ်ယောက် ကျွန်တော့်ကို ခါးခါးသီးသီး ရင့်ရင့်စိမ်းစိမ်း မဆက်ဆံတော့။ မိတ်ဆွေအဆင့်ခေါ်ပြောမေးထူးလေး ဆက်ဆံလာတယ်။

"မင်းနဲ့ကိုယ်နဲ့ ရှေးရေစက်တကယ်ရှိတယ်။ မလွှတ်ဘူး။ MD လှစုကျော့ကို မင်းသိမလားမသိဘူး"

ခင်သဇင်က တိုးတိုးဖွဖွရေရွတ်ကြည့်တယ်။ လှစုကျော့ရဲ့နာမည်ကိုပေါ့။ ပြီးတော့မှ . . .

"အရင်းနှီးကြီးမဟုတ်ပါဘူး။ တစ်ခါ နှစ်ခါဆုံဖူးတယ်၊ ဘာဖြစ်လို့လဲ လုလင်"

ပြဿနာတစ်ခုကို ရင်ထဲမျိုသိပ်မထားနိုင်တာမို့ ကျွန်တော် ပွင့်အန်ချပစ်လိုက်မိတယ်။ ကျွန်တော့်စကားဆုံးတော့ ခင်သဇင် . . .

"ဘုရားရေ. . . သူ ဘာကြောင့် ကျွန်မကို ဒီလောက်တောင်လုပ်

www.burmeseclassic.com



ကြံရတာလဲ၊ အို. . . မဖြစ်ဘူး. . . မဖြစ်ဘူး. . . ဒီကိစ္စမျိုးက လူချင်းတွေဆိုင်ပြီး ပြောင်ရှင်းတာကောင်းတယ်၊ ဒေါ်ဒန်ရှည်နေထဲ့ရွာကိုလဲ သိတယ်။ ကျွန်မ လူကြုံလွှတ်ပြီး အမြန်ခေါ်နိုင်းပြီးရှင်းရမယ်"

"ဒါဆို လှစုကျော့ပြောသလို ခင်သဇင်က ဟယ်ရီပေါ်တာရဲ့. . ."

ကျွန်တော်ပြောမထွက်လို့ တန်းလန်းကြီးဖြစ်နေတယ်။ ခင်သဇင်က အံလေးကြိတ်ပြီး . . .

"ရှင်နဲ့သူက ဘယ်လိုပတ်သက်သလဲ"

"အလုပ်ရှင်နဲ့အလုပ်သမားသဘောပဲဆိုပါတော့"

"နောက်ထပ် ဘယ်လိုပတ်သက်သေးသလဲ၊ မညာနဲ့၊ အမှန်အတိုင်းဖြေနော်"

". . ."

ကျွန်တော် တုံးဗိုဘာဝေလုပ်နေလိုက်တယ်။

ခင်သဇင်က . . .

"ကျွန်မထင်တယ်၊ ရှင့်ကို သူသဘောကျနေပြီနဲ့တူတယ်၊ ဒါကြောင့်မို့ ရှင်နဲ့ကျွန်မတွဲပြသလိုဖြစ်သွားတော့ သူ့ရင်ထဲမှာ မနာလို စိတ်တွေပေါက်ကွဲပြီး ရှင်နဲ့ကျွန်မကြားမှာ ပြဿနာထုပ်ချပေးလိုက်တာပဲ၊ ကျွန်မက မိန်းမချင်းဆိုတော့ ဒီလို အဖွဲ့တွေမျိုးကို နောကြေနေပါပြီ"

"သဘောကျနေတယ်လို့တော့ ကိုယ်လဲထင်တယ်၊ မျက်လုံးချင်း စကားပြောနေခဲ့တာကြာပါပြီ၊ အင်း. . . လက်ရှိအခြေအနေမှာတော့ လှစုကျော့ သိပ်ကိုပေါက်ကွဲပြင်းထန်နေလို့ အချစ်ဇောနဲ့ မနာလိုခဲ့ရတာကြောင့် နာလိုခံချက်တွေ ပြန်ပြောနေတာမှ ဟုတ်ရဲ့လားလို့တောင် သံသယဝင်မိတယ်၊ တကယ့်တုံးပြတ်ကြီးကို နှိပ်စက်မောင်းထုတ်နေတော့တာပဲ"

"ဟင်းဟင်းဟင်း. . . မိန်းမတွေရဲ့အတွင်းစိတ်သဘောကို ရှင်မစောကြောတတ်သေးပါဘူး။ အတွင်းသဘောက ဘယ်တော့မညီဘူး။

www.burmeseclassic.com



အောင်အေလေလိုပဲ။ ပြောင်းလဲတိုက်ခတ်နှုန်းမြန်တယ်၊ လူ့စကျော့လို့အပျိုကြီး မမတွေက ဗိုဟောင်းဆိုးကြသေးတယ်၊ ရှင့်ကို လူစုကျော့က အတည်တေး တောလဲဖြစ်ချင်ဖြစ်မယ်"

"ဘာ. . . ဘာ. . . ဘာ. . . မြတ်စွာဘုရား. . . ဒီနားနဲ့ကြားတာမှ ဟုတ်ရဲ့လား"

BURMESE CLASSIC

ပြောပြီး ကျွန်တော် မချိသွားဖြဲ့မလုပ်တော့ဘူး။ ရင်ထဲမချိပေမယ့် ထိထိမိမိကြီးကို ရယ်ချပစ်လိုက်တယ်။ ဒါကို ခင်သဇင်က . . .

"ရယ်ထား. . . ရယ်ထား. . . ရယ်လွန်းရင် ငိုရတတ်တယ်တဲ့၊ ရှင် မကြာခင်ငိုရတော့မှာပါ လုလင်"

♡ ♡ ♡

www.burmeseclassic.com

## အခန်း (၂၈)

မြကျွန်းသာပန်းခြံထဲက ရဟာတ်ကြီးနားကမြက်ခင်းအစပ်မှာ လေးပွင့်ဆိုင်ဖြေရှင်းရေးလုပ်ကြရတယ်။ သက်သေအဓိကလူဖြစ်တဲ့ ဒေါ်ဒန်ရှင်ရယ်၊ လှစုကျော့ရယ်၊ ခင်သဇင်ရယ်၊ ကျွန်တော်ရယ်ပေါ့။ ဖြေရှင်းပွဲမစမီ နောက်ထပ်ရောက်လာတဲ့အထူးဧည့်သည်တော်(၂)ယောက်ကတော့ ကိုကိုကျော်နဲ့ ပေရယ်တို့စုံတွဲပေါ့။ လှစုကျော့က . . .

"ဒီမယ် ကိုကိုကျော်၊ ယောကျ်ားဖြစ်ပြီး အောက်တန်းကျတဲ့ လုပ်ကြံစကားတွေနဲ့ ဘာဖြစ်လို့ ကျွန်မကို အသရေဖျက်ရတာလဲ၊ ရှင်နဲ့ ကျွန်မ ငြိစွန်းဖို့မပြောနဲ့၊ ကျွန်မလက်ကိုတောင် ရှင်ကိုင်ခွင့်ရခဲ့ဖူးလို့လား။ ရှင့်မဟုတ်တမ်းတရား လုပ်ကြံ နေဦးမယ်ဆိုရင် ဥပဒေအရ ထိထိရောက်ရောက် အရေးယူနိုင်အောင်ဆောင်ရွက်မယ်၊ နှမသားချင်းကိုယ်ချင်းမစာနာ ကျွန်မကိုများ ကလေးအမေအစစ်အမှန်လိုလို ဘာလိုလို လုပ်ကြံပြောတာ မိုက်ရိုင်းလွန်းတယ်၊ သတ္တဝါ အရိုင်းအစိုင်းထက်တောင် ယုတ်မာဆိုးသွမ်းတဲ့လူယုတ်မာ"

www.burmeseclassic.com



"ဟင်. . . ရှင်ဒီလောက်တောင် ကိုကိုကျော်ကို မပြောသင့်ဘူး"

ပေရယ်ကဝင်ပြောတော့ ကိုကိုကျော်က ဟန့်တားလိုက်တယ်။

"ပြောပါစေပေရယ်၊ ကိုယ်မှားခဲ့တာပဲ၊ အဲ့ဒီအမှားကို ဝန်ခံချင်လို့ရောက်လာတာပဲ၊ လုလင်ဖိတ်ကမ်းသလို စာရင်းရှင်းပွဲမှာ စိန်ခေါ်ရင် ဘွာမခတ်ကြေးလုပ်ချင်လို့ ရောက်လာတာမဟုတ်ပါဘူး၊ အဲဒီလို လုပ်ကြံလိမ်ညာပြောမိလို့ ပေရယ်ရဲ့ ဖြူစင်စောင်းမြောင်းမှုကို နေ့စဉ်ခံနေရတယ်၊ ပေရယ့်အတွက်ပါ စိတ်ဒဏ်ရာရစေတဲ့ကိစ္စကြီးပါ၊ ပေရယ်ကို ကျွန်တော် တကယ်ချစ်မြတ်နိုးနေပြီ၊ ပေရယ်ကို လုစကျော့နဲ့ပတ်သက်ပြီး ဂုဏ်သိက္ခာချိုးဖဲ့သလို လုပ်ကြံပြောမိခဲ့တာပါလို့ အကြိမ်ကြိမ်ရှင်းပြလည်း ပေရယ်ကမရဘူး၊ ကျွန်တော့်ကို လူပျိုစစ်စစ်ပဲဖြစ်စေချင်တယ်၊ အခုတော့ ပေရယ်ဖြစ်စေချင်သလို ကျွန်တော် လူပျိုအစစ်ပါလို့ သက်သေပြလို့ရပြီ၊ လုပ်ကြံပြောခဲ့တဲ့ကားဆိုတာလဲ ထင်ရှားအောင် သက်သေပြလို့ရပြီ၊ လုစကျော့ကို ကိုယ်လုပ်ကြံလိမ်ညာပြီး စကားအနိုင်ရအောင်လုပ်မိခဲ့တယ်၊ တကယ်တော့ ကိုယ်နဲ့လုစကျော့ဟာ ရည်းစားသာဖြစ်ခဲ့ဖူးတယ်၊ လက်ကလေးတောင် ကိုင်ခွင့်မရခဲ့ပါဘူး၊ ဒါကြောင့် ငြိစွန်းတယ်ဆိုတဲ့ကိစ္စဟာ လုံးဝမဟုတ်ပါဘူး။ ကလေးမွေးတယ်ဆိုတာကလဲ. . ."

ကိုကိုကျော် နှုတ်ဆိုင်းသွားတယ်။ လုစကျော့က . . .

"အဲ့ဒီကလေးဟာ မွေးစားထားတဲ့ကလေး။ ဟော့ဒီဒေါ်ဒန်ရှည်ဆီကရတာ၊ မေးကြည့်လို့ရတယ်၊ ဒေါ်ဒန်ရှည်ပြောပြလိုက်ပါ"

ဒေါ်ဒန်ရှည်က ကျေးရွာသူလုံမယ်ကြီးပီပီ အားတုံ့အားနာဟန်ကြီးနဲ့. . .

"ဟုတ်ပါတယ်ကွယ်၊ ဟော့ဒီမမလေးလုစကျော့က မွေးစားချင်တယ်ဆိုလို့ မွေးစားဖို့ပေးအပ်ခဲ့တာပါ၊ အမွေစားအမွေခံနဲ့ပါ၊ ဒီကလေးကို ပထမဦးဆုံးမွေးစားဖို့ မသဇင်က ပြောပါသေးတယ်၊ မသဇင်ရဲ့မိဘ

www.burmeseclassic.com



တွေက လက်မခံလို့ အပျိုလေးတန်မဲ့ ကလေးမွေးစားဖို့မဖြစ်နိုင်တာနဲ့ မသဇင်ကိုယ်တိုင်ပဲ ကလေးကို တစ်သက်တာစောင့်ရှောက်နိုင်မယ့် နောက် လူရှာပေးခဲ့တယ်၊ မမလေးလှစုကျော့နဲ့ ကျွန်မနဲ့တွေ့ပြီး အလုပ်ဖြစ်တယ် ဆိုတော့ မသဇင်ကိုယ်တိုင်ပဲ မမလေးလှစုကျော့လက်ထဲကို လိုက်အပ်ပေး ခဲ့တာပါ"

ဒေါ်ဒန်ရှည်က အာခြောက်သွားလို့ တံတွေးစိုအောင် နှုတ်ခမ်း တွေကိုလျှာနဲ့သိမ်းသပ်လိုက်တယ်။ ခင်သဇင်က . . .

"ကျွန်မက မလှစုကျော့ဆီ ကလေးကိုပေးပြီး ဘာအပိုစကားမှ မပြောမိခဲ့ဘူး။ အဲ့ဒါ ကျွန်မလဲ ကွယ်ရော ဒေါ်ဒန်ရှည်က မလှစုကျော့ ကို လုပ်ကြံဆွဲဆောင်တဲ့စကားနဲ့ အယုံထပ်သွင်းတယ်၊ ခုန ကိုယ်တိုင်လာ အပ်ပြီး ဆင်းသွားတဲ့ခင်သဇင်ဆိုတာ ဒီကလေးရဲ့မိခင်ပဲ၊ မျိုးရိုးကောင်း ပါတယ်၊ အကြောင်းမလှလို့ မွေးလို့မဖြစ်တာနဲ့ ဒီလို စိတ်ချရတဲ့ဆီမှာ မိခင်ကိုယ်တိုင် လာအပ်သွားတာပါလို့ လှည့်ပြောလိုက်တယ်၊ အဲ့ဒီမှာတင် ဒီကလေးကို ကျွန်မရဲ့ရင်သွေးလို့ မလှစုကျော့က ထင်သွားခဲ့တာပါ၊ ကျွန်မ ပြောပြတာ အားလုံးဟုတ်မဟုတ်ကို ဒေါ်ဒန်ရှည် အဖြစ်မှန်အတိုင်း ဝန်ခံ ရှင်းပြပါ၊ ဒီလိုမှမလုပ်ရင် ကျွန်မကလဲ အသေရေဖျက်မှုနဲ့ ဒေါ်ဒန်ရှည် ကို တရားပြန်စွဲရလိမ့်မယ်"

ဒေါ်ဒန်ရှည် တွန့်ခနဲဖြစ်သွားတယ်။ မျက်စိမျက်နှာပျက်ပျက်နဲ့ . . .

"မသဇင်ပြောတာ အားလုံးအမှန်တွေပါပဲရှင်၊ မမလေးလှစုကျော့ မွေးစားထားတဲ့ ဟယ်ရီကျော်စွာဆိုတဲ့ ကျွန်မတို့ခေါ်ကြတာက ဖိုးကံကောင်း လေးပေါ့၊ အဲ့ဒီ ကလေးဟာ မသဇင်ရဲ့ကလေးမဟုတ်ရပါဘူး။ ဒီကလေးကို မမလေးလှစုကျော့ ဂရုပိုစိုက်စေချင်လို့ ကျွန်မလိမ်ညာပြောခဲ့မိတာ တောင်း ပန်ပါတယ်"

www.burmeseclassic.com



ကျွန်တော်က ငြိမ်နားထောင်နေရာက ကြားဖြတ်ပြီး . . .

"ကိုကိုကျော်နဲ့ ဒေါ်ဒန်ရှည်တို့ လုပ်ကြံလိမ်လည်ပြောလိုက်တဲ့ ကိစ္စဒီလောက်ပြဿနာတက်ခဲ့ရတယ်၊ MD လူစုကျော့နဲ့ ခင်သဇင်တို့လဲ တစ်ဦးကိုတစ်ဦး အထင်အမြင်လွဲမှားကုန်တယ်၊ ကျွန်တော်ကိုယ်တိုင်လည်း MD အပေါ် အထင်လွဲကုန်တယ်၊ MD ရော ခင်သဇင်ပါ သူတို့(၂)ယောက်ကို ကြိုက်သလိုလုပ်လို့ရနေပါပြီ။

MD လူစုကျော့က ကိုကိုကျော်ကို ထက်ရှရှကြည့်လိုက်တယ်။

"နောက်တစ်ခါ ဒါမျိုးလုံးဝမဖြစ်ပါစေနဲ့၊ အကောင်းဆုံးကတော့ လုံးဝမပတ်သက်ပါနဲ့၊ ဒေါ်ဒန်ရှည်လဲဒီလိုပဲ"

ကိုကိုကျော် ခေါင်းတဆတ်ဆတ်လုပ်ပြတယ်။ လူစုကျော့ကပြောပြီး ကန်ရေပြင်ဖက်ကို မျက်နှာလွှဲနေလိုက်တယ်။

ခင်သဇင်က . . .

"ဒေါ်ဒန်ရှည် . . . ဒီလိုလုပ်ကြံပြောခဲ့တာ ကျွန်မကို အညွန့်ချိုးတာနဲ့အတူတူပဲ၊ နောက်တစ်ခါ ဒီလိုမျိုးကြားရင်တော့ ရှင့်ကို ကျွန်မကိုယ်တိုင်သတ်ပစ်မယ်၊ ရှင့်ဇာတိနေရာကို ကျွန်မသိလို့ အချိန်မရွေး လှမ်းခေါ်နိုင်တယ်၊ မလာရင်လဲ သက်ဆိုင်ရာတွေခေါ်လာပြီး ဥပဒေအရ စီရင်ဖို့ လာခေါ်နိုင်တယ်၊ ဒါကိုမမေ့ပါနဲ့၊ သူများကိုလုပ်ကြံတယ်ဆိုတာ မျက်နှာမော့ပြီးတံတွေးထွေးရသလိုပဲ၊ ရှောင်ရမလွှယ်ရင် ကိုယ့်မျက်နှာပေါ် ကိုယ်ပြန်ကျပြီး ညစ်ပေကုန်လိမ့်မယ်၊ ဒါ နောက်ဆုံးဖြစ်ပစေနော်"

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မနောင်တရပါပြီ၊ ဒီကလေးဟာ မိဘမဲ့ကလေးပါ၊ ကျွန်မတို့ရွာက ဆင်းရဲသားလင်မယားရဲ့ကလေးပါ၊ မယားက မီးတွင်းထဲမှာတင်ဆုံးတယ်၊ လင်က သားဖွားဆရာမသွားခေါ်ရင်း ပိုးထိလို့ဆုံးတယ်၊ နိမိတ်မကောင်းတဲ့ကလေးဆိုပြီး ရွာက မမွေးစားချင်ကြဘူး။ မြို့တက်ပြီးရှာတော့ သူ့ဟာနဲ့သူ အဆင်ပြေချင်တဲ့လူလက်ထဲမှာ မွေးစား

www.burmeseclassic.com



ခံရတော့လဲ နိမိတ်နဲ့မဆိုင် စိတ်နဲ့ဆိုင်တဲ့ကာလေးဖြစ်သွားပြီ၊ ကောင်းတဲ့ကာလေးဖြစ်သွားပြီလေ"

အဲ့ဒီအချိန်မှာပဲ ကိုကိုကျော်နဲ့ပေရယ်တို့ တွတ်ထိုးပြီးတီးတိုးပြောဆိုကုန်ကြတယ်။ ခင်သဇင်ကို လှစုကျော့က . . .

"တို့မသိလို့ ပြောမှားဆိုမှားဖြစ်ခဲ့မိတာ အနူးအညွတ်တောင်းပန်ပါတယ် ခင်သဇင်"

"ရပါတယ်၊ ကျွန်မကငယ်ရွယ်သူပါ၊ ခွင့်လွှတ်တတ်ရမှာပေါ့။ ဘာပဲဖြစ်ဖြစ် လှလင်စိတ်ထဲရှင်းသွားရင် ကျွန်မကျေနပ်ပြီ၊ လှလင်ကို့ဆီလာဦးမှာပါ၊ ဒေါ်ဒန်ရှည်ကို အချိန်မှီသေးရင် သူ့ရွာပြန်ပို့ဖို့ စီစဉ်ပေးရဦးမယ်၊ မမှီရင်တော့ အိမ်မှာပဲ ညသိပ်လိုက်တော့မယ်"

"မသဇင်ရယ် ရွာမှာအလုပ်ပင်ပန်းလို့ ကျွန်မအတွက် အိမ်ဖော်လေးဘာလေး မစီစဉ်ပေးနိုင်ဘူးလား"

"လုပ်ချင်ရင် ကျွန်မတို့အိမ်မှာပဲလုပ်ပေါ့ ဒေါ်ဒန်ရှည်ရယ်၊ လှလင် . . . လာခဲ့နော်၊ ကျွန်မက အပျော်မကြိုက်တတ်ဘူး။ အရုံသဘောမျိုးမလုပ်တတ်ဘူး"

ခင်သဇင်က အထာလေးနဲ့ပြောပြီး ကြာကြည့်လေးကြည့်ကာ ဒေါ်ဒန်ရှည်ရဲ့လက်မောင်းကိုဆွဲကိုင်ပြီး ထွက်ခွာသွားတယ်။ ပေရယ်က အကဲခတ် နားစွင့်နေတယ်။ လှစုကျော့က . . .

"တို့ဟာ ဒီနေ့အထိ အပျိုစစ်ပဲဆိုတာ မင်းယုံပြီလား"

"ယုံပါပြီ"

အဲ့ဒီအချိန်မှာပဲ ကျွန်တော်ကြိုတင်စီစဉ်ခဲ့တဲ့အတိုင်း ပေရယ်ရဲ့အစ်ကိုနဲ့မောင် ရောက်လာတယ်။ ကိုကိုကျော်နဲ့ သဘောတူလို့မဖြစ်သွားပြသနာရှင်းပြီး ချိန်လောက်မှာ ကိုကိုကျော့်လက်ထဲက လာဆွဲခေါ်ဖို့ ကြိုမှာထားခဲ့တယ်၊ ကိုကိုကျော် ဒီပွဲကိုတက်လာရင် အနားမှာ အဖော်အကျွမ်း

www.burmeseclassic.com



ပေရယ်ကိုခေါ်လာမှာ အသေအချာပဲ။ ထင်ထားတဲ့အတိုင်း အချိန်ကိုက်ထားတာကအံ့ခ ကွက်တိဖြစ်နေတယ်။ ဖိုးဂျွန်က နှမအဝိုုနေ မောင်အဝိုကြိမ်းဖြစ်နေတဲ့မျက်နှာနဲ့ ပေရယ့်လက်ကို ဆောင့်ဆွဲခေါ်တယ်။

"လာစမ်း. . . အမိုက်မ. . . နင့်ကို အိမ်ကြမှသတ်မယ်"

"အို. . . အစ်ကို. . . မလုပ်ပါနဲ့၊ ပေရယ်တို့ချစ်ခြင်းကို မခွဲပါနဲ့"

"လာသေးဒယ်. . . သူက၊ ရုပ်ပြနဲ့ဝတ္ထုထဲကအတိုင်းပဲ၊ ငါတီးလိုက်ရ"

ကိုကိုကျော်က ပြာယာပြာယာနဲ့ အတင်းဝင်တောင်းပန်တယ်။

"မလုပ်ကြပါနဲ့ဗျာ၊ ကျွန်တော် ပေရယ့်ကို တကယ်ချစ်တာပါ၊ တကယ်ချစ်လို့လဲ ကျွန်တော့်မာနကိုချခြင်းပြီး အားလုံးကို အလျှော့ပေးဆက်ဆံခဲ့တာပါ၊ ပေရယ်နဲ့လက်ထက်ရဖို့ ကျွန်တော့်ဘာသာပြင်ဆင်ခဲ့တာတွေ အများကြီးပါပဲ၊ မကောင်းတဲ့အလုပ်မှန်သမျှ အားလုံးစွန့်ပစ်လိုက်တယ်၊ လေမလည်တော့ဘူး၊ မျက်နှာမများတော့ဘူး၊ အစားမပုန်းတော့ဘူး"

ကိုကိုကျော်ရဲ့ ခရားရေလွှတ် တဘွတ်ဘွတ်စကားတွေဆုံးအောင်တောင် မပြောလိုက်ရဘူး။ ဖိုးဝါခေါင်က ကိုကိုကျော်ရဲ့ဝမ်းဗိုက်ကို ဒူးပျံနဲ့ခုန်တိုက်ပစ်လိုက်တယ်။

"အွပ်" (ကိုကိုကျော် ဗိုက်နှိပ်ပြီး ဒူးညွတ်ကျသွားတယ်)

ဖိုးဝါးခေါင်က ကိုကိုကျော်ရဲ့ပါးကို သူ့လက်ဝါးနဲ့ပိတ်ပုတ်ရင်း. . .

"ခင်ဗျားအကြောင်းတွေ ကျုပ်တို့သိပြီးသား၊ ကျုပ်အစ်မကို ယုန်သူငယ်မှတ်ပြီး ကစားမနေနဲ့ကျားရေ့၊ ခင်ဗျားဘာပြောပြော ဆိတ်မလေလည့်တယ်လို့ပဲ သဘောထားတယ်၊ ခင်ဗျားကို ကျုပ်အစ်မနဲ့ သဘောလုံးဝမတူဘူး၊ အခုခွဲတယ်၊ နောက်နောင် လာနှောင့်ယှက်ရင် ခင်ဗျားကို တစ်စစီဖြစ်သွားအောင် လုပ်ပစ်မယ်၊ ကျုပ်အစ်မအတွက်ဆို ခင်ဗျားကို

www.burmeseclassic.com



လုပ်ဖို့ ကျုပ်တို့ရင်းရဲတယ်''

ကျွန်တော်က လက်လွှန်ကုန်မှာစိုးလို့ ဧပရယ့်ကိုသာ အရေးစိုက်ပြီးပြန်ခေါ်သွားခိုင်းလိုက်တယ်။ ဖိုးထွန်းရောဖိုးဝါခေါင်ရော ဧပရယ်ကို ချုပ်ဆွဲပြီး လူလစ်တဲ့နေရာမှာ နဘမ်တစ်ချက်စီပေးပြီး အိမ်ပြန်ခေါ်သွားကြတယ်။ ကိုကိုကျော်ခမျာမှာတော့ တရုတ်ကားထဲကလို မိုးနတ်မင်းကြီးကို တိုင်တည်ပြီး ကြဖန်ပူဆာနေပုံပဲ။ သူ့ချစ်သူပြန်ရောက်မလာမချင်း ဖူးထောက်နေမယ်ပေါ့လို့များ စိတ်ပိုင်းဖြတ်ထားလေရောသလား။ လှစုကျော့က ပန်းခြံမုခ်ဝကို ပြန်လျှောက်လာတော့ ကျွန်တော် အနားကကပ်လိုက်သွားမိတယ်။ လှစုကျော့က ကျွန်တော့်ကို ရိုစေနွမ်းလျအကြည့်နဲ့ကြည့်ရင်း. . .

''မင်း ဘာလို့ တို့နောက်ကိုလိုက်လာရတာလဲ''

''မမ. . . ကျွန်တော့်ကိုမချစ်ဘူးလား။ ကျွန်တော်ကတော့ မမကို အကြွင်းမဲ့ချစ်တယ်၊ ကျွန်တော်ပြောမိခဲ့တဲ့စကားတွေအတွက် အလေးအနက်တောင်းပန်ပါတယ်၊ ကျွန်တော့်ဘာသာ အိမ်ရဲ့မိသားစုလုပ်ငန်းကို ပြန်ဦးစီးတော့မယ်''

လှစုကျော့ လျှော့တိလျှော့ရဲလေးပြုံးလိုက်တယ်။

''မင်းဟာ ဘယ်ရယ်လို့ ခန့်မှန်းရခက်တဲ့ကောင်လေးပဲ၊ အဲ့ဒါကြောင့် မင်းကို တို့စိတ်ဝင်စားသွားမိတာဖြစ်လိမ့်မယ်၊ ဒါပေမဲ့ အခြေအနေချင်းကကျတော့ တို့ဦးနှောက်က မင်းကိုလက်မခံနိုင်လို့ ခပ်ပြင်းပြင်းငြင်းထုတ်ပစ်လိုက်တယ်၊ တို့အသဲနှလုံးက အဲ့ဒီငြင်းချက်ကို လက်မခံဘူး။ ခင်သဇင်နဲ့မင်းနဲ့ တွဲပြလိုက်တာကိုမြင်ရပြီး တို့ရင်ခုန်သံတွေ ကစဉ့်ကလျားဖြစ်ကုန်တယ်၊ မင်းကို ဘယ်လိုနည်းဘယ်လိုအခြေအနေနဲ့ဖြစ်ဖြစ် လက်ခံဖို့ တို့အသဲနှလုံးတွေက တောင်းဆိုနေကြတယ်၊ မထူးဆန်းဘူးလား၊ အဲ့ဒီ့နည်းနဲ့ တို့ရင်ထဲမှာ မင်းနေရာယူသွားတယ်''

www.burmeseclassic.com



ကျွန်တော် လှိုက်ခနဲဝမ်းသာသွားမိတယ်။ ထခုန်မိမတတ်ဖြစ်သွားတယ်။

"တို့အလုပ်ခွင်ပြန်ဝင်ရဦးမယ်၊ ခင်သဇင်က တို့ရင်ထဲဘာရှိတယ်ဆိုတာ သိနေသလိုပဲ၊ မင်းနဲ့ခင်သဇင်နဲ့က ဘယ်လိုလဲ၊ ခပ်ရှင်းရှင်းသိချင်တယ်"

"အဲ. . . အင်း. . . ခင်သဇင်က ဘယ်လိုလဲဆိုတော့ အဟဲ. . . အရုံသဘောမျိုးပေါ့၊ အဓိကက ဟော့ဒီက မမလှစုကျော့ပါ"

လှစုကျော့ရဲ့မျက်နှာပေါ်မှာ အရောင်အသွေးမျိုးစုံ ပြက်လက်သွားတယ်။ ကျွန်တော်ပြောခဲ့ အပြစ်တင်ခဲ့မိတာတွေအတွက် မမကို အားနာနေမိတယ်။

"မမ ကျွန်တော့်ကိုမမုန်းပါဘူးနော်"

"အင်းပေါ့. . . ဒါပေမဲ့ အခြေအနေအရ အပြောင်းအလဲရှိနိုင်တယ်နော်၊ အဲ့ဒါကိုတော့ မင်းသဘောပေါက် နားလည်ထားစေချင်တယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တဲ့ခဏ မမဟာ လေပွေလေးလို လွင့်မျောထွက်ခွာသွားတယ်။ ဘာရယ်လို့ တိတိပပယူဆလို့မရဘဲ တွေ့ခဲ့ကျွန်ရစ်ခဲ့ရတဲ့ ကျွန်တော်နဲ့ ဒူးထောက်ပြီး ခေါင်းငိုက်စိုက်ချရင်း ပထဝီကာသိုဏ်းရှုနေတဲ့ ကိုကိုကျော်တို့နှစ်ယောက်သာ ပျော်ပွဲရှင်ပွဲနေရာမှာ မပျော်ဘဲ ဆင်နွှဲပါဝင်နေမိကြတော့လေရဲ့။

www.burmeseclassic.com

## အခန်း (၂၉)

မမလှစုကျော့နဲ့တွေ့ပြီး တိကျတဲ့အဖြေကိုရယူဖို့ နောက်တစ်နေ့ မနက်မှာ မမတို့တိုက်ခန်းရှိရာကို ကော့နေအောင်ဝတ်စားပြီး ကျော့ကျော့ မော့မော့လေးရောက်သွားမိတယ်။ မမကို ဧည့်ခန်းမှာတင် အသင့်တွေ့ရ တယ်။ ကျွန်တော့်ကို ကောင်းမွန်စွာဧည့်ခံတွေ့ဆုံပါတယ်။

"တို့ . . . ပြည်ပခရီးသွားရတော့မယ် လုလင်၊ ခဏလေးမဟုတ် ဘူး။ ဟိုမှာ အစမ်းခန့်ရာထူးတိုးတာ ထမ်းဆောင်ရမှာ၊ ဒီလုပ်ငန်းစုရဲ့ ချဲ့ထွင်မှုအတိုင်း လိုက်ဆောင်ရွက်ပေးရမှာ၊ ဒီက သားလေးဟယ်ရီကျော်စွာ ရော သူ့ရဲ့အထိန်းတော်ပါ အပါခေါ်သွားတော့မှာ၊ ဒီညပိုင်း လေယာဉ်ထွက်မြစ် မယ်၊ ဒီမှာ လေယာဉ်လက်မှတ်သုံးစောင်"

လှစုကျော့ပြသတဲ့လက်မှတ်တွေကိုကြည့်ပြီး ကျွန်တော် ကြက် သေသေသွားမိတယ်။ အနီးကပ်ကြမ့် ဒေါက်ဖြုတ်ခံလိုက်ရတဲ့အဖြစ်။ ရင်

www.burmeseclassic.com



ဘဝကို လမ်းကြိတ်စက်နဲ့ တက်ဖိခံနေရသလိုပါပဲ။ အသက်တောင် ဝဝ မရှူနိုင်တော့ဘူး။ ယုံကြည်လို့မရတာနဲ့ ခေါင်းတခါခါလုပ်မိတယ်။ လှ စုကျော့က . . .

"တို့တကယ်ပြောနေတာ၊ ဒီလိုသွားဖို့ပြင်ဆင်ခဲ့တာ ကြာပါပြီ၊ တို့ကတော့ ဘဝရဲ့အမြင့်ဆုံးကိုပဲ ရောက်အောင်လှမ်းချင်တယ်၊ ချစ်တာ ပဓာနသဘောမထားနိုင်ဘူး၊ ချစ်ပေမယ့် အလွမ်းနဲ့ဖြေရကြတာပဲ ကောင်း ပါတယ်ချာတိတ်ရယ်၊ မင်းရဲ့အချစ်တွေကို အသိအမှတ်ပြုခဲ့ပါတယ်"

"မမရက်စက်တယ်ဗျာ၊ မမသွားပါနဲ့၊ မမဘဝ အမြင့်ဆုံးရောက် အောင် ကျွန်တော်စွမ်းဆောင်ပေးပါရစေ၊ ကျွန်တော့်ကိုယုံပါ၊ ချစ်တဲ့ အဓိပ္ပါယ်က ဒီလိုကွေကွင်းကွဲကွာဖို့မှမဟုတ်တာ၊ မသွားရဘူးဗျာ၊ မသွား ရဘူး"

ကျွန်တော့်သိစိတ်တွေမှောက်မှားပြီး မမတို့တိုက်ခန်းထဲမှာ ဘယ် လောက်အထိ သောင်းကျန်းမိသွားသလဲတော့မသိဘူး။ ဘေးနားကအခန်း မှာနေတဲ့လူတွေ လာဝိုင်းဆွဲပြီး ကျွန်တော့်ကို တိုက်ပြင်ဆွဲထုတ်ကြတယ်။ မမကိုယ်တိုင် တိုက်ခန်းတံခါးသံပန်းကို ဂျိမ်းခနဲဆွဲပိတ်သော့ခတ်တယ်။ ပန်းကနုတ်တွင်းကျွန်းတံခါးမကြီးကို "ဒိုင်း"ခနဲ ပိတ်ချလိုက်တယ်။ အဲ့ဒီ လိုနည်းနဲ့ ကျွန်တော်တို့ရဲ့သံယောဇဉ်ကြိုးတွေကို ဖြတ်တောက်ချလိုက် တယ်။ အရူးမီးဝိုင်းဝေဒနာနဲ့ ကျွန်တော် မမကို တမ်းတမ်းစွဲအော်ခေါ်နေမိတယ်။ ရပ်ကွက်ထဲကလူတွေက အမူးလွန်နေတဲ့သူမှတ်လို့ ကားငှားပြီး ကားပေါ် တင်ပေးလိုက်ကြတယ်။ ပါးစပ်စိုက်ပြီးတင်ပေးလိုက်တာ ကားခလေးတောင် စိုက်မပေးကြဘူး။ ကျွန်တော် အသဲကွဲအရူးကြီးတော့ ဆက်အဖြစ်မခံနိုင်

www.burmeseclassic.com



တော့။ ရင်ကွဲနာကျချင်တဲ့အခါ အခံရသက်သာအောင် အစားထိုးဖြေသိမ့်ရာရှာရတယ်လေ။ အရံတစ်ယောက်ရှိတယ်။ ဟုတ်တယ်။ ခင်သဇင်နဲ့ အစားထိုးပြီး ဖြေသိမ့်ရာရှာမယ်။

www.burmeseclassic.com

## အခန်း (၃၀)

"အမင်္ဂီးငိုး. . . ဟင်. . . ခင်. . . ခင်သဇင်. . . နင်. . . နင် ဘယ်လိုဖြစ်ပြီး. . . ကတုံးကြီး. . . အဲလေ. . . သီလရှင်ဝတ်သွားရတာလဲ"

"ဒီမနက်ပဲဝတ်ဖြစ်တာ ဒကာကြီး။ လောကီဘုံကိုစိတ်ကုန်လို့ ဆရာလေးရဲ့ဘွဲ့က မသုမေ္မာတဲ့"

"နတ်ပြည်ကဇရပ်အမည်ကြီးပါလား"

"အဲ့ဒါတွေက ပညတ်ချက်တွေပါ။ အရေးမကြီးပါဘူး။ အခု ဆရာလေး စစ်ကိုင်းတောင်ကို အိမ်သားတွေနဲ့သွားကြတော့မှာ၊ လမ်းထိပ်စတိုးကို မျက်နှာသုတ်ပဝါလာဝယ်ရင်းနဲ့ ဒကာလေးနဲ့တိုးရတာပဲ၊ ဒကာလေး ဘာပြောချင်လို့လဲ၊ ပြောစရာရှိတာကို တိုတိုတုတ်တုတ်ပြော၊ အိမ်ရှေ့မှာ ကားစောင့်နေပြီ"

ကျွန်တော့်ရင်ထဲ ဆယ်နေကဲနေရပြီပေါ့။ ယောကျ်ားရင့်မကြီးမို့ ငိုလို့လဲမရ၊ ရယ်လို့လဲမရ၊ ပြုံးရလည်းအခက်။ ဝင်သက်ထွက်သက်တွေ

www.burmeseclassic.com



ကမောက်ကမနဲ့။

"ဆရာလေးမသုမမွှာက ခဏာဝတ်တာမဟုတ်လားဟင်"

"မဟုတ်ဘူး ဒကာလေး။ တစ်သက်လုံးဝတ်တော့မှာ၊ လူဝတ်ကြောင်ကိုစိတ်ကုန်သွားပြီ၊ အချစ်တွေ အမုန်းတွေ သံယောဇဉ်တွေ လွမ်းတာဆွေးတာတွေဆိုတာ တကယ်တမ်းတွက်ကြည့်တော့ သောကအပူတွေ လောဘအပူတွေ မောဟအပူတွေ ဒေါသအပူတွေချည်းပဲ၊ ဒကာလေးလဲ တရားရှာတော့၊ ကဲ. . . ကဲ. . . ဆရာလေးကို ခွင့်ပြုပါဦး"

"ခင်သဇင်က သီလရှင်ဝတ် ကတုံးပြောင်ပြောင်လေးနဲ့ သင်္ကန်းတော်ရ သီလရှင်ကျောင်းထိုင်ကြီးလို တရွေ့ရွေ့လှမ်းထွက်သွားတယ်။

ကျွန်တော့်မှာတော့ ကယ်ကူရာမဲ့ပြီဆိုတဲ့အသိနဲ့ အပူတကာ့အပူသည်ကြီးလို ဖြစ်ကျန်ရစ်ပါပေါ့။ ဓာတုကလျာတောင်နတ်သျှင်သူ့ကြောင့် တရေးမှောင့်နိုင်ခဲ့သေးတာပဲ။ လုလင် သူ့ကြောင့် တရေးမှောင့်လိုက်ပါလား မသုမမွှာရယ်။ အရုံထားတာလဲ ပန်းကန်ပြားပျံဖြစ်ပြီး ကျွန်တော့်အနားက ပျံထွက်သွားလေပြီ။ သွားကြ. . . သွားကြ. . . ဒီကောင့်ကို ဘယ်အမြီးနဲ့ ပစ်ထားရက်ခဲ့ကြလေရော့သလဲ။ စိတ်နာစရာကောင်းတဲ့အဖြစ်။ ဘာအချစ်လဲ။ အချစ်ဆိုတာ အလကား။ အချစ်တွေကို ငါ တအားမုန်းတယ်။ ငါ့နှလုံးသားကို ဟက်ဟက်ပက်ပက်ကြီး အထီးကျန် ဆန်ဓေခဲ့တဲ့အချစ်။ အဲ့ဒီအချစ်ကို ဒီနေ့ကစပြီး ငါစစ်ကြေငြာလိုက်ပြီပော့။

www.burmeseclassic.com

## အခန်း (၃၁)

"သိပ်ခံစားနေရသလားလုလင်၊ ဟင်းဟင်းဟင်း. . . အပြန်အလှန်ပေါ့ဟာ၊ နင်က ငါနဲ့ကိုကိုကျော်ရဲ့ချစ်ခြင်းကို ခွဲခဲ့တယ်၊ ကိုကိုကျော် တစ်ယောက် သင်္ဘောပြန်မတက်ခင် ငါ့ကိုလက်ထပ်မလို့၊ အခု နင်ခွဲလိုက်လို့ ငါ့ကိုပြတ်စဲပြီး သင်္ဘောပြန်တက်သွားပြီလေ"

ကျွန်တော် စိတ်ညစ်ရှုပ်ထွေးနေလို့ ရပ်ကွက်ထဲကကန်ဘေးမှာ ငုတ်တုတ်ထိုင်နေတုန်း ပေရယ်ရောက်လာပြီး ခနဲ့တဲ့တဲ့စကားတွေ ဝက်မလေလည်သလိုပြောလာနေတယ်။

"ဘာတွေလဲဟာ. . . သွားစမ်းပါ. . . ငါညစ်နေတယ်နော်"

ပေရယ်က ခပ်ဟားဟားရယ်လိုက်ပြီး . . .

"ညစ်ရမယ်လေ၊ ညစ်ရအောင် ငါကစီရင်ဖန်တီးခဲ့တာပဲ၊ မလှစုကျော့နဲ့ မခင်သဇင်တို့ဆီကို ငါဖုန်းဆက်လိုက်တာပေါ့၊ ဟသ်ာတကိုပြန်ဖို့ နောက်ဆုံးကားပေါ်တက်ခါနီးမှာ ဒေါ်ဒန်ရှည်ကို ငွေတစ်သိန်းပေးပြီး ငါ

www.burmeseclassic.com



စည်းရုံးလိုက်တယ်၊ ဒေါ်ဒန်ရှည်က ငါတွက်ဆိုနိုင်းတဲ့အတိုင်း တွက်ဆိုပေး တော့တာပေါ့၊ ဟယ်ရီကျော်စွာဆိုတဲ့ကလေးဟာ လုလင်ရဲ့ကလေးပါ၊ လုလင် ဟာ သူတို့အိမ်မှာခေါ်ထားတဲ့ အိမ်ဖော်အပျိုကြီး မခင်မော်နဲ့ နှစ်ပါးသွား မိတယ်၊ မူးရူးနေပြီး အိမ်သားတွေမရှိတဲ့ညကပေါ့၊ အဲ့ဒီမှာတင် မခင်မော် မှာ ဘာညာဖြစ်တယ်၊ လူကြီးတွေသိတော့ မခင်မော်ကို တောပြန်နိုင်း တယ်၊ မခင်မော်က ရွာမပြန်ရဲပဲ ကားဂိတ်မှာယောင်လည်လည်ဖြစ်နေတော့ မြို့တက်ပြီး ဘုရားဖူးရာကရွာပြန်လာတဲ့ ဒေါ်ဒန်ရှည်နဲ့တိုးတယ်၊ ဒေါ်ဒန် ရှည့်ကို အကျိုးအကြောင်းပြောပြလို့ ဒေါ်ဒန်ရှည်က မခင်မော်ကို သူ့ရွာ ခေါ်သွားပြီး ဟယ်ရီကျော်စွာ(ခေါ်)ဖိုးကံကောင်းကို မွေးတယ်၊ လုလင်ဟာ လူပျိုမစစ်ဘူး၊ ကလေးအပေါ် တာဝန်ပျက်ကွက်တယ်၊ ဖခင်စိတ်မရှိဘူး ဘာညာနဲ့ နင့်နာအောင်လုပ်ကြဲဇာတ်လမ်းတွင်ပြီး ဒေါ်ဒန်ရှည်ကပါ မှိုက် ငိုသံလေးတွေနဲ့ ပြောပြလိုက်တော့ မလှစုကျော့ရော မခင်သဇင်ရော နှစ် ယောက်စလုံး ယုံသွားကြတယ်လေ၊ မပိုင်ဘူးလား။ ကိုကိုကျော့်ဆီကနေ လှစုကျော့ရဲ့ဖုန်းနံပါတ်ကိုရတယ်၊ ဒေါ်ဒန်ရှည်ဆီက ခင်သဇင်ရဲ့ဖုန်းနံပါတ် ကိုရတယ်၊ လုလင်ရှေ့မှာ ဒေါ်ဒန်ရှည်မပြောရဲလို့ နှုတ်ပိတ်နေတာပါ၊ ဒီ အကြောင်းကို လုလင်ရဲ့နှမဝမ်းကွဲ အတွင်းသိဖြစ်တဲ့ ဖေရယ်က ဖော် ကောင်လုပ်ရတာပါလို့ပြောလိုက်တော့ လုံးဝကို ပစ်ယုံသွားကြရော၊ ကဲ.. မပိုင်ဘူးလား။ မလှစုကျော့ကလဲ ပြည့်ပခရီးကို အမြန်ရက်ရွှေ့ပစ်လိုက်တယ်၊ ခင်သဇင်ကလဲ နင့်အပေါ်ထားချင်တဲ့မျှော်လင့်ချက်တွေ ပျက်ပြုန်းကြေမွ ပြီး စိတ်ညစ်ဆင်းရဲသွားလို့ သီလရှင်ဘဝကိုခံယူသွားတယ်၊ ငါရင်ကွဲရ သလို နင်လဲရင်ကွဲရပြီမဟုတ်လား လုလင်၊ အဲ့ဒါ ဝဋ်လိုက်တယ်လို့ခေါ်တယ် သိလား"

ကျွန်တော် ထိုင်နေရာက ဝုန်းခနဲမတ်တတ်ရပ်လိုက်မိတယ်။ တစ် ကိုယ်လုံး တုန်နေတယ်။ မထီမဲ့မြင်ဟန်နဲ့ရပ်နေတဲ့ ဖေရယ့်ကို ထက်

www.burmeseclassic.com



**ညှိုးခေါက်ခေါက်ထိုးရင်း . . .**

"ဩော် . . . လက်စသတ်တော့ လှစုကျော့ရော ခင်သဇင်ပါ တိုင်ပင်ထားသလို ငါ့အပေါ်ပြောင်းလဲသွားကြတာ နင့်ကြောင့်၊ နို့မို့ဆို တစ်ယောက်မဟုတ်တစ်ယောက်ကိုတော့ ငါကြိမ်းသေရမှာပဲ၊ နင်လုပ်လို့ ငါ ရင်ကွဲတာ၊ နင့်ကိုငါမကျေနပ်ဘူး။ အစုတ်ပလုတ် ဂုတ်စာမလေး တော် တော်အဆိပ်ပြင်းတဲ့ မြွေပောက်မ၊ နင့်အရေခွံကိုဆုပ်ပြီး နင့်အသားကို တောက်တောက်စင်းပြီး စွပ်ပြုတ်လုပ်သောက်ပစ်မယ်ဟေ့။

ကျွန်တော့်ရဲ့ပေါက်ကွဲသံစဉ်အဆုံးမှာ ပေရယ်တစ်ယောက် တဟီးဟီး တခစ်ခစ်နဲ့ ရေကန်ဘောင်ပေါ်တက်ပြေးတယ်။ ဘယ်ရ မလဲ . . . ကျွန်တော်လဲ ဒေါ်နဲ့မောနဲ့ အတင်းလိုက်ဖျင်းတာပေါ့။ ကန်တစ် ပတ်လည်ကို ပြေးနေတာ။ ပြေးပါစေ . . . ဒီဟာမလေးမောတော့မှ အမိ ဖမ်းပြီး လည်ပင်းကို တဂိဂိနဲ့အော်သွားအောင် ညှစ်ဖမ်းပစ်မယ်။

အမှန်တော့ ဒေါ်တွေမောတွေဇောကပ်ပြီး ကျွန်တော်သတိမေ့ နေခဲ့တာပါ။ ဒီဇင်ဘာအားကစားလတွေ၊ လွတ်လပ်ရေးအားကစားပွဲတွေ မှာ အပြေးပြိုင်ပွဲရှိတိုင်း မိပေရယ် နိုင်နေကြ။ ကိုယ်ကာယလှပအောင် မနက်တိုင်း သူငယ်ချင်းမတွေနဲ့ အပြေးလေ့ကျင့်၊ ကြိုးခုန်လေ့ကျင့်နေ ကြ။ ဒီလိုလေ့ကျင့်ထားပြီး အမောခံနိုင်တဲ့မိပေရယ်ကို ဘာလေ့ကျင့်မှုမှ မရှိဘဲ နင်းလိုက်နေရတဲ့ကျွန်တော့်မှာ ကန်တပတ်နဲ့တင် လျှာအတောင့် လိုက်ထွက်ပြီး အော်ဟစ်ကျိန်ဆဲ ကျန်နေရစ်ခဲ့ရလေတော့သတည်း။

ချစ်မျှားရှင်

၅